The **Commerce** Journal
စီးပွားရေးသတင်းဂျာနယ်
http://www.commercejournal.com.mm
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL . 18, NO . 15
တနင်္လာနေ့တိုင်းထုတ်ဝေသည်
April 9, 2018



## နှစ်သစ်ကူးအကြို နှုတ်ခွန်းဆက်လွှာ

မြန်မာတို့၏ နှစ်သစ်ကူးအခါသမယသို့ မကြာမီ ရောက်ရှိတော့မည်ဖြစ်ပါသည်။ မင်္ဂလာအပေါင်းနှင့် ခညောင်းလျက်ရှိသော နှစ်သစ်ကူးအခါသမယတွင် ကောမတ်စ်ဂျာနယ်၏ စာဖတ်ပရိသတ်အပါအဝင် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများနှင့် ကမ္ဘာသူ၊ ကမ္ဘာသားအားလုံး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ကောမတ်စ်ဂျာနယ်အဖွဲ့သားများက ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

အယ်ဒီတာအဖွဲ့

# ပြည်ပဈေးကွက် အလားအလာကောင်းသည့် ပြောင်း

စာမျက်နှာ - ၁၂ ➢



## တရုတ်ဝယ်လက်များ မကွေးတိုင်းဒေသကြီး၏ ပိုးသတ်ဆေးဓာတုလွတ် သဘာဝဓာတ်မြေသြဇာသုံးသည့် လျှော်ဖြူစေးအား နှစ်သက်

စာမျက်နှာ - ၁၅ ➢

## လိုက်နာဆောင်ရွက်ခြင်းဖြင့် သရက်သီးဈေးကွက် ထိန်းသိမ်းကြပါစို့

စာမျက်နှာ - ၁၅ ➢

## မြန်မာနိုင်ငံမှ မလေးရှားနိုင်ငံသို့ တင်ပို့လျက်ရှိသော စားသောက်ကုန်များ မလေးရှားနိုင်ငံ၏ Food Act 1983 နှင့် Food Regulation 1985 တို့နှင့်အညီ လိုက်နာတင်ပို့ရန်လိုအပ်နေ

စာမျက်နှာ - ၁၅ ➢






အကောင်းဆုံး စားဖွယ်တိုင်းအတွက် အရသာအရှိဆုံး ဆုတံဆိပ်ရ နေကြာဆီ
SUNAR
ITQI
Superior Taste Award
(BELGIUM)
City Mart Supermarket များတွင်
၅လီတာ တစ်ဗူး ဝယ်သူတိုင်း
မေတ္တာလက်ဆောင်
(၂၉.၃.၂၀၁၈)
မှ
(၁၁.၄.၂၀၁၈) ထိ
NON-GMO
100 % Pure European Premium Sunflower Oil
No Cholesterol No Aflatoxin
SUNAR Sunflower Oil
5 LITERS
SM Co.,Ltd. Southern Myanmar Company Limited
www.facebook.com/SunarForMyanmar




အောင်သစ္စာဦးအာမခံကုမ္ပဏီလီမိတက်
"အမေရိကန်ဒေါ်လာဖြင့်လည်း လက်ခံဆောင်ရွက်ပေးနေပါသည်"
Hot Line Number - 09-450 450 561, 09-450 450 562, 09-450 450 563
"ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"
မီးအာမခံ
အလုံးစုံမော်တော်ယာဉ်အာမခံ
ပြည်သူပြည်သားအသက်အာမခံ
တောင်သူလယ်သမားအသက်အာမခံ
မြေအန္တရာယ်အာမခံ
ရေယာဉ်ကိုယ်ထည်အာမခံ
ရေကြောင်းကုန်ပစ္စည်းအာမခံ
အားကစားသမားများ ကိုယ်အင်္ဂါထိခိုက်မှု အာမခံ
ပြည်ပရေကြောင်းပို့ကုန်အာမခံ
ငွေပို့ငွေသယ်အာမခံ
ငွေသားလုံခြုံမှုအာမခံ
သမာဓိအာမခံ
အထူးခရီးသွားအာမခံ
ကျန်းမာရေးအာမခံ
ခရီးသွားအာမခံ
ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
စုပေါင်းအသက်အာမခံ
Email - aungthitsaooins@gmail.com
www.facebook.com/aungthitsaooinsurance
မန္တလေးရုံးခွဲ
ရန်ကုန်ရုံးချုပ် - Union Financial Center (UFC)
မကွေးရုံးခွဲ

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဂျပန်-မြန်မာချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌဖြစ်သူ Mr. Hideo WATANABE ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ဧပြီလ ၆ ရက် ၁၂:၀၀ နာရီတွင် ဂျပန်နိုင်ငံ အထက်လွှတ်တော်အမတ်ဟောင်းနှင့် ဂျပန်-မြန်မာချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌဖြစ်သူ Mr. Hideo WATANABE ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဧည့်ခန်းမ(၁) ၌ လက်ခံတွေ့ဆုံခဲ့ပြီး မြန်မာ-ဂျပန် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေးကိစ္စရပ်များ၊ SMEs ကဏ္ဍဆိုင်ရာ ကိစ္စရပ်များကို အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC (IR)**



## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်သော ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ဧပြီ ၆ ရက် ၀၉:၃၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည့် ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားပြီး ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြန်မာဘက်မှ ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် လမ်း၊ ဆက်သွယ်ရေး၊ လျှပ်စစ်နှင့်ရေရရှိရေး၊ ကျောက်ဖြူ ရေနက်ဆိပ်ကမ်းစီမံကိန်း အကောင်အထည်ဖော်ရေးတို့နှင့်စပ်လျဉ်း၍ လိုအပ်သည်များအား သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**MOC (IR)**

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်နိုင်ငံ ရှင်းကျန်းပြည်နယ်သို့ သွားရောက်၍ တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆွေးနွေး

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၂ ရက်မှ ၁၀ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှင်းကျန်းပြည်နယ်သို့ တရုတ်-မြန်မာ နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လေ့လာရေးခရီး သွားရောက်လျက်ရှိသည်။

ဒုတိယဝန်ကြီး ဦးဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် ဧပြီလ ၄ ရက်တွင် မြန်မာ-တရုတ် နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဒေသတည်ဆောက်မှုအား လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်ရန်အတွက် ရှင်းကျန်းပြည်နယ် ဟော်ကိုစစ် Khorgos နယ်စပ်ကုန်သွယ်ရေးဇုန်တွင် ပထမအကြိမ် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးပွဲတွင် တရုတ်-ကာဇက်စတန် နှစ်နိုင်ငံစီးပွားရေးဇုန်ထူထောင်မှုနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ မြန်မာ-တရုတ် နယ်စပ်စီးပွားရေးဇုန်စီမံကိန်း တည်ဆောက်ရေးဆိုင်ရာ ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။

ယခုခရီးစဉ်သည် မြန်မာ-တရုတ်နယ်စပ်ဒေသ စီးပွားရေးဇုန် တိုးမြှင့်ထူထောင်ရေးအတွက် တရုတ်-ကာဇက်စတန် နယ်စပ်စီးပွားရေးဇုန်စီမံကိန်းလုပ်ငန်းများကို ပထမဆုံးအကြိမ် သွားရောက်လေ့လာခြင်းဖြစ်ပြီး မြန်မာကိုယ်စားလှယ်အဖွဲ့တွင် စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သည့် အစိုးရအဆင့်မြင့် အရာရှိကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများနှင့် ပုဂ္ဂလိကကဏ္ဍ အဖွဲ့အစည်းများမှတာဝန်ရှိသူများလိုက်ပါခဲ့ကြောင်း သိရသည်။ **MOC (IR)**

## မဟာသင်္ကြန် နှစ်သစ်ကူးကာလ ကောမတ်စ်ဂျာနယ် တစ်ပတ်နားမည်

မြန်မာ့ရိုးရာ အစဉ်အလာပွဲတော်ဖြစ်သည့် မဟာသင်္ကြန်နှစ်သစ်ကူးကာလဖြစ်သော ဧပြီ (၁၆) ရက်တွင်ထုတ်ဝေမည့် ကောမတ်စ်ဂျာနယ်အား တစ်ပတ်ရပ်နားမည်ဖြစ်ပြီး အတွဲ(၁၈) အမှတ်(၁၆)ကို ဧပြီ (၂၃) ရက်တွင် ပြန်လည်ထုတ်ဝေမည်ဖြစ်ကြောင်း ကောမတ်စ်ဂျာနယ် ပရိသတ်များအား လေးစားစွာ အသိပေးအပ်ပါသည်။

**အယ်ဒီတာအဖွဲ့**

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
ကြည်မာ

**တာဝန်ခံစာတည်း**
-

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**စာတည်းအဖွဲ့**
ကြည်သာသစ်နိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မှန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဧခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ကျိန်သုံ့နွမ်း

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၇၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၂၅၃၀၂၈

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်

**ကွန်ပျူတာ**
ပြည့်ဟိန်းဇော်
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ဒီတစ်ပတ် မူဆယ်သို့ ဆန်အဝင်တန်ချိန် နှစ်သောင်းကျော်ရှိ

ယခုတစ်ပတ်ရန်ကုန်ဆန်စျေးကွက်မှာ ဆန်အဝင်ပုံမှန်ရှိတဲ့ ဆန်ချောများစျေးငြိမ်နေသော်လည်း ဆန်အဝင်နည်းတဲ့ ကျားပျံပေါ် ဆန်းစျေးတက်ကြောင်း၊ ဆန်အဝင်ပုံမှန်ရှိသော်လည်း အဝယ်အေးသွားတဲ့ ဆန်ကြမ်းအချို့စျေးတက်ကြောင်း ဝါးတန်းဆန်ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။ ကုန်စည်ဒိုင်ရဲ့ ဆန်လက်ကားစျေးနှုန်းများအရ ဖျာပုံပေါ် ဆန်းဆန်ထိပ်စတစ်အိတ် ကျပ် ၃၆၀၀၀နဲ့ လတ်စတစ်အိတ် ကျပ်၃၅၀၀၀၊ ပုသိမ်/မြောင်းမြပေါ် ဆန်းဆန်ထိပ်စတစ်အိတ် ကျပ် ၄၆၀၀၀နဲ့ လတ်စတစ်အိတ် ကျပ် ၄၄၀၀၀၊ နယ်စုံကျိုက်လတ်ထိပ်စတစ်အိတ်ကျပ် ၃၅၀၀၀နဲ့ လတ်စတစ်အိတ် ကျပ် ၃၄၀၀၀၊ ရွှေဘိုပေါ် ဆန်းဆန်တစ်အိတ် ကျပ် ၅၃၀၀၀မှ ကျပ် ၅၅၀၀၀၊ ပေါ်ဆန်းအသစ်ရှယ်တစ်အိတ် ကျပ် ၃၄၀၀၀မှ ကျပ် ၃၅၀၀၀ ဖြစ်ပြီး စျေးငြိမ်နေပါတယ်။ ကျားပျံပေါ် ဆန်း(ရှယ်)တစ်အိတ် ကျပ် ၄၀၀၀၀မှ ကျပ် ၄၃၀၀၀ရှိပြီး ကုန်စည်ဒိုင်ကို အဝင်နည်းတဲ့အတွက် တစ်အိတ်ကို ကျပ် ၂၀၀၀ခန့် စျေးတက်ကြောင်း သိရပါတယ်။

ဆန်ကြမ်းမိုးသုခနဲ့အကြမ်းသစ်က စျေးငြိမ်နေပြီး မိုးသုခတစ်အိတ်ကို ကျပ် ၂၄၅၀၀မှ ကျပ် ၂၆၀၀၀၊ အကြမ်းသစ်က တစ်အိတ်ကို ကျပ် ၂၂၇၀၀မှကျပ် ၂၃၀၀၀ဖြစ်ပါတယ်။ တရုတ်ဘက်ကအဆွဲများတဲ့ ဧည့်မထ၊ ရက် ၉၀နဲ့ သီးထပ်ရှယ်ဆန်များကတော့ သကြ္ကန်နားနီးတဲ့အတွက် အဝယ်လျော့သွားတာကြောင့် စျေးကျသွားတယ်လို့သိရပါတယ်။ ဧည့်မထ ၂၅ မှတ်ဆန်တစ်အိတ် ကျပ် ၂၀၀၀၀မှ ကျပ် ၂၀၃၀၀၊ရက် ၉၀ဆန် တစ်အိတ် ကျပ် ၂၂၀၀၀မှ ကျပ် ၂၂၅၀၀၊ သီးထပ်ရှယ်တစ်အိတ် ကျပ် ၂၁၅၀၀မှ ကျပ် ၂၁၇၀၀ဖြစ်ပြီး တစ်အိတ်ကို ကျပ် ၅၀၀ ခန့်စျေးကျကြောင်း ဝါးတန်းဆန်စျေးကွက်မှ သိရပါတယ်။

ယခုတစ်ပတ် မူဆယ်ဆန်စျေးကွက်မှာ ဧည့်မထမှော်ဘီနဲ့ စူပါစျေးကျပြီး သုခဆန် အနည်းငယ်စျေးတက်ကြောင်းသိရပါတယ်။ဧည့်မထ ရက် ၉၀ တစ်အိတ် ၁၃၇ ယွမ်မှ ယွမ် ၁၄၀၊ ဧည့်မထ ၅မှတ် မှော်ဘီ တစ်အိတ် ၁၃၄ ယွမ်မှ ၁၃၅ ယွမ်၊ ဧည့်မထ ၁၀မှတ် မှော်ဘီ တစ်အိတ် ၁၃၁ ယွမ်မှ ၁၃၂ ယွမ်၊ ဧည့်မထ ၁၀မှတ် စူပါ တစ်အိတ် ၁၃၃ ယွမ်မှ ၁၃၅ ယွမ်ရှိပြီး တစ်အိတ်ကို ၅ ယွမ်ခန့်အထိ စျေးကျကြောင်း သိရပါတယ်။ ဧည့်မထ မှော်ဘီနဲ့ စူပါစျေးကျသော်လည်း သုခဆန်အနည်းငယ် စျေးတက်ပါတယ်။ သုခ ၁၅မှတ် တစ်အိတ် ၁၂၉ ယွမ်မှ ၁၃၁ ယွမ်၊ သုခ ၂၅မှတ် တစ်အိတ် ၁၂၆ ယွမ်မှ ၁၂၈ ယွမ်ရှိပြီး တစ်အိတ်ကို ၃ ယွမ်ခန့်စျေးတက်ကြောင်း သိရပါတယ်။ ငစိန်ဆန်ကတော့ ၅မှတ်ဆန် တစ်အိတ် ၁၂၇ ယွမ်မှ ၁၂၈ ယွမ်၊ ၁၅မှတ် တစ်အိတ် ၁၂၄ ယွမ်မှ ၁၂၆ ယွမ်၊ ၂၅မှတ် တစ်အိတ် ၁၂၁ ယွမ်မှ ၁၂၃ ယွမ်ရှိပြီး စျေးငြိမ်နေကြောင်း သိရပါတယ်။မြို့တွင်းနယ်စုံမှ မူဆယ်သို့ ဆန်အဝင်မှာ မတ်လ ၂၇ရက်မှ ဧပြီ ၂ရက်အထိ ၂၆၃၂၉တန်ရှိကြောင်း၊ အရောင်းအဝယ်ပုံမှန်ရှိကြောင်းနဲ့ မြန်မာ့ရိုးရာ နှစ်သစ်ကူးသင်္ကြန်ကာလများမှာတော့ ကုန်သည်အချို့ နားကြမှာဖြစ်တဲ့အတွက် အရောင်းအဝယ်လျော့ကျသွားနိုင်ကြောင်း မူဆယ်မှ သတင်းရရှိပါတယ်။

**ယဉ်ယဉ်အေး**

## ရောဝတီတိုင်းဒေသကြီးအတွင်း ဖျာပုံခရိုင် ဧည့်မထမိုးဆန်စျေး အနည်းငယ်မြင့် ဟင်္သာတဆန်စျေးအနည်းငယ်ကျ

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဆန်စပါး စျေးကွက်မှာ ဧပြီလ ပထမပတ်တွင် ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်၊ ဒေးဒရဲမြို့နယ်များ၌ ဒေသတွင်းအရောင်းအဝယ်သွက်မှုအပေါ် မူတည်၍ မိုးဧည့်မထဆန်များအဝယ်လိုက်လာပြီး၊ စပါးစျေးနှုန်းမြင့်တက်မှုမရှိဘဲ ဆန်စျေးအနည်းငယ် မြင့်တက်လျက်ရှိကြောင်းသိရသည်။ မတ်လနောက်ဆုံးပတ်နှင့် ဧပြီလ ပထမပတ်အတွင်း မိုးဧည့်မထစပါး ၄၆ပေါင် တင်း ၁၀၀ ကို ကျပ် ၅၆၀၀၀၀ မှ ကျပ် ၅၇၀၀၀၀ နှင့် ယခုလက်ရှိအချိန်မှာလည်း စပါးစျေးနှုန်းပြောင်းလဲမှုမရှိကြောင်းသိရ သည်။ ယခင် မိုးဧည့်မထ ဆန်တစ်အိတ်လျှင် ကျပ် ၂၄၀၀၀ မှ ကျပ် ၂၅၀၀၀ မှ ယခု ကျပ် ၂၅၀၀၀ မှ ကျပ် ၂၆၀၀၀ ဖြစ်သွားပြီး ဆန်တစ်အိတ်ကို ကျပ် ၁၀၀၀ ဝန်းကျင်စျေးမြင့်တက်သွားကြောင်း ဆန်စပါးစျေးကွက်သတင်းများမှသိရသည်။

ဟင်္သာတမြို့နယ်တွင် ဧည့်မဆန်စျေးမှာ ယခင် မတ်လနောက်ဆုံးပတ်အထိ မိုးဧည့်မထဆန်တစ်အိတ်ကို ကျပ် ၂၂၀၀၀ ဖြင့် ရောင်းဝယ်လျက်ရှိရာမှ ယခုဧပြီလပထမပတ်အတွင်း ဆန်တစ်အိတ်ကို ကျပ် ၂၁၅၀၀ ဖြစ်သွား၍ မိုးဧည့်မထဆန် တစ်အိတ်လျှင် ကျပ် ၅၀၀ ခန့်စျေးကျဆင်းလျက်ရှိကြောင်းနှင့်ဆန်စပါးစျေးကွက်မှာ ဧရာဝတီတိုင်းဒေသကြီး ကျန်မြို့နယ် များတွင် ပုံမှန်ရောင်းဝယ်လျက်ရှိပြီး စပါး၊ ဆန် အရည်အသွေး ကွာခြားမှု၊ စျေးကွက်ဝယ်လိုအားပေါ် မူတည်၍ မြို့နယ်များတွင် စျေးနှုန်းအနိမ့်/အမြင့်အပြောင်းအလဲများရှိကြောင်း ဆန်စပါးအသိုင်းအဝိုင်းမှသိရသည်။ **မင်းမင်းဦး(ပုသိမ်)**

# မတ်လအတွင်း ဆန်တန်ချိန်နှစ်သိန်းကျော်တင်ပို့

မြန်မာ-တရုတ်နဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ မတ်လ ၂၄ ရက်မှ ၃၁ ရက်အထိ ကာလအတွင်း အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၅၃၂သန်း တန်ဖိုးရှိ ဆန်ဖြူနဲ့ကောက်ညှင်းဆန် ၃၉၂၉၈ တန်တင်ပို့ခဲ့ရာ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဧည့်မထဆန် ၃၀၉၇၈ တန်နဲ့ ငစိန်ဆန် ၇၁ တန်၊ ကောက်ညှင်းဆန် ၃၁ တန်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၆၉၂၇ တန်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၁၃၉ တန်ကျော် တင်ပို့ခဲ့ပါတယ်။

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန်တန်ချိန် ၂၅၀ နဲ့မောင်တောကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၇၂၁ တန်ကျော်တင်ပို့ခဲ့ပါတယ်။ မတ်လတစ်လလုံးအတွင်းမှာ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၅၃ ဒသမ ၇၇၆ သန်းတန်ဖိုးရှိ ဆန် ၁၄၄၃၉၈ တန်ကျော်တင်ပို့ခဲ့ပြီး အနီးစပ်ဆုံးဖေဖော်ဝါရီလ တင်ပို့မှုထက် ၄၄၃၅၂ တန်ပိုမိုတင်ပို့နိုင်ကြောင်းသိရပါတယ်။ ယခုတစ်ပတ်မူဆယ်နဲ့ လွယ်ဂျယ်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၆၁သန်းတန်ဖိုးရှိ ဆန်ကွဲ ၈၂၆ တန်ကို မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ၅၁၁ တန်၊ လွယ်ဂျယ်မှ ၃၁၅ တန်တင်ပို့ခဲ့ကြောင်းနဲ့ မတ်လတစ်လလုံးမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၁ သန်းတန်ဖိုးရှိ ဆန်ကွဲ ၃၂၄၅ တန်တင်ပို့ခဲ့ကြောင်း သိရပါတယ်။ အနီးစပ်ဆုံး ဖေဖော်ဝါရီလနဲ့နှိုင်းယှဉ်ပါက ယခုလမှာ ၁၁၁၂ တန်လျော့ နည်းခဲ့ပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ မတ်လ ၂၅ ရက်မှ ၃၁ ရက်အထိ ကာလအတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၂၁ သန်းတန်ဖိုးရှိ ဧည့်မထဆန်၊ ငစိန်ဆန်နဲ့ပေါင်းဆန် ၆၇၄၄တန်တင်ပို့ခဲ့ကြောင်းသိရပါတယ်။ ယခုတစ်ပတ်မှာ ရုရှားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဘီနင်နိုင်ငံ၊ တရုတ်နိုင်ငံ၊ မက်ဒါဂါစကားနိုင်ငံနဲ့ အီးယူနိုင်ငံများသို့ တင်ပို့ခဲ့ပြီး ဘီနင်နိုင်ငံသို့ ဧည့်မထဆန်တန်ချိန် ၃၀၀၀ တင်ပို့ခဲ့ပြီး မတ်လတစ်လလုံးတွင်းမှာ အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၁၆၄ သန်းတန်ဖိုးရှိတဲ့ ဆန် ၉၂၃၃၉ တန်တင်ပို့ခဲ့ ကြောင်း သိရပါတယ်။

ဆန်ကွဲကိုတော့ ယခုတစ်ပတ်အတွင်း ၇၉၅၄ တန်နဲ့ တန်ဖိုးအမေရိကန်ဒေါ်လာ ၂ ဒသမ ၂၁၃ သန်းဖိုးတင်ပို့ခဲ့ပါတယ်။ စင်ကာပူ၊ အင်ဒိုနီးရှား၊ ဆီနီဂေါနဲ့ အီးယူနိုင်ငံများသို့ တင်ပို့ခဲ့တာဖြစ်ပါတယ်။ မတ်လအတွင်းမှာတော့ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၆၅၉ သန်းတန်ဖိုးရှိ ဆန်ကွဲ ၃၈၂၇၁ တန်တင်ပို့ခဲ့ကြောင်း သိရှိရပါတယ်။ မတ်လအတွင်း ကုန်သွယ်ရေးနည်းလမ်းနှစ်ခုစလုံးမှာ ဆန် ၂၃၆၇၃၇ တန်နဲ့ ဆန်ကွဲ၄၁၅၁၆ တန်တင်ပို့နိုင်ခဲ့ကြောင်း သိရပါတယ်။ **ယဉ်ယဉ်အေး**

## အာရှနိုင်ငံတွေက FOB ဆန်စျေးနှုန်းများ

၆-၄-၂၀၁၈ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၄၂၈ | ၄၃၅ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၁၀ | ၄၂၅ | △ | ၄၂၃ | ၄၂၀ | ▽ | ၄၃၀ | ၄၃၀ | □ | ၄၁၃ | ၄၀၃ | ▽ |
| ဆန်ဖြူ ၁၀% | ၄၁၆ | ၄၂၃ | △ | ၄၁၀ | ၄၁၅ | ▽ | - | - | - | ၄၀၉ | ၃၉၉ | ▽ |
| ဆန်ဖြူ ၁၅% | ၄၁၂ | ၄၁၇ | △ | ၄၁၃ | ၄၁၀ | ▽ | - | - | - | ၄၀၅ | ၃၉၅ | ▽ |
| ဆန်ဖြူ ၂၅% | ၃၉၈ | ၄၀၁ | △ | ၄၀၃ | ၄၀၃ | □ | ၃၈၅ | ၃၈၅ | □ | ၃၇၁ | ၃၆၈ | ▽ |
| ပေါင်းဆန် | ၄၄၆ | ၄၅၇ | △ | - | - | - | ၄၂၇ | ၄၂၃ | ▽ | ၄၀၈ | ၄၀၈ | □ |

***Source: liverice***

## ပြည်တွင်းမြို့ကြီးများ၏ (၆-၄-၂၀၁၈)ရက်နေ့ ဆန်၊ စပါးစျေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| ဆန်ပိုဒေသများ | | | | | | | | |
| ပြည် | ၅၇၅၀ | △ | ၂၃၅၀၀ | □ | ၉၂၀၀ | △ | ၃၉၅၀၀ | △ |
| ပုသိမ် | ၅၉၈၀ | □ | ၂၄၀၀၀ | □ | ၈၇၆၀ | △ | ၃၈၀၀၀ | □ |
| ပဲခူး | ၅၇၀၀ | □ | ၂၄၀၀၀ | △ | ၇၀၀၀ | □ | ၃၇၀၀၀ | □ |
| ရွှေဘို | ၆၅၇၀ | □ | ၂၇၀၀၀ | □ | ၁၄၀၀၀ | □ | ၄၅၀၀၀ | □ |
| စစ်တွေ | ၄၆၀၀ | △ | ၁၉၅၀၀ | △ | ၇၀၀၀ | △ | ၃၁၀၀၀ | □ |
| ဆန်လိုဒေသများ | | | | | | | | |
| နေပြည်တော် | ၆၃၅၀ | □ | ၂၄၀၀၀ | □ | - | - | ၄၉၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၃၀၀ | ▽ | ၂၁၅၀၀ | □ | - | - | ၃၄၀၀၀ | □ |
| မန္တလေး | ၆၅၀၀ | △ | ၂၆၀၀၀ | △ | - | - | ၄၂၀၀၀ | □ |
| မကွေး | ၇၀၀၀ | △ | ၂၄၅၀၀ | □ | - | - | ၄၆၀၀၀ | □ |
| မော်လမြိုင် | ၆၀၀၀ | □ | ၂၃၀၀၀ | □ | ၈၀၀၀ | □ | ၃၆၀၀၀ | □ |
| လှိုင်ကော် | ၇၆၇၀ | ▽ | ၃၀၀၀၀ | △ | - | - | ၅၈၀၀၀ | □ |
| မြိတ် | ၅၂၀၀ | △ | ၂၆၀၀၀ | □ | - | - | ၃၉၀၀၀ | △ |
| ဘားအံ | ၅၄၀၀ | ▽ | ၂၆၀၀၀ | □ | - | - | ၄၅၀၀၀ | △ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်စျေးမှာ နတ္တလင်းဆန်စျေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးစျေးမှာ သန်လျင် မြို့နယ်၏ စပါးစျေးနှုန်းဖြစ်ပါသည်။

| ၂-၄-၂၀၁၈ မှ ၆-၄-၂၀၁၈ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး | | | |
|---|---|---|---|
| **Sr.No.** | **Forms** | **Copies** | **Total Value (US$)** |
| 1 | Form A | 635 | 31,276,226.910 |
| 2 | Form D | 148 | 5,122,903.697 |
| 3 | Form E | 134 | 4,945,893.084 |
| 4 | Korea GSP | 7 | 113,213.700 |
| 5 | Form AK | 173 | 5,142,323.596 |
| 6 | Form AJ | 14 | 373,486.190 |
| 7 | Form AI | 74 | 3,278,880.223 |
| 8 | Form AANZ | 13 | 365,656.300 |
| 9 | Form DFTP | | |
| **Grand Total** | | **1200** | **50,819,983.700** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၆-၄-၂၀၁၈ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၃၀/၃ | ၆/၄ | ပြောင်းလဲမှု | ၃၀/၃ | ၆/၄ | ပြောင်းလဲမှု | ၃၀/၃ | ၆/၄ | ပြောင်းလဲမှု | ၃၀/၃ | ၆/၄ | ပြောင်းလဲမှု |
| မတ်ပဲ | ၇၅၉ | ၇၄၅ | ▼ | ၇၁၇ | ၇၀၀ | ▼ | ၇၀၀ | ၆၇၅ | ▼ | ၆၈၅ | ၆၈၅ | ■ |
| ပဲစင်းငုံ | ၆၁၇ | ၆၅၃ | ▲ | ၅၃၃ | ၅၄၂ | ▲ | ၅၂၅ | ၅၃၅ | ▲ | ၅၂၅ | ၅၂၅ | ■ |
| ပဲတီစိမ်း | ၁၂၀၀ | ၁၁၁၀ | ▼ | ၁၀၈၄ | ၁၉၂၀ | ▲ | ၁၂၁၁ | ၁၀၅၃ | ▼ | ၁၁၇၀ | ၁၁၇၀ | ■ |
| ကုလားပဲရိုးရိုး | ၁၅၀၀ | ၁၅၅၀ | ▲ | ၁၁၈၈ | ၁၂၂၃ | ▲ | ၁၂၁၁ | ၁၂၃၇ | ▲ | ၁၂၂၀ | ၁၁၆၀ | ▼ |
| ပဲလွန်းဖြူ | ၁၀၃၀ | ၁၀၃၀ | ■ | ၁၂၈၃ | ၁၁၆၇ | ▼ | - | - | - | ၁၁၇၅ | ၁၁၅၀ | ▼ |
| ထောပတ်ပဲ | ၁၆၅၀ | ၁၇၃၅ | ▲ | ၁၈၆၇ | ၁၉၂၀ | ▲ | ၁၀၄၂ | ၁၀၁၆ | ▼ | ၁၀၄၀ | ၁၀၁၅ | ▼ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၆-၄-၂၀၁၈ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | ၃၀/၃ | ၆/၄ | ပြောင်းလဲမှု | ၂၉/၃ | ၅/၄ | ပြောင်းလဲမှု | ၂၉/၃ | ၅/၄ | ပြောင်းလဲမှု |
| မတ်ပဲ | ၃၆၀ | ၃၅၀ | ▼ | ၅၉၆ | ၅၉၂ | ▼ | ၅၃၈ | ၅၆၉ | ▲ |
| ပဲစင်းငုံ | ၂၉၅ | ၃၁၀ | ▲ | ၆၁၁ | ၆၁၁ | ■ | ၆၄၆ | ၆၁၈ | ▼ |
| ပဲတီစိမ်း | ၆၅၀ | ၆၅၀ | ■ | - | - | - | ၇၁၈ | ၇၆၉ | ▲ |
| ကုလားပဲဖြူလုံးကြီး | ၆၀၀ | ၆၀၀ | ■ | ၅၈၄ | ၅၇၃ | ▼ | ၅၈၅ | ၅၉၉ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် | ယခုတစ်ပတ် | (၁.၁.၁၈) မှ |
| | (၂၄.၃.၁၈)ထိ | (၃၁.၃.၁၈)ထိ | (၃၁.၃.၁၈) ထိ |
| မတ်ပဲ | ၄၉၂၈၆ | ၃၁၈၈ | ၅၂၄၇၄ |
| ပဲတီစိမ်း | ၃၃၀၂၃ | ၃၃၁၃ | ၃၆၃၃၆ |
| ပဲစင်းငုံ | ၂၁၁၀၈ | ၃၁၃ | ၂၁၄၂၁ |
| ကုလားပဲ | ၂၂၅၄ | ၂၆၂၂ | ၄၈၇၆ |
| ပဲလွန်းဖြူ | ၁၂၇၀၈ | ၉၅၄ | ၁၃၆၆၂ |
| မြေထောက်ပဲ | ၃၅၉၄ | ၆၄၈ | ၄၂၄၂ |

## ပြည်ပဲနီပြားသီးနှံ ပဲအဝင်များလာပြီး လက်လီ၊လက်ကား အရောင်းအဝယ်ဖြစ်

ပြည်ပဲမျိုးစုံဈေးကွက်မှာ ပဲနီပြားသီးနှံဝင်ရောက်မှုများနေတယ်လို့ ဆိုရမှာဖြစ်ပြီး တစ်ရက်အိတ် ၁၅၀ ကျော် ဝင်ရောက်ခဲ့တယ်လို့ သိရပါတယ်။ ရွှေတောင်၊ ကျိုးသဲနှင့်ပန်းတောင်းဘက်မှ ဝင်ရောက်ခြင်းဖြစ်ပြီး ဝယ်လိုအားမှာလည်း လက်လီ၊လက်ကား အရောင်းအဝယ်ဖြစ်လျက်ရှိလို့ ဝင်လာသမျှ ရောင်းချခဲ့ရကြောင်းသိရပါတယ်။ ပဲဈေးမှာ တစ်တင်းကျပ် ၂၆၀၀၀မှ ကျပ် ၂၆၅၀၀ ကြားရရှိခဲ့ပြီး ပဲသစ်ပေါ်စအချိန်ထက်တော့ ဈေးလျော့နေခဲ့ပါတယ်။ ပဲသစ်ပေါ်စအချိန်က ပဲတစ်တင်း ကျပ် ၂၈၀၀၀ရရှိခဲ့လို့ ပဲဟောင်းဈေးကိုမမီဘဲ ဈေးလျော့နေခဲ့ပေမယ့် ဘိုကိတ်၊ ပဲလွန်းဖြူ သီးနှံများထက် ဈေးပိုနေကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်ပဲလွန်းဖြူသီးနှံဈေးငြိမ်ပြီး လက်လီရောင်းဝယ်မှုဖြစ်

ဧပြီလဆန်း ပြည်ပဲဈေးကွက်သို့ ပဲလွန်းဖြူသီးနှံများ နယ်စုံမှဝင်ရောက်လာခဲ့တာကို တွေ့ရပါတယ်။ ပန်းတောင်း၊ ရွှေတောင်၊ ကျိုးသဲဘက်မှ ဝင်ရောက်ခြင်းဖြစ်သလို နတ်တလင်းမြို့နယ် တာပွန်ဘက်မှလည်း ဝင်ရောက်ခြင်းဖြစ်တာကြောင့် တစ်ရက်အိတ် ၅၀/ ၆၀ မှ ၁၀၀အထိ ဝင်ရောက်ခဲ့ကြောင်းသိရပါတယ်။

ပဲလွန်းဖြူသီးနှံမှာ ပဲနီပြားသီးနှံလောက် ဝင်ရောက်မှုမများလို့ ပဲနီပြားသီးနှံမှာ လက်လီ/ ကားအရောင်းအဝယ်သွက်သော်လည်း ပဲလွန်းဖြူသီးနှံကတော့ လက်လီသမားများဖြင့် အရောင်းအဝယ်ပိုဖြစ်ခဲ့ကာ ပဲဈေးအနေဖြင့် တစ်တင်းကျပ် ၂၂၀၀၀ ဖြင့် ယခင်လကုန်ကဈေးအတိုင်း ဆက်လက်ဈေးငြိမ်နေခဲ့တာကိုတွေ့ရပါတယ်။

**ခင်ဆွေဝင်း**

## ပခုက္ကူကုန်စည်ဒိုင်၌ ပြောင်းဖူးစေ့(CP )နှင့် မန်ကျည်း အရောင်းအဝယ်ဖြစ်လျက်ရှိ

ယခုတစ်ပတ် ပခုက္ကူကုန်စည်ဒိုင်၌ ပဲစင်းငုံနီအသစ်တစ်တင်းလျှင်ကျပ် ၈၅၀၀ မှ ၉၅၀၀ ဖြင့် အိတ် ၅၀ နှင့် ပဲစင်းငုံနီအဟောင်း တစ်တင်းလျှင် ကျပ် ၁၁၆၀၀ ဖြင့် နေ့စဉ်အိတ် ၅၀ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ကုလားပဲဝါ HL တစ်တင်းလျှင်ကျပ် ၂၁၇၀၀ ဖြင့် အိတ် ၁၀၀ ခန့်၊ ကုလားပဲဖြူလုံးကြီး V2 တစ်တင်းလျှင် ကျပ် ၂၃၀၀၀ ဖြင့် အိတ် ၅၀ ခန့်၊ ကုလားပဲဝါလုံးကြီး 929 တစ်တင်းလျှင်ကျပ် ၂၂၀၀၀ဖြင့်အိတ် ၅၀ခန့်၊ ဒေသထွက်ဖြစ်သော ပဲနီပြားတစ်တင်းလျှင် ကျပ် ၂၀၈၀၀ဖြင့် အိတ် ၅၀၊ ပဲယင်း(မြစ်ခြေ)တစ်တင်းလျှင် ကျပ် ၁၈၂၀၀ဖြင့် အိတ် ၅၀ခန့်၊ ပဲလွန်းပြာအသစ်တစ်တင်းလျှင်ကျပ် ၁၆၀၀၀ ဖြင့် အိတ် ၅၀ ခန့်၊ ပဲဇီးကွက်တစ်တင်းလျှင် ကျပ် ၂၁၆၀၀ဖြင့် အိတ်၅၀ခန့်၊ ပဲကြီးဖြူတစ်တင်းလျှင်ကျပ်၃၅၀၀၀ ဖြင့် အိတ်၅၀ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရပါတယ်။

စွန်တာနီ(ကျွန်း)တစ်တင်းလျှင်ကျပ် ၂၂၁၀၀ ဖြင့်အိတ် ၅၀ခန့်၊ ထီးလင်း (စားတော်ပဲ)တစ်တင်းလျှင်ကျပ် ၃၂၅၀၀ဖြင့် အိတ် ၅၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပြောင်းဖူးစေ့(CP)ဈေးဟာလည်း အနည်းငယ်ကျလျက်ရှိပြီး တစ်တင်းလျှင် ကျပ် ၁၀၀၀၀၊ အိတ် ၁၀၀ ဖြင့် နေ့စဉ်ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ကုန်စည်ဒိုင်မှသတင်းရရှိပါတယ်။

ကျွန်းထောဖြူတစ်တင်းလျှင် ကျပ် ၃၄၀၀၀ ဖြင့် အိတ် ၅၀၊ ယောထောပတ်ပဲဖြူတစ်တင်းလျှင်ကျပ် ၃၅၁၀၀ ဖြင့် အိတ် ၇၀၀ နေ့စဉ်အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ နှမ်းဈေးကွက်တွင် ပြည်ပမှ အဝယ်လိုက်လာသဖြင့် ဈေးမြင့်တက်လျက်ရှိပါတယ်။ ယခင်တစ်ပတ်က နှမ်းနက် (ဂွ) တစ်တင်းလျှင် ကျပ် ၃၁၀၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်တွင် ကျပ် ၃၅၀၀၀ ဖြင့် အိတ် ၅၀ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ဒေသထွက်မန်ကျည်းတောင့်ဈေးမှာ ယခင်တစ်ပတ်ထက် ဈေးအနည်းငယ် ကျဆင်းနေပါတယ်၊ ယခင်တစ်ပတ်တွင် မန်ကျည်းတောင့် တစ်ပိဿာလျှင်ကျပ် ၁၀၄၀ ရှိခဲ့ရာမှ ယခုတစ်ပတ်တွင် မန်ကျည်းတောင့် တစ်ပိဿာလျှင် ကျပ် ၉၈၀ဖြင့် ပိဿာချိန် ၁၀၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရပါတယ်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## ပြည်ပဲကြီးသီးနှံ ဈေးကောင်းရနေသလို အရောင်းအဝယ်လည်းသွက်နေ

ပြည်ပဲဈေးကွက်အတွင်း ဧပြီလဆန်းရက်တွင် ပဲကြီးသီးနှံအဝင်များခဲ့လို့ တစ်ရက် အိတ် ၇၀၀/ ၈၀၀အထိ ဝင်ရောက်မှုများနေသလို ဝယ်လိုအားလည်း အဝင်ရှိသလောက် ဝယ်ယူနေကြတာကြောင့် အရောင်းအဝယ်သွက်လျက်ရှိတယ်လို့ သိရပါတယ်။ ပဲကြော်ဖိုသမားများ အဓိကထားဝယ်ယူနေကာ(ရွှေကျွန်း)တစ်တင်းကျပ် ၃၅၀၀၀၊ (ကမ်းနား)တစ်တင်းကျပ်၃၂၀၀၀ဖြင့် မတ်လကုန်ဈေးအတိုင်း ဈေးငြိမ်နေပေမယ့် ပဲဈေးကွက်အတွင်းမှာဈေးအမြင့်ဆုံးရနေသလို အရောင်းအဝယ်လည်းသွက်နေတဲ့ ပဲသီးနှံဖြစ်နေခဲ့ပါတယ်။ ယခင်နှစ်က ဧပြီလဆန်းပိုင်းအတွင်း ပဲကြီးသီးနှံဈေးမှာ ကျပ်နှစ်သောင်းကျော်သာရရှိခဲ့လို့ ယခုနှစ်ဈေးကတော့ ယခင်နှစ်ဈေးထက် ကျပ်တစ်သောင်းကျော် ဈေးပိုရခဲ့တဲ့အတွက် ပဲစိုက်တောင်သူများ တွက်ခြေကိုက်နေတဲ့နှစ်ဖြစ်ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်ပဲပုပ်သီးနှံဈေးငြိမ်ပြီး လက်လီရောင်းဝယ်မှုသာရှိ

ဧပြီလဆန်းပိုင်း ပြည်ပဲဈေးကွက်မှာ အခြားပဲများဝင်ရောက်မှုရှိနေသော်လည်း ပဲပုပ်သီးနှံကတော့ ပဲအဝင်မရှိတော့ဘဲ လက်ကျန်ပဲများဖြင့်သာ ရောင်းဝယ်နေခဲ့တာကို တွေ့ရပါတယ်။ လက်လီသမားသာအဝယ်ရှိပြီး တစ်ရက်အိတ် ၂၀ ဝန်းကျင်သာ ရောင်းဝယ်မှုဖြစ်ခဲ့ပြီး ပဲဈေးမှာ တစ်တင်း ကျပ် ၂၅၀၀၀ ဖြင့် ဈေးအတက်အကျမဖြစ်ဘဲ ဈေးငြိမ်လျက် ရှိနေခဲ့ပါတယ်။ ဒါကြောင့် ပြည်ပဲဈေးကွက်မှာ လက်လီအရောင်းအဝယ်ဖြစ်မှုများတဲ့ပဲများတွင် ထောပတ်ပဲ၊ ပဲနီပြားသီးနှံများထက် ဈေးလျော့ပေမယ့် ပဲလွန်းဖြူသီးနှံထက် ဈေးပိုရနေခဲ့တာကိုတွေ့ရပြီး ယခင်နှစ်က ပဲပုပ်သီးနှံ၏ ဧပြီလဆန်းဈေးမှာတစ်တင်း ကျပ် ၂၄၅၀၀မှ ကျပ် ၂၆၅၀၀ကြားရရှိခဲ့လို့ ယခုနှစ်မှာတော့ ယခင်နှစ်ကဈေးထက် ဈေးပိုရရှိခြင်းမရှိဘူးလို့သိရပါတယ်။

**ခင်ဆွေဝင်း**

## ရေစကြိုကုန်စည်ဒိုင်တွင် ထောပတ်ပဲဈေးကောင်းရရှိ

ယခုတစ်ပတ်ရေစကြိုကုန်စည်ဒိုင်တွင်မြေပဲဆန်ဈေးမှာ တဖြည်းဖြည်းတက်လျက်ရှိပြီး မြေပဲလုံးဆန်နီ(မြောင်) တစ်ပိဿာလျှင်ကျပ်၂၀၀၀ မှ ကျပ်၂၅၀၀၊ ကျွန်းဆန်တစ် ပိဿာလျှင်ကျပ် ၁၉၅၀ မှကျပ် ၂၂၀၀၊ S1 (မြေပဲဖြူလုံးဆန်) ကျပ် ၂၄၀၀၊ M12 (မြေပဲလုံးဆန်) တစ်ပိဿာလျှင်ကျပ် ၂၂၀၀ မှ ကျပ် ၂၅၀၀ ဖြင့် ရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ရေစကြိုဒေသထွက် မတ်ပဲဈေးအနည်းငယ်ကျနေပြီး မတ်ပဲ တစ်တင်းလျှင်ကျပ် ၁၂၀၀၀ မှ ကျပ် ၁၄၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ပဲလွန်းပြာတစ်တင်းလျှင်ကျပ် ၁၆၀၀၀၊ ကုလားပဲဝါ HLတစ်တင်းလျှင်ကျပ် ၂၁၅၀၀ ဖြင့် အိတ် ၇၀၊ ကုလားပဲဖြူလုံးကြီးV2 တစ်တင်း လျှင်ကျပ် ၂၃၀၀၀ ဖြင့် အိတ် ၆၀၊ 929 ကုလားပဲဖြူတစ်တင်း လျှင်ကျပ် ၂၁၈၀၀ ဖြင့် အိတ် ၁၀၀၊ ပဲပိစပ်တစ်တင်းလျှင် ကျပ် ၁၀၀၀၀၊ ပဲဇီးကွက်တစ်တင်းလျှင် ကျပ် ၂၄၀၀၀၊ ထောပတ်ပဲဖြူ တစ်တင်းလျှင် ကျပ် ၃၄၅၀၀ ဖြင့် အိတ် ၃၀၀၊ ပဲပုပ်တစ်တင်းလျှင်ကျပ် ၂၄၅၀၀ဖြင့် အိတ် ၅၀၊ ပဲနီပြားတစ်တင်း လျှင်ကျပ် ၂၂၅၀၀၊ ပြောင်းဖူးစေ့(CP)ဈေးမှာတစ်တင်းလျှင် ကျပ် ၁၀၂၀၀ဖြင့် အိတ် ၃၀၀ခန့်အရောင်းအဝယ်ဖြစ်နေသည်ဟုရေစကြိုကုန်စည်ဒိုင်မှသတင်းရရှိပါတယ်။ **လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## ကယားပြည်နယ်အတွင်း ကုန်စည်စီးဆင်းမှုအခြေအနေများ

ကယားဒေသထွက် ဧည့်မထဆန်လို့ခေါ်တဲ့ ရွှေရင်အေးဆန်နဲ့ တရုတ်မွှေးဆန် အမျိုးအစားတို့ဟာ တရုတ်နိုင်ငံဈေးကွက်အကြိုက်ဆန်ဖြစ်တဲ့အတွက် အရောင်းသွက်နေပြီး ကယားပြည်နယ်မှ မူဆယ်ဘက်သို့ မတ်လအတွင်း ဆန်တန်ချိန် ၅၄၉ တန်တင်ပို့နိုင်ခဲ့ပါတယ်။ မတ်လအတွင်း ပြောင်းဖူးစေ့တင်ပို့မှုမှာလည်း ရန်ကုန်တိရစ္ဆာန်အစာ ထုတ်လုပ်တဲ့ ပြည်မကြက်စာအစားစက်ရုံသို့ တင်ပို့လျက်ရှိပြီး စုစုပေါင်းတင်ပို့မှု ၁၆၄၅ တန် တင်ပို့နိုင်ကာ ပဲစင်းငုံ ၁၉၉ တန်ကိုလည်း ပြည်နယ်မှ တင်ပို့နိုင်ခဲ့ပါတယ်။

ကုန်ဈေးနှုန်းများအနေဖြင့် မတ်လ ၂၈ ရက်ထိ ပြောင်း (ခြောက်)အထိုင်ဈေး တစ်ပိဿာ ကျပ် ၅၃၅၊စပါးတင်း (၁၀၀) လျှင်ကျပ်၇၆၇၀၀၀၊ပေါ်ဆန်းဆန်တစ်အိတ်လျှင် ကျပ်၅၈၀၀၀၊ ပေါ်ကျွဲဆန်တစ်အိတ်လျှင် ကျပ် ၂၆၅၀၀၊ ဧည့်မထ(ဒေသ) ဆန်တစ်အိတ်လျှင် ကျပ် ၃၀၀၀၀၊ ငစိန်ဆန်တစ်အိတ်လျှင် ကျပ် ၂၄၀၀၀၊ ပဲဆီတစ်ပိဿာ လက်လီ ကျပ်၅၇၀၀၊ နှမ်းဆီတစ်ပိဿာ လက်လီ ကျပ် ၅၂၀၀၊ စားအုန်းဆီတစ်ပိဿာ လက်လီ ကျပ် ၂၅၀၀ ရှိပြီး ဈေးကွက်အတွင်း အသား/ငါးဈေးနှုန်းများမှ ကြက် (မွေးမြူရေး) တစ်ပိဿာ ကျပ် ၆၀၀၀၊ ဝက် (မွေးမြူရေး)တစ်ပိဿာ ကျပ် ၇၀၀၀၊ အမဲ (မွေးမြူရေး) တစ်ပိဿာ ကျပ် ၁၁၀၀၀၊ ဆိတ် (မွေးမြူရေး)တစ်ပိဿာ ကျပ် ၁၆၀၀၀၊ ငါး (ငါးမြစ်ချင်း) အလတ် တစ်ပိဿာ ကျပ် ၅၅၀၀ ဖြစ်သည်ဟု ကယားပြည်နယ်စားသုံးသူကုန်ဈေးနှုန်းသတင်းများအရ သိရှိရပါတယ်။

ကယားပြည်နယ်အတွင်း ရွှေဈေးနှုန်းမှာ ၁၆ ပဲရည်တစ်ကျပ်သားကို ကျပ် ၉၄၈၀၀၀၊ စက်သုံးဆီဈေးနှုန်းများမှာ ဓါတ်ဆီ-ရိုးရိုးတစ်ဂါလံကို ကျပ် ၃၈၅၀၊ အောက်တိန်း (၉၂) တစ်ဂါလံကို ကျပ် ၃၈၀၀၊ ဒီဇယ်-ရိုးရိုးတစ်ဂါလံကိုကျပ် ၃၈၀၀၊ ဒီဇယ်-ပရီမီယမ်တစ်ဂါလံကို ကျပ် ၃၈၅၀တို့ဖြင့် ဈေးပေါက်ကြောင်း ကယားကုန်ဈေးနှုန်းသတင်းများအရ သိရှိရပါတယ်။ **ဖြိုးဝေအောင်(လှိုင်ကော်-ကယား)**

## မြန်မာ့ဆိပ်ကမ်းတွင် ၅.၄.၂၀၁၈ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ကြည့်မြင်တိုင်ဆိပ်ကမ်း | - MT.PRIMROSE | P'Oil(In Bulk) ၄၃၀၀ ကုန်ချရန် |
| အလုံဆိပ်ကမ်း(၂) | - ROYAL-27 | P'Oil(In Bulk) ၄၃၀၀ ကုန်ချရန် |
| ထီးတန်းဆိပ်ကမ်း(၁) | - MAENAM-1 | ကုန်သေတ္တာ ၄၇၅ ကုန်တင်ရန် |
| ထီးတန်းဆိပ်ကမ်း(၂) | - NINOS | ကုန်သေတ္တာ ၄၈၂ ကုန်တင်ရန် |
| အေးရှားဝေါလ်ဆိပ်ကမ်း(၃) | - CAPE FLORES | ကုန်သေတ္တာ ၄၈၁ ကုန်တင်ရန် |
| အလုံဆိပ်ကမ်း(၁) | - UNI AUC ONE | Steel Product ၂၀၄၄၀ ကုန်ချရန် |
| စက်မှုဆိပ်ကမ်း(၃) | - ANAN BHUM | ကုန်သေတ္တာ ၄၇၃ ကုန်ချရန် |
| ဗိုလ်တစ်ထောင်ဆိပ်ကမ်း(၃) | - SOUL OF LUCK | ကုန်သေတ္တာ ၄၁၆ ကုန်ချရန် |
| MIPLဆိပ်ကမ်း | - YU CHANG | Steel ၁၅၁၇၉ ကုန်ချရန် |
| သီလဝါဆိပ်ကမ်း(၁) | - MATHU BHUM | ကုန်သေတ္တာ ၂၆၅ ကုန်တင် ၁၈ ကုန်ချရန် |
| သီလဝါဆိပ်ကမ်း(၃) | - BLUE ANGLE | Steel & Equipment ၁၉၄၈၁တန်ကုန်ချရန် |
| သီလဝါဆိပ်ကမ်း(၃) | - MCC SHANGHAI | ကုန်သေတ္တာ ၃၇၅ ကုန်တင်ရန် |
| သီလဝါဆိပ်ကမ်း(၅) | - MS CRYSTAL SERENITY | PAX 676 NOS |
| Green Asia JETTY | - MT.WINTER OAK | Diesel Oil 9816 ကုန်ချရန် |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| KYAUK PYU | Steel Bar ၅၀၀၀ ကုန်ချရန် | INDIA | ၅.၄.၂၀၁၈ |
| DESERT VICTORY | ဆန် ၃၀၀၀၀တန်ကုန်တင်ရန် | West AFRICA | ၆.၄.၂၀၁၈ |
| SUPERIOR PESCADORES | Steel+Project Cargo 5288တန်ကုန်ချရန် | CHINA | ၁၀.၄.၂၀၁၈ |
| LOTUS LEADER | Units Vehicle (RO/RO) ၆၂၅ တန်ကုန်ချရန် | JAPAN | ၁၈.၄.၂၀၁၈ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| EVER ABLE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၅.၄.၂၀၁၈ |
| THANLWIN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၅.၄.၂၀၁၈ |
| BLPL TRUST | SINGAPORE | ဗိုလ်တစ်ထောင်ဆိပ်ကမ်း | ၆.၄.၂၀၁၈ |
| NINOS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၆.၄.၂၀၁၈ |
| DAWEI | SINGAPORE | ဗိုလ်တစ်ထောင်ဆိပ်ကမ်း | ၇.၄.၂၀၁၈ |
| KUO HSIUNG | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၈.၄.၂၀၁၈ |
| SIMA PERFECT | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၈.၄.၂၀၁၈ |
| SINAR BATAM | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၇.၄.၂၀၁၈ |
| XETHA BHUM | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၈.၄.၂၀၁၈ |
| KOTA HADIAH | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၁၂.၄.၂၀၁၈ |
| SINA BANDA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၂.၄.၂၀၁၈ |
| PATHEIN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၃.၄.၂၀၁၈ |
| CAPE FLORES | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၄.၄.၂၀၁၈ |
| HUNSA BHUM | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၁၄.၄.၂၀၁၈ |
| GSS YANGON | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၅.၄.၂၀၁၈ |
| AS SOPHIA | SINGAPORE | သီလဝါဆိပ်ကမ်း | ၁၇.၄.၂၀၁၈ |
| TOVE MAERSK | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၇.၄.၂၀၁၈ |
| MCC SHANGHAI | SINGAPORE | သီလဝါဆိပ်ကမ်း | ၁၈.၄.၂၀၁၈ |
| ARCA | SINGAPORE | သီလဝါဆိပ်ကမ်း | ၁၈.၄.၂၀၁၈ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT. ATLANTA | ဒီဇယ်ဆီ | SINGAPORE | ၆.၄.၂၀၁၈ |
| MT.GLORY STAR | ဒီဇယ်ဆီ | SINGAPORE | ၇.၄.၂၀၁၈ |
| MT.ROYAL -36 | P'Oil(In Bulk) | INDONESIA | ၈.၄.၂၀၁၈ |
| MT.GRATE PRINCESS | ဒီဇယ်ဆီ | SINGAPORE | ၉.၄.၂၀၁၈ |
| MT.FASTRON | MOGAS 92RON | SINGAPORE | ၁၆.၄.၂၀၁၈ |
| MT.PRIMROSE | P'Oil(In Bulk) | INDONISIA | ၁၉.၄.၂၀၁၈ |
| MT. GLORY OCEAN | ဒီဇယ်ဆီ | SINGAPORE | ၂၀.၄.၂၀၁၈ |

## မူဆယ်မှရေထွက်ကုန် တန်ချိန်ပိုမိုပြီး တန်ဖိုးလျော့နည်း

မြန်မာ- တရုတ်နယ်စပ်ရှိမူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ မတ်လနောက်ဆုံးပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၉၄ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၂၄၁၃ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၂၃၅၉ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၅၄ တန် ပိုမိုတင်ပို့ခဲ့ပေမယ့် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သုည ဒသမ ၃၅၃ သန်းလျော့နည်းခဲ့ပါတယ်။ ယခုတစ်ပတ်တွင် ငါးလေးခြောက်၊ ငါးခြောက်နဲ့ ငါးမျိုးစုံတို့ လျော့နည်းတင်ပို့ခဲ့တဲ့အတွက် ယခုလို တန်ဖိုးလျော့နည်းရကြောင်း၊ မတ်လတစ်လလုံး မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ရေထွက်ကုန် တန်ချိန်ကိုးထောင်ကျော်တင်ပို့ခဲ့ကြောင်းသိရပါတယ်။**မော်မော်အောင်**

# အာဆီယံနှင့်ဒစ်ဂျစ်တယ်စီးပွားရေး

**သိန်းမြင့်ဝေ**

**ယခင်တစ်ပတ်မှအဆက်**

ဥပမာအားဖြင့် မိုဘိုင်းငွေကြေးဝန်ဆောင်မှုလုပ်ငန်း (Mobile Financial Services)၊ အီလက်ထရောနစ် ကူးသန်းရောင်းဝယ်ရေး(E-commerce)၊ ကိန်းဂဏန်းသရုပ်ခွဲဆန်းစစ်ခြင်း (Big Data Analysis)၊ ဆိုက်ဘာလုံခြုံရေးနည်းလမ်းများ (Cyber Security Solutions)နှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ(Transport Services) ကို တွေ့မြင်နိုင်သည်။ အာဆီယံဒေသရှိ ထင်ရှားသော ဒစ်ဂျစ်တယ်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအဖြစ် Uber, Grab နှင့် Go-Jek ကုမ္ပဏီတို့ကို တွေ့ရှိရသည်။ E-commerce နှင့် မိုဘိုင်းငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ တွင်တွင်ကျယ်ကျယ် အသုံးပြုလာခြင်းသည် ဒေသတွင်းရှိပြည်တွင်းစီးပွားရေးလုပ်ဆောင်ချက်များကို တိုးတက်စေပါသည်။

ဒစ်ဂျစ်တယ်နည်းပညာဖြင့် စမတ်စီးတီး(Smart Cities) တည်ထောင်ခြင်းကလည်း အာဆီယံနိုင်ငံများအတွက် ကျေးလက်မှ မြို့ပြသို့ လူများအလုံးအရင်းဖြင့် ပြောင်းရွှေ့လာသည့် ပြဿနာကို ကူညီဖြေရှင်းပေးနိုင်သည်။ ၂၀၂၅ ခုနှစ်တွင် အာဆီယံတစ်ဝန်းကျေးလက်မှ မြို့ပြသို့ ပြောင်းရွှေ့သူအရေအတွက်သည်၃၄သန်းကျော်ရှိနိုင်သည်။ထိုအခါ ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် ယာဉ်ကြောပိတ်ဆို့မှုပြဿနာများ (Problems of Pollution and Traffic Congestion) ကို ပိုမိုရင်ဆိုင်ဖြေရှင်းရမည်ဖြစ်သည်။ မြို့ပြလူဦးရေတိုးပွားသည့်ပြဿနာကို ဖြေရှင်းရန်အတွက် Smart Technology ကို အသုံးပြုရန် လိုအပ်ပါသည်။ စင်ကာပူနိုင်ငံ၏ လမ်းအသုံးပြုခသတ်မှတ်သည့်စနစ် (Electronic Road Pricing System)က ယာဉ်ကြောကျပ်တည်းမှုကို ကောင်းစွာစီမံခန့်ခွဲနိုင်ပါသည်။ ထို့ကြောင့် အဆိုပါစနစ်ကို အခြားအာဆီယံနိုင်ငံများကလည်း အသုံးပြုဖြေရှင်းသင့်ပါသည်။

**ကြိုးမဲ့အင်တာနက်ချိတ်ဆက်စနစ်ပိုမိုရရှိရေး**

အာဆီယံနိုင်ငံများအကြား ဖွံ့ဖြိုးမှုကွာဟချက်ကို ဖြေရှင်းရန်အတွက် ထိပ်တန်းဦးစားပေးမှာ အင်တာနက် ပိုမိုရရှိရေးဖြစ်သည်။ အာဆီယံရှိ ပြည်သူ ၄၁၇ သန်းသည် အခြေခံအင်တာနက်ဝန်ဆောင်မှုကို မရရှိကြသေးပေ။ အထူးသဖြင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့တွင် အင်တာနက်ရရှိမှု အလွန်နည်းပါးနေသည်။လာအိုနှင့်ကမ္ဘောဒီးယားတွင် ၂၀ ရာခိုင်နှုန်းအောက်သာ အင်တာနက်အသုံးပြုနိုင်သေးပါသည်။ စင်ကာပူတွင် ၈၀ ရာခိုင်နှုန်းကျော်နှင့် မလေးရှားတွင် ၇၀ ရာခိုင်နှုန်းကျော် အင်တာနက် သုံးစွဲနေပါသည်။ ထို့ကြောင့် လာအိုနှင့် ကမ္ဘောဒီးယားတွင် အင်တာနက်သုံးစွဲမှု အလွန်နိမ့်ကျနေဆဲဖြစ်သည်။

ထိုကဲ့သို့ အင်တာနက်အသုံးပြုမှုနိမ့်ကျခြင်းက ပြည်ပရင်းနှီးမြှုပ်နှံမှုကို မဆွဲဆောင်နိုင်ကြောင်း တွေ့ရသည်။ အထူးသဖြင့် ကိုယ်ပိုင်ဝက်ဘ်ဆိုက်များ (Websites)ထားရှိပြီး ၎င်းတို့၏ထုတ်ကုန်များကို Online မှ ရောင်းချနိုင်ရန်အတွက် ကြိုးမဲ့အင်တာနက်ချိတ်ဆက်စနစ် (Broadband) လိုအပ်နေပါသည်။ ထို့ကြောင့် အာဆီယံသည် အင်တာနက်ပိုမိုရရှိရေးအတွက် ဒေသတစ်ဝန်းတွင် မိုဘိုင်းကြိုးမဲ့အင်တာနက်ချိတ်ဆက်စနစ် (Universal Mobile Broadband) ကျင့်သုံးသင့်သည်။ ထို့အတွက် သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံများ လိုက်ပါဆောင်ရွက်နိုင်မည့် တစ်ပြေးညီကြိုးမဲ့ အင်တာနက်ချိတ်ဆက်သည့်စီမံကိန်း (Hormonized Broadband Plan) လိုအပ်ပါသည်။ ဥပမာကောင်းတစ်ခုအဖြစ် ၂၀၂၀ ပြည့်နှစ်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် ဒစ်ဂျစ်တယ်အသံလွှင့်ခြင်း (Digital Broadcasting) ကို ပြောင်းလဲဆောင်ရွက်သင့်သည်။

ထို့ပြင် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတွင် အထူးအဖွဲ့ (Special Body)ဖွဲ့စည်းထားရှိသင့်သည်။ သို့မှသာ ဒစ်ဂျစ်တယ်စီးပွားရေးသို့ ချီတက်မည့် ဦးတည်ချက်ချမှတ်ခြင်းနှင့် အကြံပေးခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။ သို့မဟုတ် လွတ်လပ်သော အကြံပေးအဖွဲ့ (Independent Advisory Board)ကိုဖွဲ့စည်းသင့်ပါသည်။ ထိုအဖွဲ့က စျေးကွက်ဆန်းစစ်ခြင်းနှင့် အာဆီယံ၏ ဒစ်ဂျစ်တယ်စီးပွားရေး ဦးတည်ချက်များကို သတ်မှတ်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

နောက်ဆုံးအနေဖြင့် ဒစ်ဂျစ်တယ်ယှဉ်ပြိုင်နိုင်မှု အညွှန်းကိန်းအဖွဲ့ (Digital Competitiveness Index) ကို ဖွဲ့စည်းထားရှိရန် ဖြစ်သည်။ သို့မှသာ အာဆီယံဒစ်ဂျစ်တယ်စီးပွားရေး စွမ်းဆောင်ရည်ကို ခြေရာကောက်ခြင်း၊ တိုင်းတာခြင်းနှင့် အကဲဖြတ်ခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။

**Source: eurasiareview**

## ပြည်တွင်းလုပ်ငန်းများ လက်ဦးမှုရယူ ဝယ်ယူထားသင့်တဲ့ ရှမ်းအစေ့ထုတ်ပြောင်း

ရှမ်းအစေ့ထုတ်ပြောင်းတွေကတော့ ငွေသုံးမပူသေးတဲ့ တောင်သူကြီးတွေမှာ အနည်းငယ်သာကျန်ရှိပြီး ကုန်သည်ကြီးတွေဆီမှာတော့ ကျန်ရှိနေသေးတယ်လို့ သိရှိရပါတယ်။ ယခုနှစ်အစေ့ထုတ်ပြောင်းဈေးက လွန်ခဲ့တဲ့နှစ်တွေထက် သုံးဆနီးပါးရောက်ခဲ့လို့ တရုတ်ဝယ်လက်ကို တောင်သူတွေအစောဆုံး ရောင်းချနိုင်ခဲ့တယ်လို့ဆိုပါတယ်။

ဒေသတွင်းတောင်သူတွေအနေနဲ့ လာမည့်နှစ်ကို အစေ့ထုတ်ပြောင်းတိုးချဲ့စိုက်ပျိုးကြဖို့ ပြင်ဆင်နေကြတယ်လို့လည်းသိရပါတယ်။ ဒေသတွင်းမွေးမြူရေးလုပ်ငန်းများ၊ ပြည်တွင်းအသေးစားလုပ်ငန်းရှင်များအနေဖြင့် တစ်နှစ်တာအသုံးပြုရမယ့်အရေအတွက်ကို လက်ဦးမှုရအောင် ဝယ်ယူထားမှသာ လိုအပ်ချက်ကိုရရှိပြီး စိတ်အေးရမှာပါ။

ယခုနှစ်အစေ့ထုတ်ပြောင်းဈေးမရှိခဲ့လို့ ယခင်နှစ်ကဲ့သို့ ဈေးနှုန်းအကျကို မျှော်ကိုးပြီး စောင့်ဝယ်ယူမယ်ဆိုရင် အစာစပ်လုပ်ငန်းရှင်များအတွက် မွေးမြူရေးအစာအခက်ကြုံနိုင်တယ်လို့ ကုန်သည်အသိုင်းအဝိုင်းမှတစ်ဆင့် သိရပါ တယ်။

ယခုတစ်ပတ် အစေ့ထုတ်ပြောင်းဈေးနှုန်းကတော့ ဟိုပုံးမြို့တွင် တစ်ပိဿာ ကျပ် ၅၅၀မှ ကျပ် ၅၈၀၊ရပ်စောက်မြို့မှာကျပ် ၅၂၀ မှ ကျပ် ၅၅၀၊ တောင်ကြီးမြို့မှာ ကျပ် ၅၅၀မှ ကျပ်၅၈၀ ဈေးအသီးသီးရှိပြီး ဈေးအနည်းငယ်အေးနေတယ်လို့သိရပါတယ်။ သယ်ယူခနှုန်းထားတွေကတော့ တောင်ကြီးမှ မန္တလေး ကျပ် ၄၀၊ မန္တလေးမှ လားရှိုး ကျပ် ၄၀၊ လားရှိုးမှ မူဆယ် ကျပ် ၃၀ ဈေးရှိနေလို့ ယခင်တစ်ပတ်ဈေးနှုန်း အတိုင်းရှိနေတယ်လို့ သိရပါတယ်။

ဒေသအလိုက်အစေ့ထုတ်ပြောင်းခန့်မှန်းလက်ကျန်တွေကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် တန် ၇၂၃၆၀၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ၄၀၉၂၇၄ တန်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တွင် ၁၂၇၈ တန်၊ စုစုပေါင်း ၁၁၄၅၆၅တန် ကျန်ရှိနိုင်တယ်လို့ ရှမ်း(တောင်)ပဲ၊ ပြောင်း၊ နှမ်းအသင်းမှသိရပါတယ်။ **စောမောင်(တောင်ကြီး)**

## ကြက်သွန်

# ပြည်ကြက်သွန်နီဈေးကွက် ဆက်လက်အရောင်းအဝယ်သွက်

ပြည်ဈေးကွက်အတွင်း ကြက်သွန်နီသီးနှံအနေဖြင့် ယခုတစ်ပတ်တွင်လည်း ဆက်လက်၍ အရောင်းအဝယ်သွက် လျက်ရှိနေကြောင်းသိရပါတယ်။

မကွေးတိုင်း၊ အောင်လံ၊ သရက် စတဲ့နယ်များမှ ကြက်သွန်နီများနေ့စဉ်အိတ် ၁၀၀၀ ခန့် ဝင်ရောက်မှုရှိနေပြီး အရည်အသွေးအားဖြင့် ကောင်းမွန်မှုရှိနေကြောင်း သိရပါတယ်။

သင်္ကြန်ခါအတွင်း အလှူအတန်းများအတွက် ကြိုတင်ဝယ်ယူမှုများရှိပြီး ပုံမှန်ဈေးကွက်ဖြစ်သော ဒေသတွင်း ဝယ်လက်သမားများ၊ အိတ်ဆွဲသမားများ၊ ဧရာဝတီတိုင်းနှင့် ရခိုင်ပြည်နယ်တို့သို့ တင်ပို့မှုများအပါအဝင် နေ့စဉ်ဝင်ရောက်မှုရဲ့ အားလုံးကို အရောင်းအဝယ်ဖြစ်နေကြောင်း သိရပါတယ်။

ဈေးနှုန်းများအနေနဲ့ ပြည်ပွဲရုံလက်ကား ဈေးတစ်ပိဿာကို အရည်အသွေးပေါ် မူတည်၍ ကျပ် ၄၅၀-ကျပ်၅၅၀- ကျပ် ၆၀၀ စသည်ဖြင့် ခွဲခြားရောင်းချပြီး လက်လီဈေးများတွင် (ကြီး) ကျပ် ၉၀၀- ကျပ် ၁၀၀၀၊ (လတ်) ကျပ် ၈၀၀၊ (သေး) ကျပ် ၆၅၀ - ကျပ် ၇၀၀၊ (အသေးဆုံး) ကျပ် ၆၀၀နှုန်းတို့ဖြင့် ရောင်းဝယ်လျက်ရှိတဲ့အတွက် ယခုတစ်ပတ်ဈေးမှာ ယခင်တစ်ပတ်ဈေးနှင့်နှိုင်းယှဉ်ပါက ပွဲရုံလက်ကားဈေး ကျပ် ၁၅၀ ခန့် ကျဆင်းပြီး လက်လီဈေးနှုန်းများမှာတော့ ပြောင်းလဲမှုမရှိတာတွေ့ရပါတယ်။

အရည်အသွေးကောင်းပြီး ဈေးနှုန်းချိုသည့်အတွက် ရောင်းရေးဝယ်ရေးကိစ္စများတွင် စားသုံးသူနှင့် လုပ်ငန်းရှင် အကြိုက်ဖြစ်နေပေမယ့် စိုက်ပျိုးသူတောင်သူများမှာတော့ ဈေး နှုန်းများကျဆင်းနေတဲ့အတွက် စိုက်ပျိုးစဉ်အခါက မျိုးဖိုး စရိတ်များကြီးမြင့်ခဲ့သဖြင့် အကျိုးအမြတ်ရရှိမှုနည်းပါးနေကြောင်းသိရှိရပါတယ်။

**ဝင်းလှဲ့ဝါ(ပြည်)**

## ချင်း

# တရုတ်နိုင်ငံသို့ ချင်းခြောက်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ချင်းစိုတင်ပို့

မြန်မာ- တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ မတ်လ နောက်ဆုံးပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၉၀၁၅တန်ဖိုးရှိ ချင်းခြောက် ၅၁တန်ကို တင်ပို့ခဲ့ပါတယ်။

အလားတူ မြန်မာ- ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေနဲ့ မောင်တောကုန်သွယ်ရေးစခန်းမှလည်း အမေရိကန် ဒေါ်လာ ၁၆၅၉၀တန်ဖိုးရှိ ချင်းစို ၂၉ တန်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ခဲ့ရာ စခန်းအလိုက်တင်ပို့မှုမှာ စစ်တွေမှ ၁၉ တန်၊ မောင်တောမှ ၁၀ တန်ဖြစ်ပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ချင်းခြောက်တစ်တန်လျှင် မိမိဘက်ပေါက်ဈေး(ငွေလဲနှုန်းအရ) ကျပ် ၁၀၁၅၉၂၀ ခန့်ရှိပြီး စစ်တွေမှာ ချင်းစိုတစ်တန်လျှင် ကျပ် ၁၀၁၅၅၇၀ ဈေးဝန်းကျင်ရှိတယ်လို့သိရပါတယ်။ **မော်မော်အောင်**

# ဒီတစ်ပတ် ရှမ်းချင်းဈေးတက်

ဒီတစ်ပတ်အောင်ပန်းချင်းဈေးတက်လာပါတယ်။ ပြီးခဲ့တဲ့လမှ ယခင်တစ်ပတ်အထိ ချင်းဈေးမှာ တစ်ပိဿာ ကျပ် ၂၀၀ မှ ကျပ် ၄၀၀ ဝန်းကျင်ဖြင့်ဈေးငြိမ်နေခဲ့ရာမှ ဒီ တစ်ပတ်မှာတော့ ဈေးပုံမှန်သာရှိတယ်လို့သိပါတယ်။ ပစ္စည်းအဝင်ပုံမှန်ရှိပေမယ့် အခါနီးလာတဲ့အတွက် ယခင်တစ်ပတ်ထက်စာရင် ရောင်းသမားနည်းသွားတယ်လို့သိရပါတယ်။

ဒီတစ်ပတ်မှာ ရန်ကုန်ဝယ်လက်တွေက Export တင်ဖို့အတွက် အဝယ်ရှိလို့ ပိဿာချိန်နှစ်သိန်းနီးပါးခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရှိရပါတယ်။ အခါဈေးနီးလို့အဝင်နည်းတာရယ်၊ ရန်ကုန်ဝယ်လက်အဆွဲရှိတာရယ်ကြောင့် ဈေးကတော့ အခက်အကြီးအသေးပေါ် မူတည်ပြီးတော့ တစ်ပိဿာကိုကျပ် ၂၀၀မှ ကျပ် ၅၀၀အထိဈေးရှိပြီး ချင်းခြောက်ကတော့ တစ်ပိဿာကို ကျပ် ၅၀၀ မှ ကျပ် ၈၅၀ ထိဈေးရှိပါတယ်။ ချင်းခြောက်တွေသာပြုလုပ်ထားပြီး ချင်းခြောက်ဝယ်လက်ကတော့ မရှိသေးဘူးလို့သိရှိရပါတယ်။

ဟိုပုံးချင်းဈေးကတော့ တစ်ပိဿာ ကျပ် ၄၀၀ ဝန်းကျင် ဈေးရှိပါတယ်။ လှောင်လက်များနဲ့ တောင်သူတွေလက်ထဲမှာ ပစ္စည်းရှိပေမယ့် ဝယ်လက်မရှိဘူးလို့လည်း သိရပါတယ်။ ချင်းခြောက်ကတော့ တစ်ပိဿာကို ကျပ် ၉၀၀ ဈေးရှိတယ်လို့ သိရှိရပါတယ်။

**apm,kaxG(awmifBuD)**

# ချင်းတန်ချိန် ၁၂၅၀ကျော်တင်ပို့

မတ်လ ၂၅ ရက်မှ ၃၁ ရက်အထိ သီတင်းပတ်အတွင်း ချင်း ၁၂၅၂ ဒသမ ၅၀ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တန်ချိန် ၁၂၀၀၊ အင်ဒိုနီးရှားနိုင်ငံသို့ ၂၅ ဒသမ ၅၀ တန်နဲ့ စင်ကာပူနိုင်ငံသို့ ၂၇တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အများဆုံးတင်ပို့ခဲ့ပါတယ်။

ယခင်သီတင်းပတ်ကတင်ပို့ခဲ့တဲ့ ချင်းတန်ချိန် ၇၉၀ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ချင်းတန်ချိန် ၄၆၀ ကျော် ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ချင်းတစ်တန်ကို ပျမ်းမျှ အမေရိကန်ဒေါ်လာ ၂၁၅-၂၂၀ ရရှိခဲ့တယ်လို့ သိရပါတယ်။ ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၇၅၄၁၅ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**oDwm0if;(DOT)**

## လက်ဖက်ခြောက်

# မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ လက်ဖက်ခြောက်ပိုမိုတင်ပို့

၂၀၁၈ခုနှစ် မတ်လနောက်ဆုံးပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ် နိုင်ငံသို့ အမေရိကန် ဒေါ်လာ ၂၁၄၆၅ တန်ဖိုးရှိ လက်ဖက်ခြောက် ၄၈ တန်ခွဲ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၂တန်ခွဲနဲ့နှိုင်းယှဉ်ပါက ယခုတစ်ပတ်တွင် ၃၆ တန် ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။

အမေရိကန်နိုင်ငံသို့ မြန်မာ့လက်ဖက်အစိုများတင်ပို့ရန် နမ့်ဆန်မြို့ ဇယန်းကျေးရွာ၌ စံပြလက်ဖက်စိုစက်ရုံကိုတည်ဆောက်ပြီး အမေရိကန်ကုမ္ပဏီများနဲ့ပူးပေါင်းကာ မြန်မာ့အော်ဂဲနစ်လက်ဖက်အစိုကို အမေရိကန်ဈေးကွက်သို့ စမ်းသပ်တင်ပို့မှုများဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံလက်ဖက်လုပ်ငန်းရှင်များအသင်းမှသိရပါတယ်။ **မော်မော်အောင်**

## နနွင်း

# နနွင်းတန်ချိန် ၁၅၀ နီးပါးတင်ပို့

မတ်လ ၂၅ ရက်မှ ၃၁ ရက်အထိ သီတင်းပတ်အတွင်း နနွင်း ၁၄၆ ဒသမ ၅၀ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ဒီတစ်ပတ် အိန္ဒိယနိုင်ငံသို့ ၁၆ ဒသမ ၅၀ တန်နဲ့ မလေးရှားနိုင်ငံသို့ တန်ချိန် ၁၃၀ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က နနွင်း ၁၀၆ တန်ကျော် တင်ပို့ခဲ့တာကြောင့် ဒီတစ်ပတ်မှာနနွင်းတန် ၄၀ ကျော် ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၀၆၉၄၅ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**oDwm0if;(DOT**

# မတ်လတွင် မူဆယ်မှနနွင်းတက် တန်ချိန် ၁၉၀၀နီးပါး တင်ပို့နိုင်ခဲ့

မြန်မာ- တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် မတ်လနောက်ဆုံးပတ်တွင် အမေရိကန်ဒေါ်လာ ၃၅၃၆၁၂ တန်ဖိုးရှိ နနွင်းတက်(ရှမ်းစ) ၄၈၄ တန်ကျော်ကို တရုတ်နိုင်ငံသို့တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၄၀၂ တန်ကျော်နဲ့နှိုင်းယှဉ်ပါက ယခုတစ်ပတ်တွင် ၈၂ တန် ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ နနွင်းတစ်တန်ရဲ့ မိမိဘက်ပေါက်ဈေး(ငွေလဲနှုန်းအရ) ကျပ် ၉၇၁၆၃၀ ခန့်ရှိခဲ့ကြောင်း၊ မတ်လတစ်လလုံး မူဆယ်မှ နနွင်းတက် တန်ချိန် ၁၉၀၀ နီးပါးကို တရုတ်နိုင်ငံသို့တင်ပို့ခဲ့ကြောင်း မူဆယ်ကုန်သွယ်ရေးစခန်းရဲ့စာရင်းများအရ သိရပါတယ်။ **မော်မော်အောင်**



# အောင်ပန်းဈေးကွက်မှာ အဝင်များနေတဲ့ ရှမ်းနနွင်း

အောင်ပန်းဈေးကွက်မှာတော့ နနွင်းတွေကအဝင်များနေပါတယ်။ အဝင်များပေမယ့် အရောင်းအဝယ်ကတော့ ဒေသတွင်းသာအရောင်းအဝယ်ဖြစ်နေပါတယ်။ တောင်ပို့လစနနွင်းတွေသာအဝင်များပြီး ဆင်တောင်နနွင်းတွေကတော့ ဈေးစောင့်နေတာကြောင့် သိပ်မဝင်ဘူးလို့သိရပါတယ်။ တချို့တောင်သူတွေကလည်း အခါသုံးဖို့အတွက် ပစ္စည်းတွေထုတ်ရောင်းကြပြီး တချို့ကလည်း ဈေးစောင့်နေတယ်လို့ သိရပါတယ်။ ဒေသတွင်းအမှုန့်ကြိတ်လုပ်ငန်းလုပ်ကိုင်သူများသာ အဆွဲရှိတယ်လို့လည်းသိရပါတယ်။ ဈေးနှုန်းကတော့ အောက်စတွေက တစ်ပိဿာကို ကျပ် ၈၀၀မှ ကျပ် ၉၀၀၊ လတ်စတွေက တစ်ပိဿာကျပ် ၁၀၀၀ မှ ကျပ် ၁၅၀၀၊ ထိပ်စတွေကတော့ တစ်ပိဿာကို ကျပ် ၂၀၀၀ ထိဈေးရှိပြီး တစ်ပတ်အတွင်းပိဿာချိန် ရှစ်သောင်းခွဲခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရှိပါတယ်။

ဟိုပုံးဈေးကွက်မှာတော့ နနွင်းမှာလည်းချင်းဈေးလိုကဲ့သို့ ဈေးသာရှိပြီး ဝယ်လက် မရှိဖြစ်နေတယ်လို့ သိရှိရပါတယ်။ နနွင်းဈေးကတော့တစ်ပိဿာကို ကျပ် ၉၅၀ မှ ကျပ် ၁၀၀၀ ဈေးရှိတယ်လို့ပွဲရုံများမှ သိရှိရပါတယ်။ **စောယုထွေး(တောင်ကြီး)**

## မန်ကျည်း

# မန်ကျည်းတင်ပို့အားကောင်း

မတ်လ ၂၅ ရက်မှ ၃၁ ရက်အထိ သီတင်းပတ်အတွင်း မန်ကျည်း ၁၉၃၇ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တန်ချိန် ၃၀၀၊ အင်ဒိုနီးရှားနိုင်ငံသို့ တန်ချိန် ၅၀၊ မလေးရှားနိုင်ငံသို့ ၈၈၂ တန်၊ စင်ကာပူနိုင်ငံသို့ တန်ချိန် ၆၃၀ နဲ့ ထိုင်းနိုင်ငံသို့ ၇၅ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့မန်ကျည်းတန်ချိန် ၁၆၀၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၃၂၀ ကျော် ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ မတ်လအတွင်းမန်ကျည်းတင်ပို့အားကောင်းခဲ့တယ်လို့ သိရပါတယ်။ မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၈၁၆၆၉၅ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**oDwm0if;(DOT)**




GLOBAL WORLD INSURANCE CO., LTD
" စိတ်အေးချမ်းသာစွာ ခရီးသွားဖို့
ဂလိုဘယ်ဝေါ(လ်)
မှာ ခရီးသွားအာမခံဝယ်ယူစို့ ..."
myanmar
HOTLINE 09-33087771
CALL CENTER 01-9670777
ရုံးချုပ် အမှတ်(၆၂)၊ဗဟိုရိပ်သာအိမ်ယာဝင်း၊ဝါးတန်းလမ်း၊လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့
ရန်ကုန် အမှတ်(၉)၊ရွှေမာလာရိပ်မွန်၊ဘုရင့်နောင်လမ်းမကြီး၊ကမာရွတ်မြို့နယ်၊ရန်ကုန်မြို့
မန္တလေး အမှတ်(ဂ၆)၊၆၂လမ်း၊၃၄ × ၃၅ကြား၊ချမ်းအေးသာဇံမြို့နယ်၊မန္တလေးမြို့
မကွေး အမှတ်(၁၁-၁၂)၊တိုင်း(အား/ကာ)တိုက်တန်း၊ရန်ကျော်ရပ်၊မကွေးမြို့




MT မျိုးသိန်း အီလက်ထရောနစ်
PHILIPS
SHARP




SINMA FURNISHINGS CO., LTD.
SINMA
FURNISHINGS
● No. 103/A, Dhamazedi Road, Kamayut Township, Yangon, Myanmar.
Tel : +95-1-539413, +95-9-4500 35694
● 3rd Floor, Thiri Mingalar Market (Old Building) KyeeMyinTaing Township, Yangon.
Tel: +95-1-2300974, 2301004, 2301008, Fax: +95-1-2315581 Email: info@sinmafurniture.com
● No. 51, 62nd Street, Between Ma Naw Ha Yi Street & Sein Pan Street,
Chan Mya Tha Si Township, Mandalay.
Tel: +95-2-81698, +95-9-91036216, +95-9-444020510, +95-9-457183540
● No. 2, Thiri Yadana Road, Corner of Zayar Htarni Road,
Commercial Complex, Ottayathiri Township, Naypyitaw, Myanmar.
Tel: +95-67-433312, +95-67-433325, Hotline : +95-67-433316

MYAWADDY
TRADING LIMITED
To be the leading organization in trading sector
To deliver best supports to achieve business goals by implementing
the trading business in most efficient and effective way
MYAWADDY TRADING LIMITED
YANGON
E-mail myawaddytrading@gmail.com
Website: www.myawaddytrade.com

## ဓာတ်ဆီ/ဒီဇယ်

# ဒီတစ်ပတ် ဓာတ်ဆီ၊ ဒီဇယ်အဝင်လျော့

မတ် ၂၅ ရက်မှ ၃၁ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၉၉၇၆၆၄၈ တန်ဖိုးရှိ ဒီဇယ် ၅၂၆၀၁ ဒသမ ၇၇ တန်နဲ့ အမေရိကန်ဒေါ်လာ ၇၂၆၉၀၆၉ တန်ဖိုးရှိ ဓာတ်ဆီ ၁၃၆၅၂ ဒသမ ၅၂ တန်၊ စုစုပေါင်း ဒီဇယ်၊ ဓာတ်ဆီ ၆၆၂၅၄ ဒသမ ၂၉ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၈၀၃၃၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၂၇၇၂၀ ကျော် တင်သွင်းမှု လျော့နည်းခဲ့သလို ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဓာတ်ဆီတန်ချိန် ၂၇၇၀၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၁၄၀၄၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့ပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဒီဇယ်ရောဓာတ်ဆီပါ အဝင်လျော့ခဲ့ပါတယ်။

နယ်စပ်စခန်းဖြစ်တဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၃၁ သန်းတန်ဖိုးရှိ Re-export ဒီဇယ် ၂၇၂၈၅၁ ဒသမ ၂၉၆ တန် တင်ပို့ခဲ့ပြီး၊ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၃၇၅၃၅၀ တန်ဖိုးရှိ ဒီဇယ် ၆၃၅ ဒသမ ၃၇၆ တန် တင်သွင်းခဲ့သလို မြိတ်ကုန်သွယ်ရေး စခန်းမှ အမေရိကန်ဒေါ်လာ ၁၈၁၁၈၉၅ တန်ဖိုးရှိဒီဇယ် ၃၀၇၉ ဒသမ ၈၀၉ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**&efukefaps;uGuf**မှာဓာတ်ဆီရောဒီဇယ်ပါပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့တစ်လီတာဈေးနှုန်းများမှာ ဒီဇယ် ကျပ် ၈၂၀၊ အောက်တိန်း (92) ၇၉၅ ကျပ်၊ အောက်တိန်း (95) ကျပ် ၈၃၀၊ အဆင့်မြင့်ဒီဇယ် ကျပ် ၈၃၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဧပြီ ၂ ရက်မှာ ဒီဇယ်ဝယ်ဈေး ကျပ် ၁၇၀၀၀၀၊ ရောင်းဈေး ကျပ် ၁၇၅၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဧပြီ ၂ ရက်မှာ ဓာတ်ဆီဝယ်ဈေး ကျပ် ၁၇၅၀၀၀၊ ရောင်းဈေး ကျပ် ၁၇၈၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ် ဈေးနဲ့ယှဉ်ရင် ဒီဇယ်ရော ဓာတ်ဆီပါ ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။

**rEÅav;aps;uGuf**မှာ ဓာတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် အောက်တိန်း(92)နဲ့ အောက်တိန်း(95)၊ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာ ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာအောက်တိန်း (95) တစ်လီတာ ကျပ် ၉၁၀၊ ဒီဇယ်တစ်လီတာ ကျပ် ၈၆၀၊ အဆင့်မြင့်ဒီဇယ်တစ်လီတာ ကျပ် ၈၇၀၊ အောက်တိန်း(92) တစ်လီတာ ကျပ် ၈၇၀၊ ဓာတ်ဆီတစ်လီတာ ကျပ် ၈၂၀ နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ပီပါ ဈေးများမှာ ဧပြီ ၂ ရက်တွင် ဒီဇယ်ဝယ်ဈေး ကျပ် ၁၇၄၀၀၀၊ ရောင်းဈေး ကျပ် ၁၇၆၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့ တယ်လို့ သိရပါတယ်။ အောက်တိန်း (92)ဈေးမှာ ဧပြီ ၂ ရက်တွင် ဝယ်ဈေး ကျပ် ၁၆၈၀၀၀၊ ရောင်းဈေး ကျပ် ၁၇၀၀၀၀နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဒီဇယ်ဈေးနည်းနည်းမြင့်လာပေမယ့် ဓာတ်ဆီဈေးငြိမ်နေတယ်လို့ သိရပါတယ်။

**armfvNrdKifaps;uGuf**မှာအရောင်းအဝယ်ပုံမှန်ရှိတယ်လို့သိရပါတယ်။ ဒီတစ်ပတ် အဆင့်မြင့်ဒီဇယ်၊ အောက်တိန်း(95) နဲ့ အောက်တိန်း(92)မှာ ဈေးအနည်းငယ်မြင့်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးများမှာ ဓာတ်ဆီ ၇၅၅ ကျပ်၊ အဆင့်မြင့်ဒီဇယ်ကျပ် ၈၈၀၊ အောက်တိန်း(92) ၈၄၅ ကျပ်၊ အောက်တိန်း (95) ၈၇၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလံ ကျပ် ၃၄၀၀၊ အဆင့်မြင့်ဒီဇယ်တစ်ဂါလံ ကျပ် ၃၉၀၀၊ အောက်တိန်း (92)တစ်ဂါလံ ကျပ် ၃၈၀၀၊ အောက်တိန်း(95) တစ်ဂါလံ ကျပ် ၃၉၀၀ နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ သိရပါတယ်။

**awmifBuD;aps;uGuf**မှာအရောင်းအဝယ်ပုံမှန်ရှိပြီးဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ ဒီဇယ် တစ်လီတာကျပ် ၈၇၀၊ အဆင့်မြင့်ဒီဇယ် ကျပ် ၈၉၀၊ အောက်တိန်း (92) ၈၅၅ ကျပ်၊ အောက်တိန်း (95) ကျပ် ၁၀၁၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။ပြင်ပလက်လီဆိုင်များမှာ ဒီဇယ်တစ်ဂါလံ ကျပ် ၃၉၀၀၊ အောက်တိန်း (92) တစ်ဂါလံ ကျပ် ၃၈၀၀ နဲ့အရောင်းအဝယ် ဖြစ်တယ်လို့ သိရပါတယ်။

**MIRT-DOT**

# ယခုတစ်ပတ် ဒေါ်လာအကျဈေးဖြင့် ရောင်းဝယ်ခဲ့

ပြည်တွင်းငွေလဲဈေးကွက်သည် ဧပြီပထမပတ်အတွင်း ဈေးဆက်လက်ကျဆင်းခဲ့ပြီး အရောင်းအဝယ်အနည်းငယ်သာဖြစ်ခဲ့ကြောင်း သတင်းရရှိသည်။ မြန်မာ နိုင်ငံတော်ဗဟိုဘဏ်ကလည်း ရည်ညွှန်းငွေလဲနှုန်းကို အမေရိကန်တစ်ဒေါ်လာ ၁၃၃၅ ကျပ်မှ ကျပ် ၁၃၃၀သို့ ပြောင်းလဲသတ်မှတ်ခဲ့ကြောင်း သိရသည်။

ကမ္ဘာ့စီးပွားရေးအင်အားကြီးနှစ်နိုင်ငံအကြား ကုန်သွယ်ရေးတင်းမာမှု ဖြစ်ပေါ်နေချိန်တွင် အမေရိကန်စတော့ရှယ်ယာများမှာ ရေနံဈေးနှင့် အတူကျဆင်းခဲ့ကြောင်း၊ အစုရှယ်ယာဈေးကွက်အတွင်း စတော့ရှယ်ယာဈေးနှုန်း ကျဆင်းခြင်းကြောင့် အမေရိကန်စီးပွားရေးလောကအတွင်း မတည်ငြိမ်မှုများ ဖြစ်ပေါ်ကာ အမေရိကန်ဒေါ်လာငွေကြေးတန်ဖိုးအပေါ် ရိုက်ခတ်မှုများရှိခဲ့ကြောင်း သိရသည်။

ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် ဧပြီ ၂ ရက်က အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၃၂၂ကျပ်၊ ဝယ်ဈေး ၁၃၂၄ ကျပ်၊ ဧပြီ ၄ ရက်တွင် အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၃၂၄ ကျပ်၊ ဝယ်ဈေး ၁၃၂၆ကျပ်ရှိခဲ့ပြီး ဧပြီ ၆ရက်တွင် အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၃၂၄ ကျပ်၊ဝယ်ဈေး ၁၃၂၆ ကျပ်ဖြင့် ရောင်းဝယ်ခဲ့ကြောင်း သိရသည်။

**သန်းထိုက်အောင်**

# ရွှေဈေးမြင့်တက်လာခဲ့သည့် ရက်သတ္တပတ်

ဧပြီပထမပတ်အတွင်း ပြည်တွင်းရွှေဈေးကွက်မှာ ဈေးမြင့်တက်လာခဲ့ပြီး ကမ္ဘာ့ရွှေဈေးမှာလည်း ကုန်သွယ်ရေးစစ်ပွဲတင်းမာမှုနှင့်အတူ ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း ပြည်တွင်းရွှေဈေးကွက်မှ စုံစမ်းသိရှိရသည်။ ပြီးခဲ့တဲ့ရက်သတ္တပတ်အတွင်းက ကျပ် ၉၃၉၅၀၀ ဈေးရှိခဲ့သော ပြည်တွင်းရွှေဈေးနှုန်းများသည် ယခုတစ်ပတ်အတွင်း ကျပ် ၉၄၁၀၀၀ သို့မြင့်တက်ခဲ့ကြောင်း သိရသည်။

အမေရိကန်-တရုတ် ကုန်သွယ်ရေးတင်းမာမှုအပေါ် စိုးရိမ်မှုများဖြစ်ပေါ်နေစဉ် သမ္မတဒေါ်နယ်ထရန့်က တရုတ်နိုင်ငံအပေါ် ထပ်တိုးအခွန်ငွေဒေါ်လာဘီလီယံ ၁၀၀ ကောက်ယူမည့်အဆိုပြုချက် ထွက်ပေါ်လာခြင်းကြောင့် ရင်းနှီးမြှုပ်နှံသူများသည် စိတ်ချရသော ရွှေကိုဝယ်ယူလာခဲ့ခြင်းဖြစ်ကြောင်း ပြည်တွင်းရွှေအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောသည်။

ပြည်တွင်းရွှေဈေးကွက်တွင် ဧပြီ ၂ ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၉၄၀၀၀၀ ဝန်းကျင်ရှိခဲ့ရာမှ ဧပြီ ၃ ရက်တွင် ကျပ် ၉၄၃၀၀၀ သို့ပြန်တက်လာခဲ့ကာ ဧပြီ ၆ ရက်တွင် ကျပ် ၉၄၁၀၀၀ ဖြင့် ဈေးပိတ်ခဲ့ကြောင်း သိရသည်။ ကမ္ဘာ့ရွှေဈေးကွက်တွင်လည်း ဧပြီ ၂ရက်က တစ်အောင်စလျှင် ၁၃၃၀ အမေရိကန်ဒေါ်လာရှိခဲ့ရာမှ ဧပြီ ၃ရက်တွင် တစ်အောင်စလျှင် ၁၃၄၀ အမေရိကန်ဒေါ်လာသို့ မြင့်တက်ခဲ့ပြီး ဧပြီ ၆ရက်တွင် ၁၃၃၃ အ မေရိကန် ဒေါ်လာသို့ကျဆင်းခဲ့ကြောင်း သိရသည်။

**သန်းထိုက်အောင်**

# စတော့အိတ်ချိန်း စာရင်းဝင်ခြင်းဆိုင်ရာ အကြံပေးဌာန တည်ထောင်

ရန်ကုန်စတော့အိတ်ချိန်း(YSX)၌စာရင်းဝင်လိုသော ပြည်တွင်း၊ ပြည်ပကုမ္ပဏီများအတွက် စာရင်းဝင်ခြင်းဆိုင်ရာ အကြံပေးဌာန (Listing Constulting Division) ကို စတင်တည်ထောင်လိုက်ကြောင်း သတင်းရရှိသည်။

အဆိုပါဌာနကို Listing and Trading Participant Department၏ ဌာနခွဲတစ်ခုအဖြစ် ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဧပြီ ၂ ရက်တွင် လုပ်ငန်းစတင်ခဲ့ကြောင်း သိရသည်။

ရန်ကုန် စတော့အိတ်ချိန်းတွင် စာရင်းဝင်လိုသော ပြည်တွင်း၊ ပြည်ပကုမ္ပဏီများနှင့် ဆက်စပ်အဖွဲ့အစည်းများဖြစ်သော ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၊ ဥပဒေအကျိုးဆောင်ကုမ္ပဏီများနှင့် စာရင်းစစ်အဖွဲ့အစည်းများမှ သိရှိလိုသော စာရင်းဝင်စံနှုန်းများ၊ စာရင်းဝင် စည်းမျဉ်းများနှင့် စာရင်းဝင်စစ်ဆေးခြင်း လုပ်ထုံးလုပ်နည်းများအပြင် အခြားဆက်စပ်သော ကိစ္စရပ်များကို အဆင်ပြေချောမွေ့စွာ ညှိနှိုင်းတိုင်ပင်နိုင်ရေးစသည့် ရည်ရွယ်ချက်ဖြင့်ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ခြင်းနှင့် စပ်လျဉ်းသည့်ပြင်ဆင်မှုများတွင် ကြုံတွေ့ရသော ကိစ္စရပ်များနှင့် သိရှိလိုသောအကြောင်းအရာများကို တယ်လီဖုန်းဖြင့်ဖြစ်စေ၊ အီးမေးဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ စုံစမ်းမေးမြန်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်အောင်**

## Currency Exchange Rate

April 6, 2018

Base Currency is United States Dollar - USD

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.30 |
| BDT Bangladesh Taka | 83.75 |
| CAD Canada Dollars | 1.28 |
| CNY China Yuan Renminbi | 6.30 |
| EUR Euro | 0.82 |
| H KDHong Kong Dollars | 7.85 |
| I NR India Rupees | 65.03 |
| I DR Indonesia Rupiahs | 13779.23 |
| JPY Japan Yen | 107.33 |
| MYR Malaysia | 3.87 |
| PKR Pakistan Rupees | 115.91 |
| PHP Philippines Pesos | 52.12 |
| RUB Russia Rubles | 57.69 |
| SGD Singapore Dollars | 1.32 |
| KRW South Korea Won | 1068.58 |
| LKR Sri Lanka Rupe | 155.60 |
| THB Thailand Baht | 31.29 |
| GBP United Kingdom Pounds | 0.71 |
| VND VietnamDon | 22803.98 |

*Source:xe.com*

## World Gold Price

March-2018 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 2 | 1333 | 1331 | 1331 |
| 3 | 1342 | 1340 | 1341 |
| 4 | 1338 | 1336 | 1336 |
| 5 | 1332 | 1330 | 1330 |
| 6 | 1330 | 1329 | 1329 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 2-4- 2018 | 940.00 | 939.50 |
| 3-4- 2018 | 943.50 | 943.00 |
| 4-4- 2018 | 941.50 | 941.80 |
| 5-4- 2018 | 941.50 | 941.80 |
| 6-4- 2018 | 941.00 | 940.50 |

## နယ်စပ်ငွေလဲလှယ်နှုန်း

မတ်လ ၂၀၁၈ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 2 | 6.29 | 31.19 | 83.06 | 65.04 |
| 3 | 6.29 | 31.20 | 83.26 | 65.05 |
| 4 | 6.30 | 31.23 | 83.40 | 65.01 |
| 5 | 6.31 | 31.22 | 83.53 | 65.06 |
| 6 | 6.30 | 31.29 | 83.75 | 65.03 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 19-March | 16.23 | 3247.59 | 2052.37 | 6824.47 | 941.00 |
| 20-March | 16.31 | 3258.61 | 2068.01 | 6827.11 | 951.00 |
| 21-March | 16.22 | 3230.40 | 2059.64 | 6744.68 | 943.00 |
| 22-March | 16.50 | 3268.31 | 2078.37 | 6784.79 | 957.00 |
| 23-March | 16.48 | 3219.60 | 2049.94 | 6635.36 | 954.00 |

## Energy NYMEX 6-4-2018

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 63.07 | -0.47 | -0.74 |
| Brent Crude Futr (USD/bbl) | 67.81 | -0.52 | -0.76 |
| Gasoline Rbob Fut (Cent/gal) | 196.87 | -1.29 | -0.65 |
| Natural Gas Futr (USD/MMBtu) | 2.69 | 0.01 | 0.52 |
| Heating Oil Futr (Cent/gal) | 196.57 | -1.08 | -0.55 |

## ဘိလပ်မြေ

### ရေလမ်းမှ ဘိလပ်မြေတန်ချိန် ၁၀၀၀၀ ကျော်ဝင်

မတ်လ ၂၅ ရက်မှ ၃၁ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၃၂၆၅၂၃ တန်ဖိုးရှိ ဘိလပ်မြေ၁၈၄၂၉ ဒသမ ၂၀၁ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် တရုတ်နိုင်ငံမှ ၄ ဒသမ ၂၀တန်၊ မလေးရှားနိုင်ငံမှ တန်ချိန် ၇၀၀၀၊ ထိုင်းနိုင်ငံမှ ၁၁၄၂၅ တန်နဲ့ ဂျပန်နိုင်ငံမှ သုညဒသမ ၀၀၁ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်ကတင်သွင်းခဲ့တဲ့ ဘိလပ်မြေတန်ချိန် ၅၁၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၁၇၉၁၀ ကျော်ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

မတ်လ၂၄ရက်မှ ၃၀ ရက်အထိသီတင်းပတ်အတွင်း နယ်စပ်လမ်းမှဘိလပ်မြေ အဝင်မှာတန်ချိန် ၂၁၆၄၀ ရှိပြီး ယခင်သီတင်းပတ်ကဘိလပ်မြေ အဝင်မှာ ၂၇၂၀၀ တန်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၅၅၆၀ ကျော်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှအဝင်ပိုခဲ့ပြီးနယ်စပ်လမ်းမှ ဘိလပ်မြေ အဝင်လျော့ခဲ့ပါတယ်။

### ဘိလပ်မြေဈေးကွက် အရောင်းသွက်

armfvNrdKifbdvyfajraps;uGufမှာအရောင်းအဝယ်ပုံမှန်ရှိပြီးဈေးကငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၇၅၀ ၊ ဆင်(ထိုင်း)ကျပ် ၅၇၅၀၊ ကြံ့(မြန်မာ)ကျပ် ၄၈၅၀၊စိန်(ထိုင်း) ကျပ် ၅၇၅၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

rEÅav;bdvyfajraps;uGufrSmခုချိန်ကလုပ်ငန်းများလက်စသတ်နေတာကြောင့် အရောင်းအဝယ်ပါးတယ်လို့သိရပါတယ်။ သင်္ကြန်နောက်ပိုင်းမှ အရောင်းအဝယ်ပြန်ကောင်းမယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးမှ ခန့်မှန်းပြောဆိုပါတယ်။ ဒီတစ်ပတ် အယ်လ်ဖာဘိလပ်မြေက ကျပ် ၁၀၀ ဈေးကျပြီး ဘလူးဒိုင်းမွန်းဘိလပ်မြေက ကျပ် ၃၀၀ ဈေးမြင့်ခဲ့ပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးအတိုင်းအရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံး ကျပ် ၄၈၀၀၊ ကြံ့နှစ်ကောင် ကျပ် ၅၀၀၀၊အယ်လ်ဖာကျပ်၄၉၀၀၊ ဘလူးဒိုင်းမွန်း ကျပ် ၄၈၀၀၊ ခရောင်းကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၈၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရ ပါတယ်။

rauG;bdvyfajraps;uGufမှာ အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ဒီတစ်ပတ် အပါချီနဲ့ ကြံ့ဘိလပ်မြေ က ကျပ် ၁၀၀ ဈေးမြင့်ပြီး ကျန်ဘိလပ်မြေက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၈၀၀၊ ကြံ့ကျပ် ၅၄၀၀၊ ဆင်(ထိုင်း) ကျပ် ၆၅၀၀၊ အပါချီ ကျပ် ၅၄၀၀၊ စိန်(ထိုင်း)ကျပ် ၆၁၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရှိရပါတယ်။

awmifBuD;aps;uGufrSmအရောင်းအဝယ်ပါးပြီးဈေးငြိမ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ နဂါး၊ အပါချီနဲ့ အေသုံးလုံး ဘိလပ်မြေများက ပစ္စည်းပြတ်နေတယ်လို့ သိရပါတယ်။အဖွင့်ဈေးတော့ရှိတယ်။ ရောင်းစရာပစ္စည်းမရှိတာလို့ အိမ်ဆောက် ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးမှ ပြောပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း) ကျပ် ၇၀၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ်၄၃၀၀၊ ကမ္ဘောဇ ကျပ် ၄၄၀၀၊ နဂါးကျပ် ၄၄၀၀၊ ဆင်(ထိုင်း) ကျပ် ၆၄၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**သီတာဝင်း(DOT) စုစည်းသည်**

## ဓာတ်မြေသြဇာ

### ဒီတစ်ပတ် မြေသြဇာတန်ချိန် ၄၀၀၀ ကျော်ဝင်

မတ်လ ၂၅ ရက်မှ ၃၁ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၆၇၇၁၀၃ တန်ဖိုးရှိမြေသြဇာ ၄၂၆၇ ဒသမ ၉၈ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ကနေဒါနိုင်ငံမှ တန်ချိန် ၅၀၀၊ နော်ဝေနိုင်ငံမှ ၂၉၉ ဒသမ ၅၃ တန်၊ ထိုင်းနိုင်ငံမှ ၂၇၃၇ တန်၊ ယူကေနိုင်ငံမှ ၇ဒသမ ၄၃၅ တန်နဲ့ဗီယက်နမ်နိုင်ငံမှ ၇၂၄ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ အာမို၊ ကွန်ပေါင်း (၁၅း၁၅း၁၅)၊ ကွန်ပေါင်း (၁၆း၁၆း၈)၊ အမိုးနီးယမ်းဆာလဖိတ်၊ ပိုတက်၊ ဖလော်ရာ၊ အာမို(ပန်းရောင်)နဲ့ ဖော့စဖိတ် မြေသြဇာတို့ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ မြေသြဇာတန်ချိန် ၅၆၃၀ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၁၃၆၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် ဖေဖော်ဝါရီလအတွင်း မြေသြဇာတင်သွင်းမှုမှာ တန်ချိန် ၃၀၄၆၄ တန်ကျော်ရှိပြီး မတ်လအတွင်း မြေသြဇာတင်သွင်းမှုမှာတန်ချိန် ၃၉၄၆၂ တန်ကျော်ရှိတာကြောင့် မတ်လမှာမြေသြဇာတင်သွင်းမှုတန်ချိန် ၈၉၉၀ ကျော်ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

### အရောင်းအဝယ်အေးနေတဲ့ မြေသြဇာဈေးကွက်

မတ်လ ၁၇ ရက်မှ ၂၃ ရက်အထိ နယ်စပ်လမ်းမှ မြေသြဇာအဝင်မှာ တန်ချိန် ၂၇၂၀၀ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်ကအဝင်မှာ တန်ချိန် ၁၉၈၇၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၇၃၂၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာရေလမ်းမှ အဝင်လျော့ခဲ့ပြီး နယ်စပ်လမ်းမှ မြေသြဇာ အဝင်ပိုခဲ့ပါတယ်။ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်၊တောင်ကြီး၊မကွေးနဲ့ မန္တလေးမှာအရောင်းအေးတယ်လို့ သိရပါတယ်။

armfvNrdKifaps;uGufrSmအရောင်းအဝယ်ဆက်အေးနေတယ်လို့သိရပါတယ်။ အရောင်းအဝယ်အေးသလိုဈေးလည်းငြိမ်တယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး ၄၆% (ရွှေတောင်-တရုတ်) ကျပ် ၂၄၀၀၀၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ကျပ် ၄၀၅၀၀၊ ကွန်ပေါင်း (ပန်းရောင်) ကျပ် ၃၂၅၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ်၃၀၀၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်)ကျပ် ၂၃၅၀၀၊တီစူပါ ၁၆%(မြားကမ္ဘာ-တရုတ်) ကျပ် ၂၃၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

awmifBuD;aps;uGufrSmအရောင်းအေးတယ်လို့သိရပါတယ်။ဒီတစ်ပတ် ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်) က ကျပ် ၅၀၀ ဈေးမြင့်ပြီး ကျန်မြေသြဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၂၆၀၀၀၊ ယူရီးယား (ရွှေတောင်-တရုတ်)ကျပ် ၂၆၀၀၀၊ ယူရီးယား(ပန်းဖူး-တရုတ်)ကျပ်၂၆၅၀၀၊တီစူပါ ၂၀%(တရုတ်) ကျပ်၁၇၀၀၀၊ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ပတ်လည်(တရုတ်)ကျပ်၃၈၀၀၀၊ တီစူပါ ၁၀း၁၀း၅(တရုတ်) ကျပ်၁၆၅၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၄၀၀၀၊ ပိုတက် (တရုတ်) ကျပ် ၂၄၀၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၂၂၅၀၀ ၊ မြားကမ္ဘာကျပ် ၁၆၀၀၀ ဈေးနဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

rauG;aps;uGufrSmအရောင်းအဝယ်အေးတယ်လို့သိရပါတယ်။အရောင်းအဝယ်အေးပေမယ့် ဒီတစ်ပတ်မှာတော့ တချို့မြေသြဇာများက ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဒီလိုဈေးတက်ရတာလည်း ကုမ္ပဏီဈေးမြင့်လို့ ဈေးမြင့်ရတယ်လို့သိရပါတယ်။ဈေးမြင့်ခဲ့တဲ့ မြေသြဇာများမှာ မြားကမ္ဘာ-တရုတ် (၁၂း၁၃)၊ သီးစုံ(ဝါစိမ်းပြာ)၊ အာမို(၁၆း၁၆း၈) နဲ့ အာမို(၁၅း၁၅း၁၅)တို့ဖြစ်ပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ် (၁၂း၁၃) ကျပ် ၁၆၀၀၀၊ ဆင်၁၀း၁၀း၅ ကျပ် ၁၆၉၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၈၂၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၅၈၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၆၉၀၀၊ သီးစုံ(ဝါစိမ်းပြာ) ကျပ် ၁၇၃၀၀၊ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်) ကျပ် ၂၄၃၀၀၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ကျပ် ၂၅၀၀၀၊ ဇာမဏီ ကျပ် ၁၇၂၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ မြားကမ္ဘာ(၁၅း၇း၈)ကျပ်၁၈၅၀၀၊ တီစူပါ ကျပ် ၂၂၈၀၀၊ တောင်သူမ ကျပ် ၁၅၇၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

rEÅav;aps;uGufrSmဒီတစ်ပတ် မြေသြဇာ အရောင်းအေးတယ်၊ သင်္ကြန်နောက်ပိုင်းအရောင်းအဝယ်ပြန်ကောင်းနိုင်တယ်လို့ စိုက်ပျိုးရေးအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးမှ ခန့်မှန်းပြောဆိုပါတယ်။ ဒီတစ်ပတ် ပန်းသီးစုံ၊မြားသီးစုံနဲ့ အာမို ၁၅း၁၅း၁၅ က ဈေးနည်းနည်းကျလာပြီး ကျန်မြေသြဇာများက ယခင်ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာယူရီးယား(ရွှေတောင်-တရုတ်)ကျပ်၂၄၈၀၀၊ ယူရီးယား(ပန်းဖူး-တရုတ်) ကျပ် ၂၅၀၀၀၊ တီစူပါ (၄၆% တရုတ်)ကျပ် ၂၂၀၀၀၊ မြားသီးစုံ ကျပ် ၁၅၀၀၀၊ ပန်းသီးစုံ ကျပ် ၁၅၃၀၀၊ အာမို ၁၀း၁၀း၅ကျပ်၁၆၅၀၀၊အာမို၁၆း ၁၆း၈ ကျပ် ၁၆၅၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၇၀၀၀၊ပိုတက် ကျပ် ၂၂၈၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နှံ့ဆီ/နှံ့မှုန့်

### ဒီတစ်ပတ် နှံ့ဆီရော နှံ့မှုန့်ပါ အဝင်လျော့

မတ်လ ၂၅ ရက်မှ ၃၁ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၃၅၄၀၀ တန်ဖိုးရှိ နှံ့ဆီတန်ချိန် ၂၈၄ ဒသမ ၅၄၄ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် စင်ကာပူနိုင်ငံမှ အိုကေနဲ့ ဒွန်းနှံ့ဆီတို့ တင်သွင်းခဲ့ပါတယ်။အိုကေနှံ့ဆီက ၂၁၈ ဒသမ ၈၈၀ တန်နဲ့ ဒွန်းနှံ့ဆီ ၆၅ဒသမ၆၄တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နှံ့ဆီ တန်ချိန် ၄၄၀ ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၃၁၀ကျော် တင်သွင်းမှု လျော့နည်းခဲ့တယ်လို့ သိရပါတယ်။

နှံ့မှုန့်က ဒီတစ်ပတ်မှာ နယူးဇီလန်နိုင်ငံမှ အမေရိကန်ဒေါ်လာ ၃၅၈၁၀၀ တန်ဖိုးရှိ နှံ့မှုန့် ၁၂၆ ဒသမ ၄၀ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နှံ့မှုန့်တန်ချိန် ၆၀၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၄၇၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ နှံ့ဆီရော နှံ့မှုန့်ရော အဝင်လျော့ခဲ့ပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၄/၃ မှ ၃၀/၃ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၇/၃ မှ ၂၃/၃ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | - | - | | - |
| ၂။ | လွယ်ဂျယ် | ၆၀.၀၀ | - | (+) | ၆၀.၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၅၁၀.၀၀ | ၂၄၂၀.၀၀ | (-) | ၁၉၁၀.၀၀ |
| ၅။ | တာချီလိတ် | ၁၃၅၀၀.၀၀ | ၅၃၄၀.၀၀ | (+) | ၈၁၆၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | - | ၅၀.၀၀ | (-) | ၅၀.၀၀ |
| ၈။ | မြိတ် | ၄၂၀၀.၀၀ | ၆၀၇၅.၀၀ | (-) | ၁၈၇၅.၀၀ |
| | စုစုပေါင်း | ၁၈၂၇၀.၀၀ | ၁၃၈၉၃.၀၀ | (+) | ၄၃၇၇.၀၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၄/၃ မှ ၃၀/၃ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၇/၃ မှ ၂၃/၃ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၄၅၃၁.၉၀ | ၁၈၄၁၅.၂၀ | (-) | ၃၈၈၃.၃ |
| ၂။ | လွယ်ဂျယ် | - | ၆၂.၀၀ | (-) | ၆၂.၀၀ |
| ၃။ | ချင်းရွှေဟော် | ၁၆၇၇.၀၀ | ၁၈၄.၀၀ | (+) | ၁၄၉၃.၀၀ |
| ၄။ | ကန်ပိုက်တီး | - | ၈၆၀.၀၀ | (-) | ၈၆၀.၀၀ |
| ၅။ | မြဝတီ | ၁၆၈၁.၁၀ | ၂၀၇၂.၇၈ | (-) | ၃၉၁.၆၈ |
| ၆။ | ကော့သောင်း | - | ၁၁.၀၀ | (-) | ၁၁ .၀၀ |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိုဒ် | ၃၇၅၀.၀၀ | ၅၆၀၀.၀၀ | (-) | ၁၈၅၀.၀၀ |
| | စုစုပေါင်း | ၂၁၆၄၀.၀၀ | ၂၇၂၀၄.၉၈ | (-) | ၅၅၆၄.၉၈ |

ခင်မိုးသူ

## မြေပဲ

# ဈေးအနည်းငယ်မြင့်နေတဲ့ ပြည်မြေပဲဆန်ဈေးကွက်

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် မြေပဲဆန်ရော လုံးဆန်ပါ နှစ်မျိုးလုံးဈေးအနည်းငယ်မြင့်လာတာတွေ့ရပါတယ်။ ဈေးကွက်တွင် စားသုံးသူများက မြေပဲဆီကို နှမ်းဆီထက် ပိုမိုစားသုံးကြသဖြင့် မြေပဲဆန်ဈေးမှာ အခါနားနီးလို့ ဈေးမြင့်လာတာ တွေ့ရပါတယ်။ ရန်ကုန်ဝယ်လက်များက လုံးဆန်အသန့်များကို ဝယ်ယူသဖြင့် တစ်နေ့လျှင် အိတ် ၁၅၀၀ခန့် အရောင်းအဝယ် ဖြစ်လျက်ရှိပါတယ်။

ဆီကြိတ်မြေပဲဆန်ကို ဆီစက်များက တစ်နေ့လျှင် အိတ် ၁၄၀၀ ခန့် အဝယ်ရှိသဖြင့် ဝင်ရောက်မှုလည်း ဝယ်လို အားအတိုင်း ဝင်ရောက်လာတာတွေ့ရပါတယ်။ ယခုတစ်ပတ် မြေပဲဆန်ဈေးမှာ ဆီကြိတ်မြေပဲဆန် (အနီ)တစ်ပိဿာလျှင် ကျပ် ၂၀၀၀၊ (အဖြူ) တစ်ပိဿာလျှင် ကျပ် ၂၁၅၀ နှင့် လုံးဆန် (အနီ)တစ်ပိဿာလျှင် ၂၂၇၅ ကျပ်၊ (အဖြူ)တစ်ပိဿာလျှင် ၂၃၇၅ ကျပ်ဖြင့် ယခင်တစ်ပတ်ထက် ဈေးပြန်မြင့်လာတာတွေ့ရပါတယ်။

**ဝေဝေမင်း(ပြည်)**

## နှမ်း

# အခါနားနီးလာသော်လည်း နှမ်းဈေးငြိမ်

ပြည်ဈေးကွက်တွင် ယခုတစ်ပတ် နှမ်းဈေးများမှာ နှမ်းနီနဲ့နှမ်းနက်သာ အခါနားနီးနေပေမယ့် ဈေးငြိမ်နေသော် လည်း စမုံနက်နှမ်းကတော့ ဈေးပြန်ကျလာတာ တွေ့ရပါတယ်။ ဆီစက်သမားများနှင့် ရန်ကုန်၊ မန္တလေးဝယ်လက်များက ဈေးကွက်ရှိ နှမ်းလက်ကျန်အခြေအနေပေါ်ကြည့်၍ အဝယ်ရှိနေတာတွေ့ရပါတယ်။ ဈေးကွက်သို့ နှမ်းဝင်ရောက်မှုမရှိလို့ နေ့စဉ်အရောင်းအဝယ်မဖြစ်ကြောင်းသိရပါတယ်။

တစ်ခါတစ်ရံ နှမ်းနီအိတ် ၁၀၀ မှ ၁၅၀ ခန့်နှင့် နှမ်းနက် အိတ် ၁၀၀ မှ ၂၀၀ ခန့်သာအရောင်းအဝယ်ဖြစ်လျက်ရှိပါ တယ်။ ယခုတစ်ပတ်နှမ်းဈေးမှာ နှမ်းနီ သုံးတင်းတစ်အိတ် လျှင် ကျပ် ၁၁၀၀၀၀၊ နှမ်းနက် သုံးတင်းတစ်အိတ်လျှင် ကျပ် ၉၃၀၀၀ ဖြင့် ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်ပြီး စမုံနက်နှမ်း သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၁၅၀၀၀ ဖြင့် ဈေးပြန်ကျလာ တာတွေ့ရပါတယ်။

**ဝေဝေမင်း(ပြည်)**

## စားအုန်းဆီ

# သိုလှောင်လက်ကျန်ကျဆင်းမည့် အလားအလာကြောင့် စားအုန်းဆီဈေးမြင့်တက်



မလေးရှားစားအုန်းဆီ ကြိုရောင်းဈေးသည် ဧပြီ ၅ ရက်နံနက်ပိုင်းဈေးကွက်တွင် တစ်လအတွင်း အမြင့်ဆုံးဈေး နှုန်းသို့ ရောက်ရှိခဲ့ကြောင်း ယင်းသို့မြင့်တက်ခဲ့ရခြင်းသည် ငါးရက်အတွင်း စတုတ္ထမြောက်နေ့အဖြစ် မြင့်တက်ခဲ့ခြင်း ဖြစ်ပြီး မတ်လအကုန်တွင်ရှိသည့် စားအုန်းဆီသိုလှောင် လက်ကျန်ကျဆင်းမှုကို အကြောင်းပြု၍ မြင့်တက်ခဲ့ခြင်းဖြစ် ကြောင်း ရိုက်တာသတင်းတွင်ဖော်ပြသည်။

ဘာဆာမလေးရှားကုန်စည်ဒိုင်တွင် ဇွန်လအတွက် ကြိုတင်ရောင်းချသည့် အခြေခံစံထားဈေးနှုန်းမှာ ဧပြီ ၅ ရက် နေ့လယ်ဈေးကွဲချိန်က တစ်တန်ကို ၂၄၇၁ ရင်းဂစ် (အမေရိ ကန်ဒေါ်လာ ၆၃၉ ဒသမ ၃၃) ရှိသည့်အတွက် ဈေးနှုန်းမှာ သုည ဒသမ ၇ ရာခိုင်နှုန်းပိုမိုမြင့်တက်ခဲ့သည်။

စောစောပိုင်းကမူ တစ်တန်ကို ၂၄၇၈ ရင်းဂစ်နှုန်းအထိ ပင်ရောက်ရှိခဲ့သဖြင့် မတ် ၇ ရက်နောက်ပိုင်း အမြင့်ဆုံးနှုန်း ဖြစ်ခဲ့သည်။

ထိုနေ့ကရောင်းချရသောပမာဏမှာ ၂၅တန်တွဲရှိ အတွဲ ပေါင်း ၁၂၆၃၉ တွဲရှိခဲ့သည်။ "ဈေးကွက်က လကုန်သိုလှောင် လက်ကျန်စာရင်းလျော့ကျတာကို စောင့်ကြည့်နေပါတယ်" ဟု မတ်လကုန်သိုလှောင်လက်ကျန်အခြေအနေကို ရည်ညွှန်း၍မလေးရှားအခြေစိုက်ကုန်သည်တစ်ဦးကပြောသည်။

ပဲပုပ်အပါအဝင် အမေရိကန်ထုတ်ကုန် ၁၂၈ မျိုး အပေါ်တွင် တရုတ်နိုင်ငံကအကောက်ခွန် ၂၅ ရာခိုင်နှုန်းအထိ တိုးမြှင့်လိုက်တာကလည်း ဈေးနှုန်းမြင့်တက်စေရန်အတွက် အထောက်အကူဖြစ်စေခဲ့ကြောင်း အခြားကုန်သည်တစ်ဦး ကပြောသည်။

"ပဲပုပ်ဆီဈေးနဲ့ စားအုန်းဆီဈေးကွာဟချက်ကမြင့်မားပြီး စားအုန်းဆီကပိုမိုဆွဲဆောင်မှုရှိခဲ့ပါတယ်" ဟုသူက ပြောသည်။

ကမ္ဘာပေါ်တွင်စားအုန်းဆီဒုတိယအများဆုံးထုတ်လုပ် သော မလေးရှားနိုင်ငံ၏ စားအုန်းဆီလက်ကျန်မှာ ဖေဖော် ဝါရီက တန်ချိန် ၂ ဒသမ ၂၇ သန်းရှိသဖြင့် ၈ ဒသမ ၆ ရာခိုင် နှုန်းကျဆင်းပြီး ငါးလအတွင်း အနိမ့်ဆုံးရောက်ရှိ လိမ့်မည်ဟု ဧပြီ ၅ ရက်က ပြုလုပ်သော ရိုက်တာစစ်တမ်းအရ သိရသည်။

စားအုန်းဆီတင်ပို့မှုမှာ မတ်လအတွင်းက တန်ချိန် ၁ ဒသမ ၅၇ သန်းရှိခဲ့ရာ ဖေဖော်ဝါရီကထက် ၁၉ ဒသမ ၉ရာခိုင် နှုန်းမြင့်တက်ပြီး တစ်နှစ်ခွဲအတွင်း အမြင့်ဆုံးဖြစ်ခဲ့သည်။ တစ်ချိန်တည်းမှာပင် ထုတ်လုပ်မှုကမတ်လတွင် တန်ချိန် ၁ ဒသမ ၄၉ သန်းအထိရောက်ရှိပြီး ၁၁ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ရာ ငါးလအတွင်း ပထမဆုံးအကြိမ်အဖြစ်မြင့်တက် ခဲ့ခြင်းဖြစ်သည်။

အခြားစားသုံးဆီဖြစ်သော ပဲပုပ်ဆီဈေးမှာ အမေရိကန် နိုင်ငံချီကာဂိုကုန်သွယ်မှုဘုတ်အဖွဲ့တွင် မေအတွက်ပဲပုပ်ဆီ ဈေးမှာ သုည ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်ပြီး တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင်သည် ဧပြီ ၅ ရက်က အမျိုးသားနေ့အဖြစ် ပိတ်ထားသည်။

ဟင်းရွက်ဆီများသည် ကမ္ဘာ့ဈေးကွက်တွင် ဈေးကွက် ဝေစုရယူနိုင်ရန်အတွက် အချင်းချင်းယှဉ်ပြိုင်နေရသဖြင့် အခြားပြိုင်ဖက် ဟင်းရွက်ဆီဈေးများ၏ ဈေးနှုန်း အပြောင်း အလဲက စားအုန်းဆီဈေးနှုန်းအပေါ်တွင် ရိုက်ခတ်မှုရှိသည်။

စားအုန်းဆီဈေးသည်တစ်တန်ကို ၂၄၇၁ ရင်းဂစ်မှ ၂၄၉၈ ရင်းဂစ်အကြားအတက်အကျရှိနိုင်ကြောင်း ရိုက်တာ သတင်းဌာန ကုန်စည်နှင့်စွမ်းအင်ဈေးနှုန်းများလေ့လာဆန်း စစ်ရေးမှူး ဝမ်တောင်းကပြောသည်။

**ဉာဏ်တင်**

### ပြည်တွင်းဆီဈေးနှုန်းများ (၆-၄-၂၀၁၈)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၇၀၀ | ၅၇၀၀ | □ | ၄၉၀၀ | ၄၉၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |
| ရန်ကုန် | ၆၀၀၀ | ၅၈၀၀ | ▽ | ၅၅၀၀ | ၅၅၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| မန္တလေး | ၄၅၀၀ | ၄၅၀၀ | □ | ၄၈၀၀ | ၄၆၀၀ | ▽ | ၁၉၀၀ | ၁၉၀၀ | □ |
| ပဲခူး | ၅၄၀၀ | ၅၄၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၁၈၅၀ | ၁၈၀၀ | ▽ |
| မကွေး | ၄၈၅၀ | ၄၈၀၀ | ▽ | ၅၅၀၀ | ၅၅၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |
| မုံရွာ | ၄၄၀၀ | ၄၅၀၀ | △ | ၄၃၀၀ | ၄၃၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၃၀၀ | ၂၃၀၀ | □ |



### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၆-၄-၂၀၁၈ US$/Ton

| အမျိုးအစား | မတ်လစတုတ္ထပတ် | ဧပြီလပထမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၅၀.၀၀ | ၆၅၂.၀၀ | △ |
| RBD P.Olein | ၆၅၂.၀၀ | ၆၅၁.၀၀ | ▽ |
| RBD P.Stearin | ၆၄၇.၅၀ | ၆၅၇.၀၀ | △ |

*Source: bepi.mpob*

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၆-၄-၂၀၁၈ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၅၂၀.၂၄ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၈၀ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၆၁ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၈.၁၃ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၃.၃၅ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၄၀.၀၃ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၅၂ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၆၆၆.၄၈၁ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၆-၄-၂၀၁၈နေ့ (CIF ဈေး Cloud Point 8 ˚C Max ၆၉၀ ဒေါ်လာနှင့် USD ဈေး ၁၃၃၀ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၆-၄-၂၀၁၈နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန် ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ် သည့်အတွက် ဒေါ်လာဈေး ၁၃၃၀ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန် လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်း တွက်ချက်ပါသည်။

# ပြည်ပဈေးကွက် အလားအလာကောင်းသည့် ပြောင်း

**ရှင်မင်းအုံ (တန့်ဆည်)**

မြန်မာနိုင်ငံသည် ပို့ကုန်ကဏ္ဍအနေဖြင့် လယ်ယာထွက်ကုန်ပစ္စည်းများအား ပြည်ပနိုင်ငံများသို့အများဆုံး တင်ပို့နေသည့်နိုင်ငံဖြစ်သည့်အလျောက် မြန်မာ့ပြောင်းသည် အဓိကအများဆုံးတင်ပို့လျက်ရှိသည့် လယ်ယာထွက်ပို့ကုန်ပစ္စည်းများတွင် တစ်မျိုးအပါအဝင်ဖြစ်သည်။ မြန်မာ့ပြောင်းကိုပြည်တွင်း၌ တိရစ္ဆာန်အစားအစာအဖြစ်အသုံးပြုကြရုံမျှသာမက ပြည်ပနိုင်ငံများသို့လည်း အဓိကပို့ကုန်အဖြစ်တင်ပို့လျက်ရှိပါသည်။

ပြောင်းကို Yellow Maize ဟုခေါ်၍ ရုက္ခဗေဒအမည်မှာ ဇီယမေးဖြစ်ပြီး ပြောင်း၏ မူလပင်ရင်းဒေသမှာအာလူးနှင့်ဆေးရွက်ကြီးတို့ကဲ့သို့ပင် အမေရိကတိုက်ဖြစ်၍ မက္ကဆီကိုပြည်နယ်၊ အမေရိကတိုက်အလယ်ပိုင်းဒေသတို့သည် ပြောင်းစတင်ပေါက်ရောက်ရာဒေသများ ဖြစ်သည်ဟုဆိုကြပါသည်။

မြန်မာနိုင်ငံ၌ စိုက်ပျိုးသောပြောင်းမှာနှစ်မျိုးနှစ်စားရှိပြီး တစ်မျိုးမှာ ဖက်ပြောင်း (သို့) အစေ့ထုတ်ပြောင်းဖြစ်၍ အခြားတစ်မျိုးမှာ စားပြောင်းဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ပြောင်းကို ပြောင်းဖူးစေ့နှင့် ဖက်အလို့ငှာစိုက်ပျိုးကြပြီး စားပြောင်းကိုစားသုံးရန်အတွက် စိုက်ပျိုးခြင်းများရှိပြီး အစေ့အတွက်စိုက်ပျိုးမှုမှာ အများဆုံးဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ဒေသအလိုက် အထွက်ကောင်းမျိုးများနှင့် ရေဆင်းစပ်မျိုးများကို စိုက်ပျိုးကြပါသည်။

ဘဏ္ဍာနှစ်အလိုက် ပြည်ပသို့ပြောင်းတင်ပို့မှုအခြေအနေများမှာ တစ်နှစ်ထက်တစ်နှစ် နှစ်စဉ်တိုးတက်လျက်ရှိနေသည်ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

| စဉ် | အရေအတွက် | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး (အမေရိကန်ဒေါ်လာသန်း) |
|---|---|---|---|---|
| ၁ | ၂၀၁၂ - ၂၀၁၃ | တန် | ၆၁၀၂၄၄ | ၂၀၁ |
| ၂ | ၂၀၁၃ - ၂၀၁၄ | တန် | ၉၃၅၃၄၈ | ၂၈၇ |
| ၃ | ၂၀၁၄ - ၂၀၁၅ | တန် | ၁၃၇၇၆၉၂ | ၃၉၉ |
| ၄ | ၂၀၁၅ - ၂၀၁၆ | တန် | ၁၁၈၈၄၃၈ | ၃၀၅ |
| ၅ | ၂၀၁၆ - ၂၀၁၇ | တန် | ၁၂၉၂၁၇၉ | ၂၅၃ |
| ၆ | ၂၀၁၇ - ၂၀၁၈ (ဧပြီလမှ ဖေဖော်ဝါရီလထိ) | တန် | ၁၃၃၅၃၀၄ | ၂၇၁ |

မြန်မာနိုင်ငံ၏ ပြောင်းတင်ပို့မှုအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ( ဧပြီလ ၁ ရက်မှ ဖေဖော်ဝါရီလထိ) တန်ချိန် ၁၃ သိန်းကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၇၁ သန်းတင်ပို့နိုင်ခဲ့ပြီး အဆိုပါတင်ပို့နိုင်မှုတွင် ပင်လယ်ရေကြောင်းမှ တန်ချိန်လေးသောင်းကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ရှစ်သန်းကျော်နှင့် နယ်စပ်ကုန်သွယ်မှုမှ တန်ချိန် ၁၂ ဒသမ ၉ သိန်းကျော်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၂၆၃ သန်းအသီးသီးတင်ပို့နိုင်ခဲ့ခြင်းဖြစ်ကာ ယခင်နှစ်ကာလတူထက် ပြောင်းတန်ချိန် နှစ်သိန်းကျော်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၄၉ သန်း ပိုမိုတင်ပို့နိုင်ကြောင်း သိရှိရပါသည်။

ထို့အပြင် ယခုဘဏ္ဍာနှစ်တွင် ပြောင်းတင်ပို့မှုတန်ဖိုးအားလုံး၏ ၉၇ ရာခိုင်နှုန်းသည် နယ်စပ်မှ တင်ပို့နိုင်ခဲ့ခြင်းဖြစ်ပြီး နယ်စပ်မှတစ်ဆင့်တင်ပို့သည့် ပြောင်းတင်ပို့မှုတန်ဖိုး၏ ၉၇ ရာခိုင်နှုန်းသည်မြန်မာ-တရုတ်နယ်စပ်မှ အများဆုံး တင်ပို့လျက်ရှိကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံမှထွက်ရှိသော ပြောင်းဖူးစေ့များတွင် အဓိကအားဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသ ကွတ်ခိုင်၊ သိန္နီ၊ လားရှိုး၊ သီပေါ၊ ကျောက်မဲ၊ ပြင်ဦးလွင်စသည့်ဒေသများမှ ပြောင်းများကို မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်ပြည် ယူနန်ပြည်နယ်သို့ တင်ပို့ရောင်းချလျက်ရှိပါသည်။ တရုတ်နိုင်ငံ ပြောင်းဝယ်လိုအား မှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံမှ ပြောင်းတင်ပို့မှုအား နိုင်ငံအလိုက်



လေ့လာကြည့်ပါက ပင်လယ်ရေကြောင်းမှ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ မလေးရှား၊ စင်ကာပူ၊ ထိုင်း၊ ထိုင်ဝမ်၊ ဟောင်ကောင်(တရုတ်)နိုင်ငံများသို့ တင်ပို့လျက်ရှိပြီး နယ်စပ်မှတရုတ်၊ ထိုင်း၊ အိန္ဒိယနိုင်ငံများသို့ ပြောင်းတင်ပို့လျက်ရှိပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံမှ ပြောင်းအများဆုံးတင်ပို့လျက်ရှိသည့် နိုင်ငံလေးနိုင်ငံမှာ တရုတ်နိုင်ငံ၊ ဗီယက်နမ်၊ ဖိလစ်ပိုင်နှင့် မလေးရှားနိုင်ငံတို့ ဖြစ်ပါသည်။ တရုတ်နိုင်ငံမှ ပြောင်းဝယ်လိုအားမှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်ခဲ့ကြောင်း တွေ့ရှိရပြီး တရုတ်နိုင်ငံ လင်းချန်ပြည်နယ်တွင် ဝက်မွေးမြူရေးလုပ်ငန်းများ၊ တယ်ဟုန်တိုင်းတွင် အဖျော်ယမကာလုပ်ငန်းများရှိသဖြင့် မြန်မာ့ပြောင်းများကို ပိုမိုတင်ပို့ရောင်းချနိုင်ခဲ့ခြင်းဖြစ်ပါသည်။

မူဆယ်(၁၀၅)မိုင် ပဲ၊ ပြောင်း၊ နှမ်း၊ လယ်ယာထွက်ကုန်စည်ဒိုင်၌ မတ်လ ၈ ရက်တွင် ဖြစ်ပေါ်နေသောဈေးနှုန်းများအရ ပြောင်း (50kg) တစ်အိတ်လျှင် ၁၀၂ ယွမ်မှ ၁၀၃ ယွမ်ပေါက်ဈေးရှိကြောင်း သိရှိရပါသည်။ မန္တလေးမှမူဆယ်သို့ သယ်ယူစရိတ်အနေဖြင့် ပြောင်းတစ်ပိဿာလျှင် ၆၅ ကျပ်ဖြစ်ပြီး အလုပ်သမားများအတင်/အချအနေဖြင့် ပြောင်း (50 kg) တစ်အိတ်လျှင် ကျပ် ၄၀ ဖြစ်ကြောင်းသိရှိရပါသည်။ မြန်မာ-တရုတ်ငွေလဲနှုန်းအနေဖြင့် ၂၀၁၇ နှောင်းပိုင်းနှင့် ၂၀၁၈ နှစ်ဆန်းပိုင်းများတွင် ၂၀၂ ကျပ်ဝန်းကျင်သာရှိခဲ့ရာမှ ယခုလတွင် တစ်လလျှင် ၂၀၆ ကျပ်အထိရရှိသည့်အတွက် ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် တရုတ်ငွေအားမြန်မာငွေဖြင့် လဲလှယ်ရာတွင် ငွေလဲလှယ်သည့် နှုန်းထားပေါ်တွင် အသာစီးရရှိသည့်အတွက် ပြောင်းတင်ပို့သူ ကုန်သည်လုပ်ငန်းရှင်များအနေဖြင့်လည်း ပို၍အကျိုးအမြတ်ဖြစ်ထွန်းရရှိသည်ကို တွေ့ရှိရပါသည်။

မြန်မာနိုင်ငံ၏ ပြည်တွင်းပြောင်းဈေးနှုန်းသည် ထွက်ရှိရာဒေသနှင့် တင်ပို့ရောင်းချရသည့်ဒေသ၏ သယ်ယူပို့ဆောင်မှုကုန်ကျစရိတ်ပေါ်တွင်မူတည်နေကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံတွင် ပြောင်းစိုက်ပျိုးရာဒေသများမှာ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ဧရာဝတီတိုင်း၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့ဖြစ်ပါသည်။ ပြည်တွင်း ဈေးကွက်အနေဖြင့် ယခင်လများတွင်တစ်ပိဿာလျှင် ပြောင်း ဈေးနှုန်း ကျပ် ၅၀၀ မှ ကျပ် ၅၄၀ ထိရှိခဲ့ပြီး ယခုလတွင် တစ်ပိဿာလျှင် ကျပ် ၅၄၀ ဖြင့် ဈေးငြိမ်လျက်ရှိကြောင်းသိရှိရပါသည်။ ယခင် ဘဏ္ဍာနှစ်အလားတူကာလများတွင် ပြောင်းဈေးနှုန်းသည် တစ်ပိဿာလျှင် ကျပ် ၃၀၀ ဝန်းကျင်သာရှိခဲ့သည့်အတွက် ယခုနှစ်တွင် နှစ်ဆနီးပါး တိုးတက်လာသည်ကို တွေ့ရှိရပါသည်။ အလားတူတစ်ဖက်နိုင်ငံသို့ ရောင်းချရရှိသည့်ဈေးနှုန်းမှာလည်း ယခင်ကာလများထက် ဈေးပိုမိုရရှိသောကြောင့် ပြောင်းတင်ပို့သူလုပ်ငန်းရှင်များ၊ စိုက်ပျိုးထုတ်လုပ်သူတောင်သူများ အကျိုးပိုမိုဖြစ်ထွန်းကြောင်း တွေ့ရှိရပါသည်။

ထို့အပြင် ပြောင်းစိုက်ပျိုးသူ တောင်သူများအနေဖြင့် လည်း ပြောင်း စိုက်ပျိုးထုတ်လုပ်သည်မှ ပို့ကုန်တင်ပို့သည်အထိ Supply Chain တစ်လျှောက် ရရှိသည့် အကျိုးအမြတ်သည်တစ်နှစ်ထက်တစ်နှစ်အား ကောင်းလာမှုကြောင့် နှစ်အလိုက် ပြောင်းစိုက်ပျိုးထွက်ရှိမှုနှင့် တင်ပို့မှုမှာ ပိုမိုမြင့်မားလာသည်ကို တွေ့ရှိရပါသည်။

ကမ္ဘာပေါ်တွင် ပြောင်းသည် ဂျုံနှင့်ဆန်ပြီးလျှင် တတိယ အများဆုံး စိုက်ပျိုးသည့် သီးနှံဖြစ်ပါသည်။ ပြောင်းကို အမေရိကန်၊ တရုတ်၊ ဘရာဇီး၊ အာဂျင်တီးနား၊ အိန္ဒိယ၊ မက်ဆီကိုနှင့် ပြင်သစ်တို့သည် အဓိကစိုက်ပျိုးထုတ်လုပ်သောနိုင်ငံများဖြစ်ပြီး အဓိကပြောင်း စားသုံး အသုံးပြုသောနိုင်ငံများလည်းဖြစ်ကြောင်း သိရှိရပါသည်။ ကမ္ဘာ့ပြောင်းဈေးကွက်ကို လေ့လာကြည့်ပါမူ Worldstopexport.com နှင့် APEDA Agri X Change တို့တွင် ဖော်ပြထားသော အချက်အလက်များအရ ၂၀၁၆ ခုနှစ်အတွင်း တစ်ကမ္ဘာလုံးအတိုင်းအတာအနေဖြင့် ပြောင်းအများဆုံးတင်ပို့နိုင်ခဲ့သည့်နိုင်ငံများမှာ အမေရိကန်၊ အာဂျင်တီးနား၊ ဘရာဇီး၊ ယူကရိန်း၊ ပြင်သစ်၊ ရုရှား၊ ရိုမေးနီးယား၊ ဟန်ဂေရီ၊ မက်ဆီကိုနှင့် ဆာဘီးယားနိုင်ငံများဖြစ်ပြီး ၂၀၁၆ ခုနှစ်အတွင်းတစ်ကမ္ဘာလုံးအတိုင်းအတာအနေဖြင့် ပြောင်းအများဆုံး တင်သွင်းခဲ့သည့်နိုင်ငံများမှာ ဂျပန်၊ မက်ဆီကို၊ တောင်ကိုရီးယား၊ ဗီယက်နမ်၊ အီဂျစ်၊ စပိန်၊ နယ်သာလန်၊ ကိုလံဘီယာနိုင်ငံများဖြစ်ကြောင်း သိရှိရပါသည်။

နိုင်ငံတကာပြောင်းဈေးနှုန်းအနေဖြင့် ၂၀၁၈ခုနှစ် ဖေဖော်ဝါရီလနှောင်းပိုင်းတွင် အစေ့ထုတ်ပြောင်း တစ်တန်လျှင် အိန္ဒိယနိုင်ငံ၌ ၂၂၂ အမေရိကန်ဒေါ်လာ၊ တရုတ်နိုင်ငံတွင် ၂၅၄ အမေရိကန်ဒေါ်လာ၊ ပါကစ္စတန်နိုင်ငံတွင် ၂၀၈ အမေရိကန်ဒေါ်လာ၊ ဂျပန်နိုင်ငံတွင် ၂၂၁ အမေရိကန်ဒေါ်လာ ပေါက်ဈေးရှိကြောင်း လေ့လာသိရှိရပါသည်။ မြန်မာနိုင်ငံအနေဖြင့် ပြောင်းတင်ပို့ရာတွင် FOB ဈေးနှုန်းမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၀၀ ဝန်းကျင်မှ ၂၆၅ အမေရိကန်ဒေါ်လာအထိ ရရှိသဖြင့် မြန်မာ့ပြောင်းဈေးသည် ကမ္ဘာ့ပြောင်းဈေးထက် ပိုမိုအသာစီးရရှိနေသည့် အနေအထားတွင် ရောက်ရှိနေသည့်အတွက် အလားအလာ ကောင်းမွန်လျက်ရှိပြီး အဓိကတင်ပို့သည့်နိုင်ငံဖြစ်သော တရုတ်နိုင်ငံသို့ နှစ်အလိုက်ပြောင်းတင်ပို့မှုမှာလည်း နှစ်စဉ်တိုးတက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

သို့သော်လည်း မြန်မာနိုင်ငံ၏ ပြည်ပသို့ပြောင်းတင်ပို့မှုအနေအထားသည် ကမ္ဘာ့ ပြောင်းတင်ပို့မှု၏ သုည ဒသမ ၁ ရာခိုင်နှုန်းသာ ပြည်ပသို့တင်ပို့နိုင်သည်ကို တွေ့ရှိရသည့်အတွက် မြန်မာနိုင်ငံအနေဖြင့်ပြောင်းတင်ပို့မှုနှင့်ပတ်သက်၍ နိုင်ငံတကာဈေးကွက်သို့ ယှဉ်ပြိုင်ထိုးဖောက်နိုင်ရေးအတွက် အရည်အသွေးပိုင်း၊ နည်းပညာပိုင်း လိုအပ်ချက်များရှိနေသေးကြောင်း လေ့လာတွေ့ရှိရပါသည်။

၂၀၁၇ ခုနှစ် ဩဂုတ်လတွင် အိန္ဒိယနိုင်ငံမှ ပဲတင်သွင်းမှုအားရုတ်တရက် ကန့်သတ်လိုက်သည့်အတွက် ပြည်တွင်းတွင်ပဲတင်ပို့မှုနှင့်ပတ်သက်၍ ပဲကုန်သည်များအနေဖြင့် အခက်အခဲများကြုံ တွေ့ရပြီး မိမိနိုင်ငံအနေဖြင့် ပဲအစားထိုးဈေးကွက်ဝင် အစားထိုးသီးနှံစိုက်ပျိုးရေးကို ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်လျက်ရှိရာ ယခုအခြေအနေတွင် မြန်မာနိုင်ငံအနေဖြင့် ပဲအစားဈေးကွက်ပိုမိုရရှိနေသော ပြောင်းသီးနှံအား ပိုမိုစိုက်ပျိုးသင့်ကြောင်း ဖော်ထုတ်တွေ့ရှိရပါသည်။

အချုပ်အားဖြင့် မြန်မာ့ပြောင်းသည် နိုင်ငံတကာပြောင်းဈေးကွက်အား အရှိန်အဟုန် ဖြင့် ထိုးဖောက်နိုင်ရေးအတွက်အရည်အသွေးပြည့်မီ၍ အထွက်နှုန်းပိုမိုမြင့်မားစွာထွက်ရှိနိုင်စေရေး စိုက်ပျိုးနိုင်ရန်မှာ လွန်စွာအရေးကြီးလှသည်ဖြစ်ရာ အရည်အသွေးမျိုးရိုးဗီဇပြုပြင်ပြောင်းလဲသည့်နည်းလမ်းများကိုအသုံးပြု၍ မိမိနိုင်ငံရာသီဥတုနှင့် ကိုက်ညီသည့် အထွက်နှုန်းကောင်းသော ပြောင်းမျိုးစေ့များကို ရွေးချယ်စိုက်ပျိုးပြီး ပြောင်းစိုက်တောင်သူများအား မျိုးစေ့၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး စသည့်သွင်းအားစုများ စိုက်ထုတ်နိုင်ရန် ငွေအရင်းအနှီးများထောက်ပံ့ရန်၊ ခေတ်မီနည်းပညာများနှင့် စက်ကိရိယာများပံ့ပိုးကူညီရန် လိုအပ်လျက်ရှိပါသည်။

ထို့အပြင် ကုန်ကြမ်းတင်ပို့ရောင်းချခြင်းထက် ပြောင်းကို Value Added Product များထုတ်လုပ်တင်ပို့ ရောင်းချနိုင်ပါက ပိုမို၍ဈေးကောင်းရရှိမည်ဖြစ်ရာ ထိုသို့ထုတ်လုပ်တင်ပို့နိုင်ရေးအတွက် လိုအပ်သောခေတ်မီနည်းပညာ၊ ခေတ်မီစက်ကိရိယာများအားလည်း ပံ့ပိုးဖြည့်တင်းပေးရန်လိုအပ်လျက်ရှိပါသည်။ မည်သို့ပင် စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရသော်လည်း အစိုးရ၊ ပုဂ္ဂလိက နှင့် သက်ဆိုင်ရာအသင်းအဖွဲ့များ၊ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ၊ ကုမ္ပဏီလုပ်ငန်းရှင်များလက်တွဲညီညီဖြင့် ပူးပေါင်းဆောင်ရွက်လျှင် မြန်မာ့ပို့ကုန်ပြောင်းကဏ္ဍ တိုးတက်အောင် ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း သုံးသပ်တင်ပြလိုက်ရပါသည်။



## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# တရုတ်နိုင်ငံအနေဖြင့် အမေရိကန်အပေါ် ကုန်သွယ်ရေးစစ်ပွဲ တုံ့ပြန်တိုက်ခိုက်ရန်အသင့်ရှိကြောင်းဟု သတိပေးပြောကြား

ဝါရှင်တန်မှ တရုတ်သွင်းကုန်များအပေါ် အပြင်းအထန် ဒဏ်ခတ်မှုအား တရုတ်နိုင်ငံအနေဖြင့် လက်ပိုက်ကြည့်နေမည်မဟုတ်ကြောင်း သတိပေးစကားပြောကြားလိုက်သည်။ တရုတ်ဗဟိုအစိုးရအနေဖြင့် အမေရိကန်နှင့် ပိုမိုပြင်းထန်လာသည့် ကုန်သွယ်ရေးတင်းမာမှုနှင့်စပ်လျဉ်း၍ အရေးပေါ်စီမံကိန်းများ ပြင်ဆင်ထားကြောင်း တရုတ်အစိုးရနှင့်ရင်းနှီးသည့် အသိုင်းအဝိုင်းမှ ပြောကြားခဲ့သည်။

အမေရိကန်အနေဖြင့် အသိဉာဏ်ပစ္စည်းဆိုင်ရာ မူပိုင်ခွင့်ခိုးယူသည်ဟု စွပ်စွဲထားချက်နှင့် တရုတ်နိုင်ငံ၏ ကုန်သွယ်မှုလုပ်ထုံးလုပ်နည်းများအား စုံစမ်းလေ့လာရေးကို ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် စတင်ပြုလုပ်ခဲ့ပြီး တရုတ်နိုင်ငံ၏ စီပွားရေးခေါင်းပုံဖြတ်မှုများကို တိုက်ဖျက်ရန် ဦးတည်သည့် နားလည်မှုစာချွန်လွှာအား လက်မှတ်ရေးထိုးသွားနိုင်ဖွယ်ရှိကြောင်း ပြောကြားခဲ့သည်။ အမေရိကန်၏ အခွန်မြှင့် အထူးအစီအစဉ်အရ အခွန်ပမာဏမှာ အမေရိကန်ဒေါ်လာ ၆၀ ဘီလီယံရရှိမည်ဖြစ်ကြောင်း၊ ၎င်းအစီအစဉ်မှာ တရုတ်နိုင်ငံ၏ နည်းပညာမြင့်ကဏ္ဍအား ရည်ရွယ်ခြင်းဖြစ်ပြီး အမေရိကန်အတွင်း တရုတ်ကုမ္ပဏီများ၏ ရင်းနှီး မြှုပ်နှံမှုအပေါ်တွင် ကန့်သတ်ချက်များရှိမည်ဖြစ်ကြောင်း အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ် Robert Lighthizer က ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အမေရိကန်သမ္မတ၏ပြောင်းလဲမှုများကို ဆန့်ကျင်တုံ့ပြန်နိုင်ရန်လိုအပ်သည့် အစီအမံအားလုံး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်အကျိုးစီးပွားကို ထိခိုက်နိုင်သည့်အရာများအား လုံးဝလက်ပိုက်ကြည့်နေမည်မဟုတ်ကြောင်း သတိပေးပြောကြားခဲ့သည်။ တရုတ်နိုင်ငံနှင့် အမေရိကန်တို့ မှာ ကမ္ဘာ့ကုန်သွယ်မှုဆက်ဆံရေးတွင် အကြီးဆုံးနိုင်ငံများဖြစ်ကြပြီး ယမန်နှစ်က တရုတ်နိုင်ငံအနေဖြင့် အမေရိကန်နှင့် ကုန်သွယ်မှုတွင် ပိုငွေအမေရိကန်ဒေါ်လာ ၂၇၅ ဒသမ ၈ ဘီလီယံရှိပြီး ၎င်း၏နိုင်ငံတကာသို့ ကုန်သွယ်မှုစုစုပေါင်း၏ သုံးပုံနှစ်ပုံရှိကြောင်း ထုတ်ပြန်ခဲ့သည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

# Value Added Tax တရုတ်လျှော့ချမည်

တရုတ်တွင် Tax Reform ဆောင်ရွက်နေပြီး ယခုနှစ် မေ ၁ ရက်မှစတင်၍ Value Added Tax(VAT)ကို တရုတ်ယွမ်ဘီလီယံ ၄၀၀ ခန့်လျှော့ချမည်ဖြစ်ကြောင်း သိရသည်။ ကုန်ထုတ် လုပ်မှုလုပ်ငန်းများတွင် ယခင်က ၁၇ ရာခိုင်နှုန်းမှ ယခု ၁၆ ရာခိုင်နှုန်းသို့လည်းကောင်း၊ ပို့ဆောင်ရေး၊ ဆောက်လုပ်ရေး၊ အခြေခံဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများတွင် ယခင်က ၁၁ ရာခိုင်နှုန်းမှ ယခု ၁၀ ရာခိုင်နှုန်းသို့လည်းကောင်း လျှော့ချမည်ဖြစ်သည်။

အဆိုပါ VAT Reform သည် တရုတ်၌ မှတ်ပုံတင်ဆောင်ရွက်နေသည့် ပြည်တွင်းနှင့် နိုင်ငံခြားသားထုတ်လုပ်မှု လုပ်ငန်းများအားလုံး အကျုံးဝင်မည်ဖြစ်ပြီး ဝန်ဆောင်မှုလုပ်ငန်းများ၊ အသေးစားလုပ်ငန်းများအနေဖြင့် အခွန်နှင့်ပတ်သက်သည့် ဝန်ထုပ်ဝန်ပိုးများ သက်သာစေမည့်အပြင် တီထွင်ဖန်တီးမှုအတွက် တွန်းအားဖြစ်စေကြောင်းသိရပါသည်။

စက်ရုံများနှင့် အသေးစားအခွန်ပေးဆောင်သူများ (Industrial & Commercial) အတွက်ပါ စံသတ်မှတ်ပေးမည်ဖြစ်ကာ ယခုကဲ့သို့ နိုင်ငံတစ်ဝန်းလုံးတွင် မလျှော့ချမီ ရှန်ဟိုင်း၌ စမ်းသပ်ဆောင်ရွက်ခဲ့ပြီးဖြစ်သည့်အပြင် လွန်ခဲ့သော ငါးနှစ်တာကာလအတွင်း တရုတ်ယွမ် စုစု ပေါင်း ၂ ဒသမ ၁ ထရီလီယံလျှော့ချခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိပါသည်။

**သန္တာခိုင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ပေကျင်းမြို့**

# MSP ဈေးနှုန်းဖြင့် ဝယ်ယူမည်ဖြစ်ကြောင်း Madhya Pradesh ပြည်နယ်အစိုးရက ကြေညာလိုက်သည့်အတွက် ကုလားပဲနှင့် ပဲနီလေးဈေးနှုန်းများ မြင့်တက်လာဖွယ်ရှိ

Madhya Pradesh ပြည်နယ်အစိုးရသည် တောင်သူလယ်သမားများအနေဖြင့် ၎င်းတို့၏လယ်ယာထွက်ကုန်များအတွက် သင့်တင့်သည့်ဈေးနှုန်းများရရှိစေရန် ရည်ရွယ်ကာ Bhavantar Bhugtan Yojana (BBY) အစီအစဉ်ကို စတင်စမ်းသပ်ဖော်ဆောင်ခဲ့ရာ ၎င်းအစီအစဉ်အရ သတ်မှတ်သီးနှံများ၏ ဈေးကွက်ပေါက်ဈေးများသည် MSP ဈေးနှုန်းအောက် ကျဆင်းလာသည့်အချိန်၌ MSP သတ်မှတ်ဈေးနှုန်းနှင့် ဈေးကွက်ပေါက်ဈေးတို့အကြား ခြားနားသည့် ငွေပမာဏကို ပြည်နယ်အစိုးရက တောင်သူလယ်သမားများ၏ ဘဏ်ငွေစာရင်းများသို့ တိုက်ရိုက်ထည့်သွင်းပေးခြင်းကို စမ်းသပ်ဆောင်ရွက်လျက်ရှိပါသည်။



သို့ရာတွင် မတ်လ ၂၇ ရက်၌ Rabi သီးနှံများဖြစ်သည့် ကုလားပဲ၊ ပဲနီလေးနှင့် မုန်ညင်းတို့အား ၎င်းအစီအစဉ်အောက်မှ ဖယ်ထုတ်ကြောင်း ပြည်နယ်အစိုးရက ဆုံးဖြတ်လိုက်ပြီး ခြားနားငွေထုတ်ပေးခြင်းအစား အဆိုပါသီးနှံများအား MSP ဈေးနှုန်းများအတိုင်း အစိုးရက ဝယ်ယူမည်ဖြစ်ကြောင်း ရုတ်တရက်ကြေညာလိုက်ရာ ကုန်သည်များကို အငိုက်မိစေခဲ့ကြောင်း သိရှိရသည်။

Madhya Pradesh ပြည်နယ်တွင် လက်ရှိနှစ်သည် ရွေးကောက်ပွဲအတွက် အလွန်အရေးပါသည့် နှစ်တစ်နှစ်ရှိပြီး အစိုးရအနေဖြင့် တောင်သူလယ်သမားများ၏ ဆန္ဒပြမှုများ လျှော့ချနိုင်ရေး ကြီးမားသည့် ဖိအားနှင့် ရင်ဆိုင်နေရကြောင်း၊ သို့ဖြစ်၍ ပြည်နယ်အစိုးရသည် BBY အစီအစဉ်အောက်တွင် ကြက်သွန်ဖြူ၊ ကြက်သွန်နီတို့ကိုလည်း ထည့်သွင်းပေးခဲ့ကြောင်း၊ ယခုအခါ ဗဟိုအစိုးရအနေဖြင့် ကတိပြုထားသည်နှင့်အညီ BBY အစီအစဉ်ကုန်ကျစရိတ်၏ ၅၀ ရာခိုင်နှုန်းခန့်ကို ပေးရန် နှောင့်နှေးနေခြင်းတို့ကြောင့် အဆိုပါဆုံးဖြတ်ချက်ကို ချမှတ်ရခြင်းဖြစ်သည်ဟု အစိုးရတာဝန်ရှိသူနှင့် ကုန်သည်အချို့ကအတည်ပြုပြောကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်အစိုးရသည် ပြီးခဲ့သည့် နွေရာသီအတွင်း သီးနှံများအတွက် BBY အစီအစဉ်အရ ပြည်နယ်အတွင်းရှိ တောင်သူလယ်သမားများ၏ ဘဏ်ငွေစာရင်းသို့ ရူပီးကုဋေ ၁၉၀၀ ခန့်ကို ထည့်သွင်းပေးခဲ့ရကြောင်း၊ BBY အစီအစဉ်အောက်တွင် Rabi သီးနှံများကိုလည်း အလားတူဆောင်ရွက်ပေးရန် ပြည်နယ်အစိုးရက ကြေညာထားခဲ့ပြီးဖြစ်ကြောင်း၊ သို့ရာတွင်သုံးလခန့်ကြာမြင့်ခဲ့ပြီးသည့်တိုင် ပြည်နယ်အစိုးရအနေဖြင့် ဗဟိုအစိုးရထံမှ ရူပီးကုဋေ ၁၀၀၀ ခန့်နီးပါးကို လက်ခံရရှိခြင်း မရှိသေးကြောင်း၊ BBY အစီအစဉ်အောက်သို့ ထည့်သွင်းလိုက်သည့်အတွက် ကုလားပဲဈေးနှုန်းမှာ ယခင်အောက် ၁၀ ရာခိုင်နှုန်းထိကျဆင်းမည်ဟု ခန့်မှန်းကြောင်း၊ သို့ဖြစ်၍ ယခင်ဆုံးဖြတ်ချက်အား ပြောင်းပြန်ပြောင်းလဲ၍ MSP ဈေးနှုန်းဖြင့် ဝယ်ယူရန်ရုတ်တရက်ဆုံးဖြတ်လိုက်ကြောင်း၊ ထိုသို့အစိုးရက ဝယ်ယူမည့် အစီအစဉ်ကြောင့် ဈေးကွက်အတွင်းသို့ ကုန်စည်ဝင်ရောက်မှု လျော့နည်းလာနိုင်သည့်အတွက် ယခုအခါ သီးနှံဈေးနှုန်း မြင့်တက်လာနိုင်သည်ဟု ခန့်မှန်းထားကြောင်း သိရှိရသည်။

အိန္ဒိယနိုင်ငံတစ်ဝန်း ဖော်ဆောင်နေသည့် Price Support Scheme (PSS) အရ သီးနှံထုတ်လုပ်မှု၏ ၄၀ ရာခိုင်နှုန်းကို MSP ဈေးနှုန်းဖြင့် အစိုးရအနေနှင့် ဝယ်ယူခွင့်ပြုထားကြောင်း၊ သို့ဖြစ်၍ ပြည်နယ်အစိုးရအနေဖြင့် Rabi သီးနှံများဖြစ်သည့် ကုလားပဲတန်ချိန် ၂၁ သိန်း၊ ပဲနီလေးတန်ချိန် သုံးသိန်းနှင့် မုန်ညင်းတန်ချိန် လေးသိန်းခန့်တို့ဖြင့် အမယ်သုံးမျိုးအား စုစုပေါင်းတန်ချိန် ၂၈ သိန်းခန့် ဝယ်ယူရန် မျှော်မှန်းထားကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ နယူးဒေလီမြို့**

# သံမဏိပစ္စည်းများတင်သွင်းမှုအပေါ် Safeguard ဆိုင်ရာ စုံစမ်းစစ်ဆေးမှု အီးယူပြုလုပ်မည်

သံမဏိပစ္စည်းများအပေါ် အမေရိကန်က သွင်းကုန်တိုးမြှင့်လိုက်ခြင်းကြောင့် ပြင်းထန်သည့်သက်ရောက်မှုဖြစ်ပေါ်မည်ကို စိုးရိမ်နေချိန်တွင် အီးယူကလည်း သတ်မှတ်သံမဏိပစ္စည်းများအပေါ် Safeguard ဆိုင်ရာ စုံစမ်းစစ်ဆေးမှုတစ်ခုပြုလုပ်ရန် စတင်နေပြီဖြစ်ကြောင်း သိရှိရပါသည်။

ထိုသို့ အီးယူက Safeguard ခွန် စည်းကြပ်မည်ဆိုပါက အဆိုပါဈေးကွက်သို့ နှစ်စဉ်အမေရိကန်ဒေါ်လာ လေးဘီလီယံခန့်ရှိ သံမဏိများတင်ပို့ရောင်းချနေသည့် အိန္ဒိယပို့ကုန်လုပ်ငန်းရှင်များအပေါ် ထိခိုက်မှုမှာ ဆိုးရွားနိုင်ကြောင်း၊ အီးယူကလည်း အမေရိကန်က အခွန်တိုးမြှင့်လိုက်ခြင်းအပေါ် ၎င်း၏အဖွဲ့ဝင်နိုင်ငံများအတွက် စိုးရိမ်ပူပန်သည်ဟု ထုတ်ဖော်ပြောဆိုခဲ့ကြောင်း၊ အီးယူကော်မရှင်၏ အချက်အလက်များအရ အဖွဲ့ဝင်နိုင်ငံများသို့ သံမဏိသွင်းကုန်များ လတ်တလောကာလအတွင်း သိသိသာသာတိုးမြှင့်လာလျက်ရှိခြင်းသည် Safeguard ဆိုင်ရာ စိစစ်မှုများဆောင်ရွက်ရန်အတွက် လုံလောက်သည့်အထောက်အထားဟု ဆိုနိုင်ကြောင်း၊ သို့ဖြစ်၍ အီးယူကော်မရှင်အနေဖြင့် Safeguard ဆိုင်ရာ စုံစမ်းစစ်ဆေးမှုတစ်ရပ် စတင်ပြုလုပ်ရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားပါသည်။

အိန္ဒိယ သံမဏိပို့ကုန်လုပ်ငန်းရှင်များအတွက် အမေရိကန်နှင့် အီးယူသည် အဓိကကျသည့်ဈေးကွက်ကြီးများဖြစ်ပြီး အမေရိကန်ကလည်း သံမဏိပစ္စည်းအချို့အပေါ် သွင်းကုန် ခွန် ၂၅ ရာခိုင်နှုန်းကို မကြာသေးမီက သတ်မှတ်စည်းကြပ်ခဲ့ကြောင်း၊ အိန္ဒိယမှ အမေရိကန်သို့ သံမဏိပို့ကုန်ပမာဏမှာ အမေရိကန်ဒေါ်လာ တစ်ဘီလီယံ ဝန်းကျင်ခန့်ရှိကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ နယူးဒေလီမြို့**

# ဆော်ဒီအာရေဗျနိုင်ငံ၏ စားသောက်ကုန်နှင့် လယ်ယာထွက်ကုန် တင်သွင်းမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် စံချိန်စံညွှန်းများ

ကျော်စိန်ဝင်း(ပြည်တွင်း၊ ပြည်ပ)

အခုတစ်လောမှာ မြန်မာ့ရေထွက်ကုန်ပစ္စည်းများတင်ပို့ရာ အဓိကဈေးကွက်တစ်ခုဖြစ်တဲ့ ဆော်ဒီအာရေဗျနိုင်ငံက မြန်မာနိုင်ငံ အပါအဝင် ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်၊ အိန္ဒိယနိုင်ငံတို့မှ မွေးမြူရေး ငါး၊ ပုစွန်များအား ဆော်ဒီအာရေဗျနိုင်ငံသို့ တင်သွင်းခွင့်ကို ၂၀၁၈ ခုနှစ် မတ်လ ၃၁ ရက်မှစတင်၍ ယာယီရပ်ဆိုင်းထားမယ်ဆိုတဲ့ သတင်းတွေကြားသိနေရပါတယ်။ ၂၀၁၇ ခုနှစ် စာရင်းဇယားများအရ လူဦးရေ ၃၃ သန်းခန့်ရှိတဲ့ ဆော်ဒီအာရေဗျနိုင်ငံဟာ တစ်ဦးကျဝင်ငွေ အရကြည့်မယ်ဆိုရင် ၅၅၂၂၉ အမေရိကန်ဒေါ်လာခန့်ရှိတာကိုလည်း သိရပါတယ်။ ဆော်ဒီအာရေဗျနိုင်ငံရဲ့ကုန်သွယ်မှုကိုကြည့်ရင်လည်း ၂၀၁၇ ခုနှစ်မှာ ပို့ကုန်တင်ပို့မှုစုစုပေါင်းအမေရိကန်ဒေါ်လာ ၂၃၁ ဒသမ ၃ ဘီလီယံရှိပြီး သွင်းကုန်ကတော့ အမေရိကန်ဒေါ်လာ ၁၃၆ ဒသမ ၈ ဘီလီယံရှိနေတာကို တွေ့ရပါတယ်။ မြန်မာနိုင်ငံက ကမ္ဘာ့ဈေးကွက်များသို့ မွေးမြူရေးငါးတင်ပို့ရောင်းချမှုဟာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ မက်ထရစ်တန် ၆၀၀၀၀ ကျော် ရှိခဲ့တဲ့အနက် အဆိုပါဘဏ္ဍာနှစ်အတွင်း ဆော်ဒီအာရေဗျနိုင်ငံသို့ မက်ထရစ်တန်ချိန် ၂၀၀၀၀ ခန့် တင်ပို့ခဲ့တာ ဖြစ်တယ်လို့သိရပါတယ်။ အဆိုပါပမာဏဟာ ကမ္ဘာ့ဈေးကွက်အားလုံးသို့ တင်ပို့ရောင်းချမှု၏ ၃၀ ရာခိုင်နှုန်းကျော်ရှိတာဖြစ်တဲ့အတွက် ဆော်ဒီအာရေဗျနိုင်ငံဟာ ဥရောပသမဂ္ဂပြီးရင် မြန်မာနိုင်ငံရဲ့ ငါး၊ ပုစွန် ထွက်ကုန်များတင်ပို့မှုအတွက် အရေးပါတဲ့ဈေးကွက်တစ်ခုလည်း ဖြစ်နေတာကိုတွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့် ယခုတစ်ပတ်မှာတော့ ဆော်ဒီအာရေဗျနိုင်ငံရဲ့ စားသောက်ကုန်နှင့် လယ်ယာထွက်ကုန်ပစ္စည်းများ တင်သွင်းမှုဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက်တွေနဲ့ လုပ်ထုံးလုပ်နည်းတွေကို ရေးသားတင်ပြလိုပါတယ်။

**စားသောက်ကုန်များဆိုင်ရာ လုပ်ထုံးလုပ်နည်း/ စံချိန်းစံညွှန်းများ ကို ကြီးကြပ်သည့် ဌာနများ**

ဆော်ဒီအာရေဗျနိုင်ငံ အစားအသောက်နှင့် ဆေးဝါးအာဏာ ပိုင်အဖွဲ့ (Saudi Food and Drug Authority-SFDA) ဟာ အစားအသောက်နှင့် ဆင့်တက်ပြုပြင်ထားသည့် အစာထွက်ကုန်များဆိုင်ရာ စံချိန်စံညွှန်းများနှင့် လုပ်ထုံးလုပ်နည်းများ ချမှတ်ပြဋ္ဌာန်းတဲ့ အဓိကအဖွဲ့အစည်းဖြစ်ပြီး ပြည်တွင်းထုတ်စားသောက်ကုန်နဲ့ တင်သွင်းလာသည့် စားသောက်ကုန်များအား စစ်ဆေးခြင်းကိုလည်း အဆိုပါ အဖွဲ့အစည်းကပဲ တာဝန်ယူဆောင်ရွက်ပါတယ်။

SFDA အနေနဲ့ စားသောက်ကုန်များဟာ ဆော်ဒီအာရေဗျနိုင်ငံနဲ့ ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်မှု ကောင်စီနိုင်ငံများရဲ့ အရည်အသွေးစံချိန်စံညွှန်းနှင့် လုပ်ထုံးလုပ်နည်းများ ချမှတ်တဲ့ အဖွဲ့အစည်းဖြစ်တဲ့ ပင်လယ်ကွေ့စံချိန်စံညွှန်း သတ်မှတ်မှုအဖွဲ့အစည်း (Gulf Standardization Organization-GSO) တို့က သတ်မှတ်ပြဋ္ဌာန်းထားတဲ့ စံချိန်စံညွှန်း၊ လုပ်ထုံးလုပ်နည်းများနဲ့ ကိုက်ညီမှု ရှိ/မရှိကို ဆုံးဖြတ်ပေးပါတယ်။ SFDA ဟာ သီးခြားလွတ်လပ်တဲ့ အဖွဲ့အစည်း တစ်ခုဖြစ်ပြီး ဆော်ဒီအာရေဗျနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တဲ့ ဒါရိုက်တာအဖွဲ့ဝင်တွေနဲ့ ထိန်းချုပ်ဆောင်ရွက်ပါတယ်။ ဒါရိုက်တာဘုတ်အဖွဲ့မှာဆိုရင် ကျန်းမာရေးဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ သဘာဝပတ်ဝန်းကျင်၊ ရေနှင့် လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ စည်ပင်သာယာရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာနနှင့် စွမ်းအင်၊ စက်မှုနှင့် တွင်းထွက်သယံဇာတဝန်ကြီးဌာနစသည်တို့မှ ဝန်ကြီးတွေပါဝင်ပြီး အဆိုပါ ဝန်ကြီးများဟာ ဆော်ဒီအာရေဗျနိုင်ငံ ဘုရင်ထံကို တိုက်ရိုက်သတင်းပို့ဆောင်ရွက်ပါတယ်။ ဒါ့အပြင် ဒါရိုက်တာဘုတ်အဖွဲ့ဝင်တွေအနေနဲ့ SFDA ရဲ့ အမှုဆောင်ဥက္ကဋ္ဌ၊ ဆော်ဒီအာရေဗျ စံချိန်စံညွှန်းအဖွဲ့အစည်း၊ ဆော်ဒီကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့မှ အဖွဲ့ဝင်များ၊ အစားအသောက်နှင့်ဆေးဝါးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များလည်း ပါဝင်နေတာ ဖြစ်ပါတယ်။

စားသောက်ကုန်တွင်ပါဝင်တဲ့ ပါဝင်ပစ္စည်းများ၊ ဆင့်တက် ပြုပြင်ထားတဲ့ တိရစ္ဆာန်အစာများ အပါအဝင် အစားအသောက်များ အားလုံးနှင့် စားသုံးနိုင်သော လယ်ယာထွက်ကုန်များ အားလုံးသည် ပြည်ပမှတင်သွင်းသည်ဖြစ်စေ၊ ပြည်တွင်း၌ ထုတ်လုပ်သည်ဖြစ်စေ SFDA (သို့မဟုတ်) GSO တို့မှ သတ်မှတ်ထားတဲ့ လုပ်ထုံးလုပ်နည်း၊ စံချိန်စံညွှန်းများနဲ့ကိုက်ညီဖို့ လိုအပ်မှာဖြစ်ပါတယ်။

ပင်လယ်ကွေ့နိုင်ငံများ စံချိန်စံညွှန်းအဖွဲ့အစည်း (GSO) ဟာ အစားအသောက်နှင့် လယ်ယာထွက်ကုန်များကို ထိန်းချုပ်ဆောင်ရွက်တဲ့ အခါ နည်းပညာဆိုင်ရာ လုပ်ထုံးလုပ်နည်း-GSO technical regulations နှင့် စံချိန်စံညွှန်း-GSO standards ဆိုပြီး တရားဝင်ထုတ် ပြန်ချက်နှစ်မျိုးကို ထုတ်ပြန်ဆောင်ရွက်တာဖြစ်ပါတယ်။ GSO technical regulations မှာ GCC အဖွဲ့ဝင်နိုင်ငံများအားလုံးက တစ်ညီတစ်ညွတ်တည်း အတည်ပြုထားတဲ့ လုပ်ထုံးလုပ်နည်းတွေဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံအားလုံးမှာ မဖြစ်မနေလိုက်ပါအကောင်အထည်ဖော်ဆောင်ရွက်ရတာဖြစ်ပါတယ်။ GSO standards ကိုတော့ အဖွဲ့ဝင်နိုင်ငံအများစုက မဲပေးချမှတ်တာဖြစ်ပြီး အကောင်အထည်ဖော်မှုအပိုင်းမှာတော့ အဖွဲ့ဝင်နိုင်ငံတွေအနေနဲ့ ဆန္ဒအလျောက် (voluntary) အနေနဲ့သာ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ GSO ရဲ့ စံချိန်စံညွှန်းတွေဟာ ပုံမှန်အားဖြင့်တော့ CODEX ရဲ့ စံချိန်စံညွှန်းတွေအပေါ်မှာ အခြေခံထားတာဖြစ်ပြီး အမေရိကန်၊ ဥရောပသမဂ္ဂတို့ရဲ့ စံချိန်စံညွှန်းတွေအပေါ်မှာလည်း အတိုင်းအတာတစ်ခုအထိ အခြေခံပါတယ်။ ဒါပေမယ့် နိုင်ငံရဲ့ ဘာသာရေး၊ ယဉ်ကျေးမှုနဲ့ ရာသီဥတုအခြေအနေတွေအပေါ် မူတည်ပြီးတော့လည်း ပြင်ဆင်သတ်မှတ်ထားတာမျိုးရှိပါတယ်။ SFDA ရဲ့တင်သွင်းလာသည့် စားသောက်ကုန်နှင့် တိရစ္ဆာန် အစာထိန်းချုပ်ရေးဌာနက အစားအသောက်တွေနဲ့ ဆင့်တက်ပြုပြင်ထားသည့် အစာထွက်ကုန်တွေကို သက်ဆိုင်ရာဝင်ပေါက်အသီးသီးမှာ စစ်ဆေးခြင်းကိုဆောင်ရွက်ပါတယ်။ SFDA ဟာတင်သွင်းတဲ့ စားသောက်ကုန်၊ အစာထွက်ကုန်တွေနဲ့ တိရစ္ဆာန်ထွက်ကုန်တွေအပြင် ပြည်တွင်းထုတ် အလားတူကုန်စည်တွေကိုလည်း ၎င်းရဲ့ကိုယ်ပိုင် ဓာတ်ခွဲခန်းတွေမှာ စစ်ဆေးမှုတွေကို ဆောင်ရွက်ပါတယ်။ လိုအပ်တဲ့အခါမှာ အစိုးရဌာနတွေရဲ့ဓာတ်ခွဲခန်းတွေနဲ့အသိအမှတ်ပြုထားတဲ့ ပုဂ္ဂလိကဓာတ်ခွဲခန်းတွေကိုလည်း အသုံးပြုစစ်ဆေးပါတယ်။

**တိရစ္ဆာန်အသားတိုး ပရိုတင်းကင်းစင်ခြင်း (Animal Protein Free Feeding)**

မွေးမြူရေးနှင့် ကြက်/ဘဲ၊ အသားထွက်ကုန်များနဲ့ပတ်သက်တဲ့ SFDA ရဲ့လုပ်ထုံးလုပ်နည်းတွေကတော့ အဆိုပါမွေးမြူရေးနှင့် ကြက်/ဘဲ၊ အသားထွက်ကုန်များကို သင်္ဘောတင်ပို့မှုနဲ့အတူ တိရစ္ဆာန် အသားတိုးပရိုတင်းများကျွေးမထားတဲ့ အသားထွက်ကုန်များဖြစ်ကြောင်း ရှင်းလင်းစွာဖော်ပြထားတဲ့ ကျန်းမာကြောင်း အသိအမှတ်ပြုလက်မှတ်ပါရှိဖို့ လိုအပ်မှာဖြစ်ပါတယ်။

**ပိုးသတ်ဆေးဓာတ်ကြွင်း**

ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှု သတ်မှတ်ချက်အနေနဲ့ SFDA ဟာ စားသောက်ကုန်တွေအတွက် ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှု ကန့်သတ်ချက်ကို အများဆုံးခွင့်ပြုနိုင်တဲ့ ပမာဏအဖြစ် 1 Part Per Million (PPM) သတ်မှတ်ထားတယ်လို့သိရပါတယ်။

**အစားအစာဖြည့်စွက်ပစ္စည်းဆိုင်ရာ လုပ်ထုံးလုပ်နည်း**

၂၀၁၅ ခုနှစ် နိုဝင်ဘာလမှာ GSO အနေနဲ့ ကျယ်ပြန့်လွှမ်းခြုံတဲ့ နည်းပညာလုပ်ထုံးလုပ်နည်းတွေပါဝင်တဲ့ "စားသောက်ကုန်များတွင် အသုံးပြုရန်ခွင့်ပြုထားသည့် ဖြည့်စွက်ပစ္စည်းများ" GSO 2500/2015 ကို ထုတ်ပြန်ခဲ့ပါတယ်။ အဆိုပါ ထုတ်ပြန်ချက်အသစ်တွင် စားသုံးဆီတွင် ပါဝင်ရန် ခွင့်ပြုထားတဲ့ ဖြည့်စွက်ပစ္စည်းများ၊ စားသောက်ကုန် အရောင်တင်ခြင်းဆိုင်ရာ ဖြည့်စွက်ပစ္စည်းများ၊ စားသောက်ကုန် တာရှည်ခံအောင်ပြုလုပ်ရာတွင် အသုံးပြုသည့်ဖြည့်စွက်ပစ္စည်းများ၊ စားသောက်ကုန် တာရှည်ခံရန်ပြုလုပ်သည့် ဆာလ်ဖျူရစ်အက်ဆစ်၏ ဆားအသုံးပြုမှု၊ အစားအသောက်ထွက်ကုန်များတွင် အသုံးပြုခွင့်ပြုထားသည့် တာရှည်ခံပစ္စည်းများနှင့် ဓာတ်တိုးပစ္စည်းများ၊ စားသောက်ကုန်များတွင် အသုံးပြုခွင့်ပြုထားသည့် Emulsifiers, Stabilizers, Thickeners များ၊ အစားအသောက် ထွက်ကုန်များတွင် အသုံးပြုခွင့်ပြုထားသည့် ဓာတ်တိုးပစ္စည်းအများဆုံးပါဝင်ခွင့် သတ်မှတ်ချက်နှင့် အခြားသောအစားအစာဖြည့်စွက်ပစ္စည်းဆိုင်ရာ စံချိန်စံညွှန်းများနှင့် သတ်မှတ်ချက် (specification) များ ပါဝင်ပါတယ်။

**ပိုးသတ်ဆေးနှင့်အခြားမသန့်ရှင်းသော ပစ္စည်းများ ပါဝင်မှု**

ဆော်ဒီအာရေဗျနိုင်ငံနှင့် အခြားသော GSO အဖွဲ့ဝင်နိုင်ငံများဟာ ပိုးသတ်ဆေးနှင့် အခြားမသန့်သော ပစ္စည်းများအတွက် စာရင်းများ (Positive Lists) ကိုထုတ်ပြန်ထားပါတယ်။ အဆိုပါ စာရင်းတွေဟာ အဓိကအားဖြင့် CODEX ရဲ့ စံချိန်စံညွှန်းတွေအရ ထုတ်ပြန်ထားတာ ဖြစ်တယ်လို့ သိရပါတယ်။ ဒီနေရာမှာ ဆော်ဒီအာရေဗျနိုင်ငံရဲ့ ပိုးသတ်ဆေးနဲ့ဆိုင်တဲ့ အဓိကစံချိန်စံညွှန်းတချို့ကို ဖော်ပြပေးလိုပါတယ်။ GSO ၃၈၂/၁၉၉၄ နဲ့ GSO ၃၈၃/၁၉၉၄ တို့ဟာ လယ်ယာထွက်စားသောက်ကုန်တွေမှာ ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှုအများဆုံးသတ်မှတ်ချက်ကို သတ်မှတ်တာဖြစ်ပါတယ်။ GSO ၈၄၁/၁၉၉၇ ကတော့ စားသောက်ကုန်နှင့် တိရစ္ဆာန်အစာတို့မှာ ခွင့်ပြုထားတဲ့ အာဖလာတော့ဆင်မှိုဆိပ် အများဆုံးပါဝင်မှုကို ကန့်သတ်တဲ့ စံချိန်စံညွှန်းဖြစ်ပါတယ်။ GSO ၂၄၈၁/၂၀၁၅ ဟာ အစားအစာတွင် တိရစ္ဆာန်ကုသဆေးဝါးအများဆုံးပါဝင်မှု ကန့်သတ်ချက်ကို သတ်မှတ်ပေးပါတယ်။ GSO ၂၅၃၂/၂၀၁၆မှာ အော်ဂဲနစ် စားသောက်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းအများဆုံးပါဝင်နိုင်မှုကို သတ်မှတ်ပေးတဲ့စံချိန်စံညွှန်းဖြစ်ပြီး GSO ၁၀၁၆/၂၀၁၅ ကတော့ စားသောက်ကုန်တွေအတွက် အဏုဇီဝဆိုင်ရာ စံနှုန်းတွေကို သတ်မှတ်ပေးပါတယ်။ အစားအစာတွေမှာ sweeteners ပါဝင်မှု ခွင့်ပြုချက်ကိုတော့ GSO ၁၉၉၅/၂၀၁၅ က သတ်မှတ်ပေးတာဖြစ်ပြီး သောက်ရေသန့်၊ တိရစ္ဆာန် အစားအစာများနှင့် စားသောက်ကုန်များတွင် ခွင့်ပြုထားတဲ့ ရေဒီယိုသတ္တုကြွမှုအဆင့် သတ်မှတ်ချက်ကို GSO ၉၈၈/၁၉၉၈ မှာပြဋ္ဌာန်းထားပါတယ်။ နို့ထွက်ကုန်တွေရဲ့ထပ်တိုးပရိုဘိုင်အိုတစ်တွေနဲ့သက်ဆိုင်တဲ့ စံချိန်စံညွှန်း သတ်မှတ်ချက်ကတော့ GSO ၂၅၁၂/၂၀၁၆ ဖြစ်ပါတယ်။ **ဆက်လက်ဖော်ပြပါမည်။**

## International Trade Basic Course (Weekend Porgramme ) (Batch-3) သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန၊ ပို့ကုန်သွင်းကုန်ရုံး(ရန်ကုန်) တွင် ဧပြီလ ၇ ရက်က International Trade Basic Course (Weekend Porgramme ) (Batch -3) သင်တန်းဆင်းပွဲကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းဆင်းပွဲသို့ အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသူ၊ သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။

သင်တန်းဆင်းပွဲတွင် အမြဲတမ်းအတွင်းဝန်က အမှာစကားပြောကြားခဲ့ပြီး ပထမဆုကို ကသ(၈၀) ဒေါ်နှင်းနှင်းလှိုင်မှ လည်းကောင်း၊ ဒုတိယဆုကို ကသ(၃၁) ဒေါ်သင်းသင်းဆွေမှလည်းကောင်း၊ တတိယဆုကို ကသ(၆၀) ဒေါ်သူဇာပြည့်ပြည့်ဖြိုးမှ လည်းကောင်း ရရှိခဲ့ကြောင်း သတင်းရရှိပါသည်။

ကြည်သာသစ်နိုင်

# Myanmar Franchise Expo & Conference ကုန်စည်ပြပွဲ

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် Myanmar Franchise Expo & Conference ကုန်စည်ပြပွဲဖွင့်ပွဲကို ဧပြီ ၆ ရက် နံနက် ၉ နာရီတွင် ကျင်းပခဲ့ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါမှ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ဖွင့်ပွဲသို့ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ စီးပွားရေးလုပ်ငန်းရှင်များအပါအဝင် စုစုပေါင်း ၈၀ ဦးခန့် တက်ရောက်ခဲ့ပါသည်။ အဆိုပါပြပွဲတွင် စားသောက်ကုန်ပစ္စည်းများဖြစ်သော ကော်ဖီမှုန့်၊ ဟင်းချက်အနှစ်၊ ဟင်းချက်အရသာမှုန့်၊ မုန့်ဖုတ်ပစ္စည်းများ၊ အချိုရည်များ၊ ခေါက်ဆွဲခြောက်များနှင့် မုန့်လုပ်သည့် စက်ကိရိယာပစ္စည်းများ ပါဝင်ပြသထားပြီး ဧပြီ ၆ ရက်မှ ၈ ရက်အထိ နေ့စဉ် နံနက် ၉း၀၀ နာရီမှ ညနေ ၅ နာရီအထိ အများပြည်သူများကြည့်ရှုလေ့လာဝယ်ယူနိုင်ရန် ဖွင့်လှစ်ပြသခဲ့ကြောင်း သိရသည်။

# လိုက်နာဆောင်ရွက်ခြင်းဖြင့် သရက်သီးဈေးကွက် ထိန်းသိမ်းကြပါစို့

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အဓိကအားထားရသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ ရာသီအလိုက် စိုက်ပျိုးရသည့် သီးပင်၊ စားပင်များသာမက နှစ်ရှည်သီးပင်၊ စားပင်များကိုလည်း ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးထုတ်လုပ်လာကြသည်မှာ ရှေးယခင်ကတည်းကပင် ဖြစ်ပေသည်။ တိုးတက်လာသည့်လူဦးရေနှင့်အညီ စားနပ်ရိက္ခာကို လုံလောက်စွာထုတ်လုပ်နိုင်ရန်နှင့် စဉ်ဆက်မပြတ်စားသုံးနိုင်ရန်အတွက် ခေတ်မီနည်းပညာများ အသုံးချလျက်စိုက်ပျိုးထုတ်လုပ်မှုများရှိနေသလို ဝိသမလောဘသမားတို့၏ ဖြတ်လမ်းလိုက် စီးပွားရှာမှုများကိုလည်း နေရာကဏ္ဍအသီးသီးတွင် တွေ့နေ၊ မြင်နေ၊ ကြားနေရပေသည်။

ယခုလည်း သရက်စိုက်တောင်သူအချို့မှာ သရက်သီးစပေါ်ချိန် ရာသီအစကာလ သရက်သီးဈေးကောင်းချိန်၌ သရက်သီးများလှိုင်လှိုင်ရောင်းချနိုင်ရန် မရင့်မှည့်သေးသော သရက်သီးအနုများအားခူးဆွတ်၍ တို့ဆေးများသုံးကာ သရက်သီးကို အလျင်အမြန်ရင့်မှည့်အောင် လုပ်ဆောင်နေကြသည်ကို ကြားသိနေရပေသည်။ ထိုသို့လုပ်ဆောင်ခြင်းသည် လတ်တလော အခြေအနေအတွက် အဆင်ပြေသယောင်ရှိသော်လည်း ရေရှည်အတွက်ဈေးကွက်ပျက်ပြားခြင်း၊ တစ်ဖက်ဝယ်လက်၏ ယုံကြည်မှုကင်းမဲ့လာခြင်းနှင့် ရေရှည်တွင်ဈေးကွက်ပြန်လည်ရရှိရေး တည်ဆောက်မှုတွင်လည်း များစွာအခက်အခဲရှိလာမည်ဖြစ်ပါသည်။

မိမိတို့နိုင်ငံ၏ စိုက်ပျိုးထွက်ကုန်အများစုကို အိမ်နီးချင်းတရုတ်နိုင်ငံမှ အများဆုံးဝယ်ယူတင်သွင်းမှုများ ရှိနေရာရှိပြီးသား ဈေးကွက်မပျောက်ပျက်စေရန်နှင့် ရေရှည်ထိန်းသိမ်းထားနိုင်ရန် အရေးကြီးလှပေသည်။ သို့ဖြစ်၍ ယခုနှစ် သရက်သီးပေါ်ချိန်ရာသီအစ၌ သဘာဝအတိုင်းရင့်မှည့်ခြင်းမဟုတ်ဘဲ သရက်သီးအနုများအား တို့ဆေးသုံးထားသည့် သရက်သီးမှည့်များကို ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချခြင်း မပြုကြပါရန် သရက်စိုက်တောင်သူများအား အသိပေးနှိုးဆော်လိုက်ရပါသည်။

**အောင်ဝင်းခိုင်**

# မြန်မာနိုင်ငံမှ မလေးရှားနိုင်ငံသို့ တင်ပို့လျက်ရှိသောစားသောက်ကုန်များ မလေးရှားနိုင်ငံ၏ Food Act 1983 နှင့် Food Regulation 1985 တို့နှင့်အညီ လိုက်နာတင်ပို့ရန်လိုအပ်နေ

မြန်မာနိုင်ငံမှ မလေးရှားနိုင်ငံသို့ တင်ပို့လျက်ရှိသော စားသောက်ကုန်များအနေဖြင့် မလေးရှားနိုင်ငံ၏ Food Act 1983 နှင့် Food Regulation 1985 တို့နှင့်အညီ ကိုက်ညီမှုမရှိကြောင်း မလေးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနမှအကြောင်းကြားပေးပို့မှု အရ သိရှိရပါသည်။

မလေးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် မလေးရှားနိုင်ငံအတွင်း အစားအစာစိတ်ချလုံခြုံမှုနှင့် ပတ်သက်၍ အထူးအလေးထား ဆောင်ရွက်လျက်ရှိကြောင်းနှင့် ပြည်ပမှ တင်သွင်းလာသည့် စားသောက်ကုန်များအား စောင့်ကြပ်စစ်ဆေးလျက်ရှိရာ မြန်မာနိုင်ငံမှ တင်သွင်းလာသည့် စားသောက်ကုန်တစ်မျိုးသည် ၎င်းတို့၏ Food Act 1983 နှင့် Food Regulation 1985 တို့နှင့်ကိုက်ညီမှုမရှိသည်ကို တွေ့ရှိရကြောင်းကို ယင်းစားသောက်ကုန်ပစ္စည်းစာရင်းအား ပူးတွဲပေးပို့လာမှုအရ သိရှိရပါသည်။

အကြောင်းကြားပေးပို့လာသော ကုန်ပစ္စည်းနှင့်စပ်လျဉ်း၍ ထုတ်လုပ်မှုဖြစ်စဉ်များဖြစ်သည့် ထုတ်လုပ်သည့်နေ့စွဲ၊ သက်တမ်းကုန်ဆုံးမည့်နေ့စွဲ အစရှိသည်များ၊ ကျန်းမာရေးထောက်ခံချက် လက်မှတ်များနှင့်ပတ်သက်သည့် အချက်အလက်များ ဖော်ပြပါရှိမှုမရှိခြင်း၊ မလေးရှားနိုင်ငံ၏ Food Act 1983 နှင့် Food Regulation 1985 တို့ပါ အရည်အသွေးသတ်မှတ်ချက်များအရ ခွင့်ပြုထားမှုမရှိသော စားသောက်ကုန်ဖြစ်ခြင်းနှင့် ကုန်ထုတ်လုပ်သူနှင့် တင်ပို့သူထံသို့ ဆက်သွယ်နိုင်သည့်လိပ်စာ ပါရှိသော်လည်း တယ်လီဖုန်းနံပါတ်၊ ဖက်စ်နံပါတ်နှင့် အီးမေးလ်လိပ်စာများ ဖော်ပြပါရှိမှုမရှိကြောင်း သိရှိရပါသည်။

သို့ဖြစ်ရာ မလေးရှားနိုင်ငံသို့ စားသောက်ကုန်တင်ပို့မည့်သူများအနေဖြင့် မလေးရှားနိုင်ငံ၏ Food Act 1983 နှင့် Food Regulation 1985 ပါ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း သိရှိနိုင်ပါရန် ရေးသားဖော်ပြလိုက်ပါသည်။

**Source-မလေးရှားနိုင်ငံ၊**
**ကျန်းမာရေးဝန်ကြီးဌာနအကြောင်းကြားစာ**
**ကြည်မာလာ**

# တရုတ်ဝယ်လက်များ မကွေးတိုင်းဒေသကြီး၏ ပိုးသတ်ဆေးဓာတုလွတ် သဘာဝဓာတ်မြေဩဇာသုံးသည့် လျှော်ဖြူစေ့အား နှစ်သက်

မကွေးတိုင်းဒေသကြီးအစိုးရ၏ဦးဆောင်မှုဖြင့် မကွေးဒေသထွက် လျှော်ဖြူစေ့ကို မတ် ၂၄ ရက်မှ ၂၆ ရက်အထိ ကျင်းပခဲ့သော ကုန်စည်ပြပွဲတွင်ပြသခဲ့ရာ ဓာတုပိုးမွှားကင်းစင်၍ သဘာဝမြေဩဇာသုံး မကွေးတိုင်း လျှော်ဖြူစေ့များကို ထိုင်ဝမ်မှလာရောက်လေ့လာခဲ့ပြီး ဝယ်ယူရန်ကမ်းလှမ်းခဲ့ကြောင်း သိရသည်။

"တရုတ်ဝယ်လက် ရွှေလီက ဈေးမြှင့်ပေးဝယ်တာပါပဲ။ SME အသေးစား၊ အလတ်စား အစုအဖွဲ့ပိုင်အနေနဲ့ လုပ်တာဖြစ်ပါတယ်။ လျှော်ဖြူဟာ မကွေးတိုင်းဒေသကြီး ရာသီဥတုကြိုက်တယ်။ ပူတာကိုး။ ဝင်ငွေအခွင့်အလမ်းရဖို့ လျှော်ဖြူပင်စိုက်ကြပါလို့ တောင်သူများကို ပြောချင်ပါတယ်"ဟု မကွေးတိုင်းဒေသကြီး လျှော်ဖြူစိုက်ပျိုးထုတ်လုပ်ရေးအစုအဖွဲ့ (SME) အသေးစား၊ အလတ်စားမှ ဦးဆန်းလင်းထွန်းက မီဒီယာသို့ပြောပြခဲ့သည်။

"ထိုင်ဝမ်၊ ဂျပန်ဝယ်လက်တွေ ပြောနေကြတာတော့ တာလမ်းဘေးနဲ့ဝေးတဲ့ လျှော်ဖြူခြံကို ကြိုက်တယ်။ ဘာ့ကြောင့်လဲဆိုတော့ ဖုန်မှုန့်ပါမှာကြောက်တယ်။ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးကြောက်တယ်။ အော်ဂဲနစ်သဘာဝမြေဩဇာပဲကြိုက်ကြတယ် "ဟု မကွေးတိုင်း၊ ပခုက္ကူမြို့နယ်မှ လျှော်ဖြူဧက ၄၀၀ ပိုင်ရှင် တောင်သူတစ်ဦးကမီဒီယာသို့ ဆက်လက်ပြောပြသည်။


မြန်မာ့လျှော်ဖြူပင်မှထုတ်လုပ်သော လျှော်ဖြူစေ့များကို အလှကုန်ပစ္စည်းများ၊ ကားမှန်လုပ်ငန်းများ၊ စားသောက်ကုန်လုပ်ငန်းများ၊ ဆေးဝါးလုပ်ငန်းများနှင့် မြန်မာတိုင်းရင်းဆေးနှင့် တရုတ်တိုင်းရင်းဆေးတို့တွင် ကုန်ကြမ်းမှ ကုန်ချောအဖြစ်သို့ ထုတ်လုပ်သည်ဟုသိရသည်။ မြန်မာ့လျှော်ဖြူပင်မှ ထုတ်လုပ်သော (ဒေသသုံးအခေါ် ဆေးကုလားမ)လျှော်ဖြူစေ့ကို မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အများဆုံးစိုက်ပျိုးကြသည်။

လျှော်ဖြူစိုက်ပျိုးထုတ်လုပ်ရောင်းချသူများအနေဖြင့် အရည်အသွေးကောင်းသော လျှော်ဖြူစေ့ ထုတ်လုပ်ရောင်းချနိုင်ရန် ဓာတုဗေဒဆေး၊ ပိုးသတ်ဆေးပါဝင်မှုကင်းစင်ပါစေကြောင်းနှင့် မြန်မာ့လျှော်ဖြူဈေးကွက်သည် တရုတ်သာမက ကမ္ဘာ့နိုင်ငံဈေးကွက်အထိသို့ ပေါက်ရောက်နိုင်ရေးရည်ရွယ်ကာ သတင်းကောင်းပေးလိုက်ရပါသည်။ **ဝင်းမောင်(မကွေး)**

# World Wood Day Myanmar 2018 အခမ်းအနားကျင်းပ၊ သစ်အချောထည်ပစ္စည်းများပြသ၊ သစ်သားပန်းပုထုပြိုင်ပွဲယှဉ်ပြိုင်

International Wood Culture Society (IWCS)နှင့် World Wood Day Foundation(WWDF)တို့မှ ကြီးမှူးပြီး မန္တလေးတိုင်းဒေသကြီး၊ သစ်တောထွက်ပစ္စည်းလုပ်ငန်းရှင် မှစီစဉ်ဆောင်ရွက်သော World Wood Day Myanmar 2018 အခမ်းအနားကို ဧပြီ ၆ ရက်က မန္တလေးမြို့တော်ခန်းမတွင်ကျင်းပရာ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်၊ မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဦးမျိုးသစ်၊ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစောဂျွန်ရွှေဘတို့ တက်ရောက်အားပေးခဲ့ပြီး ပြခန်းများကိုကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးမှ အဖွင့်အမှာစကားပြောကြားပြီး မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ကမ္ဘာ့သစ်နေ့အကြောင်း ရှင်းလင်းတင်ပြခဲ့ကာ မြို့တော်ဝန်နှင့် တိုင်းဒေသကြီးသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးတို့မှ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးရှေ့ဥယျာဉ်တွင် ကမ္ဘာ့သစ်နေ့အထိမ်းအမှတ်အမှတ်တရ သစ်ပင် စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။



သစ်၏ အသုံးဝင်မှုတန်ဖိုး၊ သစ်နှင့်ပတ်သက်သော ဗဟုသုတများမျှဝေပြီး သဘာဝနှင့်လူ့အဖွဲ့အစည်း ယဉ်ကျေးမှုကြား သဟဇာတဖြစ်စေရန်ရည်ရွယ်၍ ကမ္ဘာ့သစ်များနေ့ ကိုကမ္ဘာ့ ကုလသမဂ္ဂမှ ၂၀၁၃ခုနှစ်တွင် စတင်အသိအမှတ်ပြုခဲ့ကာ အပြည်ပြည်ဆိုင်ရာသစ်တောများနေ့နှင့် တစ်နေ့တည်း သတ်မှတ်ပေးခဲ့သည်။ Wood is Good ဆိုသော အယူအဆဖြန့်ဝေရန် ကမ္ဘာ့သစ်နေ့ကို မြန်မာနိုင်ငံတွင် ပထမဆုံးမန္တလေးမြို့တွင် ကျင်းပခြင်းဖြစ်သည်။

ကမ္ဘာ့သစ်နေ့ အထိမ်းအမှတ်အခမ်းအနားတွင် ပန်းပုထုခြင်း၊ ပွတ်လုံးဖော်ခြင်း၊ ပရိဘောဂပြုလုပ်ခြင်း စသည့်သစ်သားဆိုင်ရာ လက်မှုပညာများ လက်တွေ့ပြုလုပ်ပြသခြင်း၊သစ် နှင့်ပတ်သက်သော အနုပညာ ပစ္စည်းပြပွဲ၊ သစ်နှင့်ပတ်သက်သော ယဉ်ကျေးမှုဆိုင်ရာခရီးစဉ်များ၊ သစ်တောထိန်းသိမ်းရေးပညာပေးအစီအစဉ်များ၊ သစ်ဖြင့်ပြုလုပ်သော တူရိယာပစ္စည်းများဖြင့် ဖျော်ဖြေတင်ဆက်မှုများလည်း ပါဝင်ခဲ့သည်။ ကမ္ဘာ့သစ်နေ့အထိမ်းအမှတ် ပန်းပုထုပြိုင်ပွဲတွင် ပြည်တွင်း၊ ပြည်ပ ပညာရှင် ၂၀ဦး လာရောက်ယှဉ်ပြိုင်ကြပြီး၊ ပြပွဲလာပြည်သူများကိုလည်း မက်ဆီကိုနိုင်ငံမှ ရိုးရာယဉ်ကျေးမှုအဖွဲ့၊ အဆိုတော် အောင်ထက်၊ ဝိုင်းစုခိုင်သိန်းနှင့်အတူ နာမည်ကြီးအဆိုတော်များ၏ဖျော်ဖြေမှုများ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)မှဆိုင်းဝိုင်း၊ရုပ်သေး၊ ပတ္တလား၊ စောင်း ဖျော်ဖြေမှုများဖြင့် ဧပြီ ၆ ရက်မှ ၈ ရက် အထိ ကျင်းပခဲ့ကြောင်းသိရသည်။

**သီဟကိုကို(မန္တလေး)**

# ယခုတစ်ပတ်ရော်ဘာအကျဈေးအတိုင်း ဈေးငြိမ်

မတ်လနောက်ဆုံးပတ်ဖြစ်တဲ့ ၂၄ ရက်မှ ၃၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၈၁ သန်း တန်ဖိုးရှိ ရော်ဘာ ၁၂၁၅ တန်ကို မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ တင်ပို့ခဲ့ပါတယ်။ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှတင်ပို့မှုများမှာ RSS 1 အမျိုးအစား ၃၃၃ တန်၊ RSS 3 အမျိုးအစား ၁၉၉ တန်နဲ့ MSR 20 အမျိုးအစား ၁၃၅ တန်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ RSS 3 အမျိုးအစား ၅၄၈ တန် တင်ပို့ခဲ့ပါတယ်။

မတ်လတစ်လလုံးအတွင်းမှာ အမေရိကန်ဒေါ်လာ ၆ ဒသမ ၆၄၈ သန်းတန်ဖိုးရှိ ရော်ဘာအဆင့်စုံ ၆၄၂၇ တန်ကျော်ကို မူဆယ်နဲ့ ချင်းရွှေဟော်မှ တင်ပို့ခဲ့ပြီး အနီးစပ်ဆုံး ဖေဖော်ဝါရီလ တင်ပို့မှုထက် ၅၇၈ တန် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရပါတယ်။ ယခုတစ်ပတ် မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာပေါက်ဈေးမှာ RSS 3 တစ်တန် လျှင် ကျပ် ၁၆ ဒသမ ၁၂၄ သိန်းရှိပြီး ယခင်တစ်ပတ်ဈေးထက် အနည်းငယ်ဈေးကျလျက်ရှိကြောင်း သိရပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ မတ်လ ၂၅ ရက်မှ ၃၁ ရက်အထိ ကာလအတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၉၉၃ သန်းတန်ဖိုးရှိ ရော်ဘာ ၇၆၄ တန်နီးပါးတင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ် ရော်ဘာတင်ပို့တဲ့နိုင်ငံများမှာ ဂျပန်၊ ကိုရီးယား၊ မလေးရှားနဲ့ တရုတ်နိုင်ငံများဖြစ်ပြီး ဂျပန်နိုင်ငံသို့ MSR 20 အမျိုးအစား ၁၁၈ တန်ခန့်၊ ကိုရီးယားနိုင်ငံသို့ MSR 20 အမျိုးအစား ၁၆၁ တန်ကျော်၊ မလေးရှားနိုင်ငံသို့ RSS 3 အမျိုးအစားတန်ချိန် ၁၇၀ နဲ့ MSR 20 အမျိုးအစား ၁၁၅ တန်၊ တရုတ်နိုင်ငံသို့ RSS 3 အမျိုးအစားတန်ချိန် ၂၀၀ တင်ပို့ခဲ့ကြောင်း သိရှိရပါတယ်။

ပင်လယ်ရေကြောင်းမှ မတ်လအတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၃၇၂ သန်းတန်ဖိုးရှိ ရော်ဘာတန်ချိန် ၃၃၁၀ ခန့်တင်ပို့ခဲ့ပါတယ်။

ယခင်တစ်ပတ်က နိုင်ငံတကာ ရော်ဘာဈေး RSS အမျိုးအစားတစ်တန်ကို အမေရိကန်ဒေါ်လာ ၁၀၀ ခန့်ဈေးကျပြီး ယခုတစ်ပတ်မှာ နိုင်ငံတကာရော်ဘာဈေး အတက်အကျအနည်းငယ်သာရှိကြောင်း၊ မြန်မာ့ရော်ဘာဈေးလည်း အပြောင်းအလဲသိပ်မရှိကြောင်းနဲ့ ပြည်ပပို့မယ့်မြန်မာ့ရော်ဘာ FOB ဈေးမှာလည်း ယခင်တစ်ပတ်ဈေးအတိုင်း ပြောင်းလဲမှုမရှိကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းရဲ့ ဈေးနှုန်းထုတ်ပြန်ချက်အရ သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

## မတ်လအတွင်း တရုတ်နိုင်ငံသို့ Re-export သကြား တန်ချိန် ၇၀၀၀၀ ကျော်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်နဲ့ ချင်းရွှေဟော် ကုန်သွယ်ရေးများမှတစ်ဆင့် တရုတ်နိုင်ငံသို့ မတ်လအတွင်း Re-export သကြားတန်ချိန် ၇၀၀၀၀ ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ မတ်လနောက်ဆုံးပတ်မှာ အမေရိကန် ဒေါ်လာ ၉ ဒသမ ၅၆၈ သန်း တန်ဖိုးရှိ Re-export သကြား တန် ၁၄၇၂၀ခွဲကို တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၅၃၉၉ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၆၇၉ တန် လျော့နည်းခဲ့ပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ သကြားတစ်တန်ရဲ့ မိမိဘက်ပေါက်ဈေးမှာ မတ်လနောက်ဆုံးပတ်အတွင်း ကျပ် ၇၉၉၀၂၀၊ တစ်ဖက်နိုင်ငံဈေး ယွမ် ၃၈၆၀ဖြင့် ယခင်တစ်ပတ်အတိုင်း ပြောင်းလဲမှုမရှိခဲ့တာ တွေ့ရပါတယ်။ **မော်မော်အောင်**

## ထိုင်းကုန်သွယ်ရေးစခန်းများမှ ရေထွက်ကုန်များတင်ပို့မှုလျော့နည်း

မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးဇုန်နဲ့ ကုန်သွယ်ရေးစခန်းများမှ မတ် ၂၄ ရက်မှ ၃၀ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၉၃၁ သန်းတန်ဖိုးရှိရေထွက်ကုန် ၈၃၀၉ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၈၈၃၁ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၅၅၂ တန် လျော့နည်းခဲ့တယ်လို့ သိရပါတယ်။

ယခုတစ်ပတ်မှာ မြဝတီကုန်သွယ်ရေးဇုန်မှ ရေထွက်ကုန်များ ပိုမိုတင်ပို့ခဲ့သော်လည်း မြိတ်ကုန်သွယ်ရေးစခန်းနဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန်များလျော့နည်းတင်ပို့ခဲ့တဲ့အတွက် ယခုလိုလျော့နည်းရခြင်းဖြစ်ပါတယ်။

တင်ပို့မှုကိုကြည့်ပါက မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုညဒသမ ၂၅၅ သန်း တန်ဖိုးရှိ ငါးမျိုးစုံ၊ ကဏန်းတို့ကို ၃၄၇ တန်၊ ကော့သောင်း ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၄၂ သန်း တန်ဖိုးရှိငါးမျိုးစုံ၊ ကင်းမွန်၊ ပုစွန်၊ အခြားရေထွက်ကုန်၊ ရေဘဝဲ၊ ကဏန်း၊ ပင်လယ်ငါးရှဉ့်တို့ကို ၅၆၉၈ တန်၊ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၃၄ သန်း တန်ဖိုးရှိ ကင်းမွန်(လိပ်) ငါးခြောက်၊ ငါးမှုန့်၊ ငါးမျိုးစုံ၊ အေးခဲပုစွန်၊ အေးခဲကဏန်းပျော့၊ မွေးပုစွန်၊ သဲကဏန်း၊ ကင်းမွန်တို့ကို ၂၂၆၃ တန်တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## ပြည်တွင်းသို့ ဆိုင်ကယ်များ တင်သွင်းမှုကျဆင်း

ကုန်သွယ်ရေးစခန်းများနဲ့ ကုန်သွယ်ရေးဇုန်များမှတစ်ဆင့် မတ် ၂၄ ရက်မှ ၃၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၀၅၁ သန်းတန်ဖိုးရှိ ဆိုင်ကယ်မျိုးစုံ ၈၂၈၀ စီးကို တင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၁၂၉၉ စီး တင်သွင်းခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၃၀၁၉ စီး လျော့နည်းတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းမှုကိုကြည့်ပါက မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန် ဒေါ်လာ ၂ ဒသမ ၂၇၇ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၇၀၀၄ စီး၊ ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁၀ သန်းတန်ဖိုးရှိ ဆိုင်ကယ်အစီး ၄၀၊ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၄၆ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၁၂၃၁ စီးနဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁၈ သန်းတန်ဖိုးရှိ ဆိုင်ကယ်ငါးစီးကို တင်သွင်းခဲ့တယ်လို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

## တရုတ်နိုင်ငံသို့ ပရဆေးကုန်ကြမ်း တန်ချိန် ငါးထောင်ကျော်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ မတ်လအတွင်း ပရဆေးကုန်ကြမ်း တန်ချိန် ငါးထောင်ကျော် တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ မတ်လနောက်ဆုံးပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၂၉သန်းတန်ဖိုးရှိ ပရဆေးကုန်ကြမ်း အမယ် ၁၃မျိုးကို တန်ချိန်အားဖြင့် ၈၁၁ တန်ကျော် တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၂၉၇ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၄၈၆ တန် လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။

ယခုတစ်ပတ်တင်ပို့ခဲ့တဲ့ ပရဆေးအမယ်များမှာ ဆီးဆန်၊ တောချင်း၊ ချင်းခြောက်၊ မာလာဥ၊ မာလာဥခေါင်း၊ ဒရင်ကောက်မြစ်၊ တောဂျုံးမြစ်၊ မိကျောင်းကွမ်းဖတ်စေ့၊ နေလဲစေ့၊ ကြောင်လျှာစေ့၊ ကွမ်းစားဂမုန်း၊ ချဉ်ပေါင်ဖာလာနဲ့ ဒရင်ကောက်မြစ်တို့ ဖြစ်ပါတယ်။ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှလည်း အဆိုပါ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၂၀၃၂ တန်ဖိုးရှိ မိကျောင်းကွမ်းဖတ်စေ့ ရှစ်တန်နဲ့ အမေရိကန်ဒေါ်လာ ၂၀၀၀၀ တန်ဖိုးရှိ ခွေးလျှာစေ့ နှစ်တန်ခွဲကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ **မော်မော်အောင်**

## မတ်လနောက်ဆုံးပတ် ပြောင်းတင်ပို့မှုလျော့ကျခဲ့

၂၀၁၈ ခုနှစ် မတ်လအတွင်း မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းများမှတစ်ဆင့် တရုတ်နိုင်ငံသို့ ပြောင်းတန်ချိန် ကိုးသောင်းနီးပါး တင်ပို့နိုင်ခဲ့ပါတယ်။ မတ်လ နောက်ဆုံးပတ်တွင် အမေရိကန်ဒေါ်လာ ၄ ဒသမ ၀၂၅ သန်းတန်ဖိုးရှိ ပြောင်း တန် ၁၇၉၅၀ ခွဲ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၂၁၁၂၇ တန်နဲ့ နှိုင်းယှဉ်ပါက ၃၁၇၆ တန်ခွဲ လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။

စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ ၁၃၉၄၂ တန်ကျော်၊ လွယ်ဂျယ်မှ ၃၉၁၅ တန်၊ ချင်းရွှေဟော်မှ ၆၃ တန်ကျော်နဲ့ ကန်ပိုက်တီမှ တန် ၃၀ ဖြစ်ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က ပြောင်းတစ်တန်ကို ၃၀၈၃၃၃ ကျပ်ရှိရာမှ မတ်လနောက်ဆုံးပတ်မှာ ၃၀၆၇၃၆ ကျပ်သို့ ဈေးဆက်လက်ကျဆင်းခဲ့ကြောင်း၊ မန္တလေး-မူဆယ်ပြောင်း သယ်ယူစရိတ်မှာ တစ်ပိဿာလျှင် ၆၃- ၆၉ ကျပ်ရှိကြောင်း၊ ယခုတစ်ပတ် မူဆယ်သို့ ပြောင်းကားစီးရေ ၅၀၁စီး ဝင်ရောက်ခဲ့ကြောင်း သိရပါတယ်။

**မော်မော်အောင်**

## အိန္ဒိယနယ်စပ်မှ ကွမ်းသီးများ ပိုမိုတင်ပို့

မြန်မာ- အိန္ဒိယနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ မတ် ၂၄ ရက်မှ ၃၀ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၁၂ သန်းတန်ဖိုးရှိ ကွမ်းသီး ၇၈၄ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တန် ၇၆၀ ခန့် တင်ပို့ခဲ့တာမို့ ယခုတစ်ပတ်မှာ ၂၄ တန် ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ယခုတစ်ပတ်မှာ တမူးကုန်သွယ်ရေးစခန်းမှ ကွမ်းသီးများ လျော့နည်းတင်ပို့ခဲ့ပေမယ့် ရိဒ်ကုန်သွယ်ရေးစခန်းမှ ကွမ်းသီးများ ပိုမိုတင်ပို့ခဲ့တဲ့အတွက် ယခုလိုပိုမိုရခြင်းဖြစ်တယ်လို့ သိရပါတယ်။ တင်ပို့မှုကိုကြည့်ပါက တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၇၁၉ သန်းတန်ဖိုးရှိ ကွမ်းသီး ၅၅၃ တန်နဲ့ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၉၃ သန်းတန်ဖိုးရှိ ကွမ်းသီး တန် ၂၃၀ ကို တင်ပို့ခဲ့ပါတယ်။ တမူးကုန်သွယ်ရေးစခန်းမှ ကွမ်းသီးအပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၇၂၀ သန်းတန်ဖိုးရှိ မတ်ပဲ၊ ပဲစင်းငုံ၊ ပန်းသီး၊ အုန်းသီး၊ မျောက်ငိုသီး၊ စီးကရက်၊ နန့်ဖာလုံ ကုန်စုံတို့ကို ၂၆၃ တန်နဲ့ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ သုည ဒသမ ၀၁၉ သန်းတန်ဖိုးရှိ မဝတ်တီရှပ်၊ မစီးဖိနပ်၊ စောင်တို့ကို တန် ၃၀ တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဝါးတင်ပို့

မြန်မာ- ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မောင်တောကုန်သွယ်ရေးစခန်းမှ မတ်လနောက်ဆုံးပတ်အတွင်း အမေရိကန် ဒေါ်လာ ၃၂၀၀ တန်ဖိုးရှိ ဝါးလုံးအကြီး တန် ၄၀ နဲ့ အမေရိကန်ဒေါ်လာ ၁၅၀ တန်ဖိုးရှိ ဝါးလုံးအသေး တန်ဝက်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

ယခင်တစ်ပတ်က ဝါးတင်ပို့မှုမရှိဘဲ မတ်လတစ်လလုံး မောင်တောမှတစ်ဆင့် ဝါးလုံးအကြီး တန် ၁၀၀ကျော်နဲ့ ဝါးလုံးအသေး နှစ်တန်ခွဲကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ခဲ့ကြောင်း၊ ဝါးလုံးအကြီးရဲ့ လိုင်စင်ဈေးမှာ အမေရိကန် ဒေါ်လာ ၈၀ ရှိပြီး ဝါးလုံးအသေးရဲ့ လိုင်စင်ဈေးမှာ အမေရိကန်ဒေါ်လာ ၃၀၀ ရှိတယ်လို့ သိရပါတယ်။ **မော်မော်အောင်**

## စိုက်ပျိုးရေးသုံး ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့် မှိုသတ်ဆေးများအကြောင်း အသိပညာပေးဆင့်ပွားသင်တန်းနှင့် ကုန်ပစ္စည်းအရည်အသွေး စီမံခန့်ခွဲမှုဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်လှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့၊ ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေး စီမံခန့်ခွဲမှုဌာနစု (CTQM) တွင် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့် မှိုသတ်ဆေးများအကြောင်း အသိပညာပေးသင်တန်း အမှတ်စဉ်(၁/၂၀၁၈) နှင့် ကုန်ပစ္စည်း အရည်အသွေး စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်း အမှတ်စဉ် (၁/၂၀၁၈)ကို စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများအနေဖြင့် ရေရှည်တွင် ဆောင်ရွက်ရမည့်လုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်နိုင်ရန် ရည်ရွယ်ပြီး မတ်လအတွင်း ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

၎င်းသင်တန်းများ၏ ဆင့်ပွားသင်တန်းကို စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ ရွှေဘိုခရိုင်ဦးစီးမှူးရုံးတွင် မတ် ၃၀ ရက်က ဖွင့်လှစ်ခဲ့ရာ သင်တန်းတက်ရောက်ခဲ့သော ဒေါ်နှင်းနှင်းခိုင်က သင်တန်းပို့ချခဲ့ပြီး ရွှေဘိုခရိုင် စားသုံးသူရေးရာဦးစီးဌာန ဝန်ထမ်းစုစုပေါင်း ၁၇ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

သင်တန်းတွင် ပိုးသတ်ဆေးဆိုင်ရာကိစ္စရပ်များ၊ ပိုးသတ်ဆေးအညွှန်းစာနှင့် ဓာတ်ကြွင်းများအကြောင်း၊ ပိုးသတ်ဆေးကို အန္တရာယ်ကင်းစွာကိုင်တွယ်သုံးစွဲနည်းနှင့် အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေး၊ မြေဩဇာဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် စနစ်တကျသုံးစွဲနည်းများအပြင် စိုက်ပျိုးရေးဆိုင်ရာ အကျင့်ကောင်းများနှင့် သီးနှံများတွင် ကျရောက်တတ်သော အဏုဇီဝမှိုဆိပ်(အာဖလာတော့ဆင်မှိုဆိပ်)များအကြောင်း ဆွေးနွေးခဲ့ပြီး ပိုးသတ်ဆေးနှင့် မြေဩဇာဥပဒေလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သတင်းရရှိပါသည်။

**နှင်းနှင်းခိုင်(ရွှေဘို)**

## ရှမ်းပြည်နယ် စားသုံးသူရေးရာဦးစီးဌာနမှ သင်္ကြန်ကာလခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး အသိပညာပေးလုပ်ငန်းများဆောင်ရွက်

သင်္ကြန်ကာလရုံးပိတ်ရက်များအတွင်း မိဘပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများသည် မိမိတို့၏မွေးရပ်မြေသို့ ခရီးထွက်ခွာခြင်း၊ ဘုရားဖူးသွားရောက် လည်ပတ်ခြင်းများ သွားလာကြမည်ဖြစ်ရာ ထိုကဲ့သို့သွားလာရာတွင် ယာဉ်စီးနင်းခများ သတ်မှတ်နှုန်းထားထက် ပိုမိုတောင်းခံခြင်း၊ မူလဝယ်ယူထားသော ခုံနံပါတ်နှင့် ယာဉ်စီးနင်းရာတွင် လွဲမှားနေခြင်း၊ ခရီးသည်အား သတ်မှတ်နေရာသို့ ရောက်ရှိအောင် ပို့ဆောင်ပေးမှုမရှိခြင်း၊ ခရီးစဉ်အား သတ်မှတ်ချိန်အတိုင်း ထွက်ခွာမှုမရှိခြင်း၊ လက်မှတ်ဝယ်ယူရာတွင်လည်း ကြော်ငြာထားသည့်နေ့ရက်၌ အမှန်တကယ်ဝယ်ယူရရှိမှုမရှိခြင်းစသည့် အခက်အခဲများ၊ ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်လာနိုင်သည့်အတွက် ဧပြီ ၂ ရက်မှ ၄ ရက်အထိရက်များတွင် ရှမ်း ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းအောင်ဦးဆောင်သော အရာထမ်း၊ အမှုထမ်းများသည် တောင်ကြီးခရိုင် တောင်ကြီး၊ ရွှေညောင်၊ အောင်ပန်း၊ ကလောမြို့များရှိ လူစည်ကားရာ နေရာများနှင့် မော်တော်ယာဉ်လိုင်းများ၊ ဈေးများ၊ လမ်းဆုံများသို့ သွားရောက်ခဲ့ပြီး ယာဉ်စီးခဈေးနှုန်းများ အခြေအနေ လေ့လာဆွေးနွေးခြင်းနှင့် မိဘပြည်သူများ၏ အဆင်မပြေမှု အခက်အခဲများအား ကူညီဖြေရှင်းပေးနိုင်ရန်အတွက် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**စောနန္ဒာမြင့်(တောင်ကြီး)**

## ဆရာ၊ ဆရာမများအား စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဆွေးနွေး



စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဦးဆောင်၍ မတ်လ ၃၀ ရက်က မုံရွာမြို့ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း၌ မူလတန်းကျောင်းအုပ်များ၊ အလယ်တန်း၊ အထက်တန်းပြကျောင်းဆရာ၊ ဆရာမများ ၁၉၃ ဦးအား စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကျင်းပပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြိုင်က စားသုံးသူအသိပညာပေးရေးနှင့်ပတ်သက်၍ နိုင်ငံတော်အဆင့်မှ ဆောင်ရွက်နေသကဲ့သို့ ဆရာ၊ ဆရာမများအနေဖြင့် ဆွေးနွေးပွဲမှသိရှိသည့် စားသုံးသူအသိပညာဗဟုသုတများကို မိမိတို့၏ တပည့်များဖြစ်သော နောင်အနာဂတ်မျိုးဆက်သစ် ကျောင်းသား၊ ကျောင်းသူများကို ပြန်လည်ဖြန့်ဝေပေးခြင်းဖြင့် ဘေးအန္တရာယ်ကင်းရှင်းသည့် အစားအသောက်များကို ရွေးချယ်ဝယ်ယူအသုံးပြုတတ်သည့် အလေ့အကျင့်ကောင်းများရရှိပြီး လူတိုင်းအသက်ရှည်ကျန်းမာစွာနှင့် သက်တမ်းစေ့နေထိုင်နိုင်မည်ဖြစ်ပြီး မျိုးဆက်သစ်ကျောင်းသား၊ လူငယ်လူရွယ်များ နိုင်ငံ့အကျိုးကိုကျန်းမာပျော်ရွှင်စွာဖြင့် တာဝန်ထမ်းဆောင်နိုင်ရန်အတွက် ဆွေးနွေးပွဲတက်ရောက်လာသည့် ဆရာ၊ ဆရာမများအနေဖြင့် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို သက်ဆိုင်ရာအစိုးရဌာနမှ အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ဝိုင်းဝန်းဆောင်ရွက်ကြရန် ပြောကြားခဲ့သည်။

ဆက်လက်၍စားသုံးသူရေးရာဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်ဝင်း၊ တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဒေါက်တာဟိန်းထက်အောင်၊ တိုင်းဥပဒေချုပ်ရုံးမှ လက်ထောက် တိုင်းဥပဒေအရာရှိ ဒေါ်လှိုင်သဇင်၊ တိုင်းဆီစက်လုပ်ငန်းရှင်များအသင်းဥက္ကဌ ဦးထွန်းထွန်းဦး၊ မုံရွာခရိုင်ဦးစီးမှူးလက်ထောက်ညွှန်ကြားရေးမှူး ဦးသက်နိုင်တို့မှ အသီးသီးဟောပြောပို့ချခဲ့ပြီး ဌာန၏လက်ရှိလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**သန်းသန်းတင်(မုံရွာ)**

## မအူပင်မြို့ပေါ်ရှိမော်တော်ယာဉ်လိုင်းများ၏ သင်္ကြန်ကာလ ခရီးသွားလုပ်သားပြည်သူများ အဆင်ပြေချောမွေ့စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

မအူပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာန၏ မအူပင်မြို့ပေါ်ရှိမော်တော်ယာဉ်လိုင်းများ သင်္ကြန်ကာလခရီးသွား လုပ်သားပြည်သူများအဆင်ပြေချောမွေ့စေရေး လုပ်ငန်းညှိနှိုင်းအစည်း အဝေးကို စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးရုံးအစည်းအဝေးခန်းမတွင် ဧပြီ ၅ ရက် နံနက်(၀၉:၃၀) နာရီမှ (၁၂:၀၀) နာရီအထိ ကျင်းပခဲ့ကြောင်း သိရသည်။ အဆိုပါအခမ်းအနားသို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်ရဲတပ် ဖွဲ့မှူးရုံး၊ ပို့ဆောင်ဆက်သွယ်ရေးရုံး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ် မော်တော်ယာဉ် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့နှင့် မော်တော်ယာဉ်ပိုင်ရှင်များ စုစုပေါင်း ၁၇ ဦးတက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးထွန်းဇော် က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မအူပင်ခရိုင်စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးဦးဇော်မင်းက မော်တော်ယာဉ်လိုင်းများစည်းကမ်းရှိရေး၊ ကြံ့ခိုင်ရေး၊ ဝန်ဆောင်မှုများတွင် ခရီးသွားလုပ်သားပြည်သူများစိတ်ကျေနပ် မှုရှိစေရေးနှင့် ခရီးသွားလာမှုနှုန်းထားများ သတ်မှတ်ထားသည့်အတိုင်း ဆောင်ရွက်ကြရန်ကို အကျယ်တဝင့် ဆွေးနွေးခဲ့ကြပြီး မော်တော်ယာဉ်လိုင်းများမှ သိရှိလိုသည်များကိုမေးမြန်းခြင်း၊ ပြန်လည်ဆွေးနွေးပြောကြားခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။

**CONSUMER-MT**

## စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မဏိပူရ်စီးပွားရေးတက္ကသိုလ်မှ ပညာရှင်များတွေ့ဆုံဆွေးနွေး

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် မဏိပူရ်စီးပွားရေးတက္ကသိုလ်မှ ပညာရှင်များသည် ဧပြီလ ၅ ရက်က စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး စည်းဝေးခန်းမ(၂) ၌ နှစ်နိုင်ငံပညာရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးကိစ္စရပ်များနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးခဲ့ရာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦး၊ စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးခင်ဇော်၊ အကောက်ခွန်ဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးလှမင်းထွေး၊ မုံရွာစီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစိုးဝင်း၊ မုံရွာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသူရဦး၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးသန်းဇော်ဦး၊ တိုင်းဒေသကြီးအစိုးအရဖွဲ့ရုံး ညွှန်ကြားရေးမှူး ဦးကျော်ဝင်းလှိုင်၊ တမူးကုန်သွယ်ရေးစခန်း ဒုတိယညွှန်ကြားရေးမှူး ဦးမိုးဇော်ဦး၊ SRCCI ဥက္ကဌ ဦးမျိုးမင်း၊ မုံရွာကုန် စည်ဒိုင်မှ ဒုတိယဥက္ကဌ အပါအဝင် ၂၀ ဦးနှင့် မဏိပူရ်စီးပွားရေးတက္ကသိုလ်မှ ပညာရှင် ၁၃ ဦးတို့ တက်ရောက်ခဲ့ပါသည်။

ဆွေးနွေးပွဲတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မဏိပူရ်စီးပွားရေးတက္ကသိုလ်မှ ပညာရှင်တစ်ဦးက မဏိပူရ်အစိုးရသည် အိန္ဒိယအစိုးရလက်အောက်မှာရှိသော်လည်း ကိုယ်ပိုင်ရပ်တည်မှုဖြင့် စီးပွားရေးလုပ်ငန်းများကို အကန့်အသတ်မရှိဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံနှင့် ဆက်ဆံရေးတွင်လည်း စီးပွားရေး၊ ကုန်သွယ်ရေးနှင့်ပတ်သက်ပြီး အပြည့်အဝယုံကြည်မှုရှိကြောင်း၊ မဏိပူရ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၏ ကုန်သွယ်ရေး၊ ပညာရေးကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မှာဖြစ်ကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်သည့်အခါ ပုံမှန်ကုန်သွယ်မှုလမ်းကြောင်းနှင့် နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းများဖြင့် ကုန်သွယ်မှုပြုနေသော်လည်း ပုံမှန်ကုန်သွယ်မှုလမ်းကြောင်းနှင့် ပိုမိုကုန်သွယ်မှုပြုနိုင်အောင် ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ မြန်မာအစိုးရနှင့် အိန္ဒိယအစိုးရသည် ကဏ္ဍပေါင်းစုံကို ဆွေးနွေးမှုများပြုလုပ်ပြီးဖြစ်ကြောင်း၊ ဝန်ဆောင်မှု၊ ရင်းနှီးမြှုပ်နှံမှုများကိုလည်း မဏိပူရ်အစိုးရနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်ဖို့ဖြစ်ကြောင်း၊ သတင်းအချက်အလက်များလည်း နှစ်နိုင်ငံဖလှယ်သွားဖို့ ဖြစ်ကြောင်း၊ တက္ကသိုလ်နှစ်ခုကြားပူးပေါင်းပြီး သုတေသနလုပ်ငန်းများလည်း ဆောင်ရွက်သွားဖို့ဖြစ်ကြောင်း၊ Trade Commodity Exchange Center တည်ဆောက်ဖို့ မဏိပူရ်ဘက်မှလည်း သဘောတူကြောင်း ဆွေးနွေးခဲ့သည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ညွှန်ကြားရေးမှူး ဦးကျော်ဝင်းလှိုင်က နယ်စပ်မှတ်တိုင် ၇၇ နှင့် ၇၈ ကြား နယ်စပ်တိုင်းတာဖို့အတွက် အိန္ဒိယအစိုးရဘက်မှ ကူညီဆောင်ရွက်ပေးဖို့လိုကြောင်းနှင့် ဒေသဖွံ့ဖြိုးရေးနှင့်လမ်းပန်းဆက်သွယ်ရေးကို ယခုထက်ပိုပြီး တိုးတက်ဖို့မျှော်လင့်ကြောင်း အကြံပြုဆွေးနွေးခဲ့ပြီးတမူးနယ်စပ်ကုန်သွယ်ရေး ဒုတိယညွှန်ကြားရေးမှူး ဦးမိုးဇော်ဦးက တမူးနယ်စပ်ကုန်သွယ်ရေးစခန်းတွင် One Stop Service ဖွင့်လှစ်ဆောင်ရွက်ထားမှုများ၊ ပုံမှန်ကုန်သွယ်မှုလမ်းကြောင်းဖြင့် ဆောင်ရွက်ရန်အတွက် Banking System ဖြင့် ဆောင်ရွက်နေမှုများ၊ ၂၀၁၆-၂၀၁၇ ဧပြီလမှ ဇူလိုင်လအထိ ပုံမှန်ကုန်သွယ်ရေးလမ်းကြောင်းဖြင့် ကွမ်းသီးတန်ချိန် ၃၉၀၀၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၀ သန်းကျော် တင်ပို့နိုင်ခဲ့မှုအခြေအနေ၊ ဖွံ့ဖြိုးမှုနည်းသည့် နိုင်ငံများကို အကောက်ခွန်သက်သာခွင့် သုညရာခိုင်နှုန်း အခွန်လျှော့ချပေးခဲ့ပြီး ယခုအခါ အိန္ဒိယဘက်မှ ၄၀ရာခိုင်နှုန်းအခွန်ကောက်ခံသဖြင့် မြန်မာဘက်မှ ကုန်သည်တွေ အဆင်မပြေဖြစ်ခြင်းကြောင့် မူလနှုန်းထား သုညရာခိုင်နှုန်း အခွန်လျှော့ချပေးဖို့ တောင်းဆိုလိုကြောင်း၊ မိုးရေးနှင့် အင်ဖာလမ်းကြောင်းတွင် အဖွဲ့အစည်းများ၏ လမ်းကြောင်း ပိတ်ဆို့မှုတွေက ကုန်သွယ်မှုတွင် အတားအဆီးဖြစ်စေကြောင်းတို့ကို ဆွေးနွေးခဲ့သည်။

ဆက်လက်ပြီး မုံရွာစီးပွားရေးတက္ကသိုလ်မှ ပညာရှင်များနှင့် မဏိပူရ်စီးပွားရေးတက္ကသိုလ်မှပညာရှင်များ အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သိရှိရပါသည်။

**နှင်းပန်းဖြူ**




## MOE NANTAW
### TRANSPORTATION CO.,LTD
CONTAINER & GENERAL CARGO TRANSPORT SERVICES



▲ CONTAINER & GENERAL CARGOES ▲ MACHINERIES & EQUIPMENT
▲ PROJECT CARGOES

No. 78/82, Room No. 101, Botahtaung Zay Street, (3)Qtr,
Botahtaung Tsp, Yangon.
Ph : 01-201814, 201815, 203401, 203098, 09 5162622, 09 8633771,
(Res) 01-376694
aungmoe2772@gmail.com

## HP HTOO & PHOO 1985 CO.,LTD
ထရပ်ကား အရောင်းစင်တာ



No. (403-405), Bomhu Ba Htoo Road, (3)Ward,
East Dagon Township, Yangon.
Tel : 09 252088374, 09 250505912
E-mail : wnsoe74@gmail.com


MAMA®
INSTANT NOODLES
၁၃၇၉ - ၁၃၈၀ ခုနှစ်
မင်္ဂလာရှိသော နှစ်သစ်ကူးသင်္ကြန် အခါသမယတွင်
မြန်မာပြည်သူပြည်သားအပေါင်း သင်္ကြန်ရေနှင့်အတူ
ကျန်းမာပျော်ရွှင်၍ စီးပွားဥစ္စာများ တိုးတက်ပါစေကြောင်း
မာမား® ခေါက်ဆွဲ
မှ ဆုမွန်ကောင်းတောင်းအပ်ပါသည်။
Ayeyarwaddy Food Industries Co.,Ltd
Yangon Myanmar.
Phone : 01 685233, 685658.
MK Distribution Co.,Ltd
Yangon Myanmar.
Phone : 01 656731,9669711 .


MYANMAR PADAUK TRADING CO., LTD.
မြန်မာနိုင်ငံတစ်ဝှမ်းလုံးသို့ တင်သွင်းဖြန့်ချိသည်။
KORYO CABLE
Made in Korea
CONTINENTAL
SINCE 1968
ELECTRIC WIRE
Made in Korea
CADI-SUN
Made in Vietnam
EMG CABLE & WIRE
Made in Korea
N.i.U ELEC
Made in China
JEWAY
Made in China
IEC Standard နှင့် အညီ ထုတ်လုပ်ထားသော 99.9 Pure Coppeer (LT/HT) ဝါယာကြိုးများ၊ 99.9 Pure Aluminium Isulated ဝါယာကြိုးများနှင့် 400V Material & 6.6kV/11kV/33kV (Line Accessories) များအား နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်များ ရရှိထားသော မှန်ကန်သည့် အရည်အသွေးပြည့် ပစ္စည်းများကိုသာ မြန်မာနိုင်ငံတဝှမ်းလုံးသို့ တင်သွင်းဖြန့်ချိသည်။
Available Items
Building Wire
Underground Cable
Overhead Cable
High Quality & Long Term Quality Control
Resonable Price for Customer
International Standard & Certified for Safety
We Can Support Low Voltage, Medium Voltage, High Voltage Copper Conductor & Aluminium Conductor
Head Office : No.12/ Da Dwe, Inya Avenue St., Ka Ba Aye Pagoda Rd, Mayangone Tsp. Tel : 01 657781, 657782, 657783, 657784
Showroom ( Yangon) : No. (H3-46), Thiriyadanar Wholesale/Retail Compound, North Okalapa Tsp.,Yangon.. Tel : 01 578538, 09 400309366
Showroom ( Dawei) : No.(117), Tike Thit Kyaung Road, Kanyone Yet, Dawei Tsp., Tanintharyi Division.Tel : 09 457366663, 09 457366664
Showroom (Taunggyi) : No.33, Oakaw Street, Nyaung Shwe Hawkone Yet, Taunggyi, Shan State. Tel : 09 445578001, 09 445578002
Showroom ( Monywa) : No.103, Bogyoke Aung San Street, Kwaegyi Ward, Monywa Tsp. Sagaing Division. Tel : 09 427 8888 71, 09 427 8888 72
Email : epshowroom@myanmarpadauk.com
Website : www.myanmarpadauk.com



# မြန်မာ့ကြက်သွန်နီ၏ ပြည်ပဈေးကွက်အလားအလာ

**ခင်ချောစု(ကုန်သွယ်မြှင့်)**

**ယခင်တစ်ပတ်မှအဆက်**

၂၀၁၅ခုနှစ် ဧပြီလ မန္တလေးတိုင်းဒေသကြီးတွင်ပြုလုပ်ခဲ့ သော **"ကြက်သွန်နီဈေးကွက်ဖော်ဆောင်ရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲ"**ကို အောက်ပါရည်ရွယ်ချက်ငါးရပ် ဖြင့် ကျင်းပခဲ့ပါကြောင်း သိရပါသည် -

(က)မန္တလေးတိုင်းဒေသကြီးအပါအဝင် ကြက်သွန်နီစိုက်ပျိုးသော ဒေသအားလုံးမှထွက်ရှိသော ကြက်သွန်နီများပြည်ပတင်ပို့မှုပမာဏမြင့်မားတိုးတက်လာစေရန်၊

(ခ) ကြက်သွန်နီစိုက်ပျိုးထုတ်လုပ်သူတောင်သူများလိုအပ်လျက်ရှိသော ငွေကြေးရင်းနှီးမြှုပ်နှံမှုများရရှိလာစေရန်၊

(ဂ) ကြက်သွန်နီစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူ အချင်းချင်းချစ်ကြည်၍ စိုက်ပျိုးထုတ်လုပ်မှုနည်းပညာများ ဖလှယ်နိုင်စေရန်၊

(ဃ)ပြည်တွင်းပြည်ပ ဈေးကွက်ပိုမိုရရှိရေးနှင့်ယှဉ်ပြိုင်မှုစွမ်းအားတိုးတက်လာစေရန်၊

(င) ခေတ်မီထုပ်ပိုးမှုစနစ်အပါအဝင် တန်ဖိုးမြှင့်ထုတ်ကုန်များ (ValueAdded) ပိုမို ထုတ်လုပ်လာနိုင်ခြင်းခြင့် ဈေးကွက်တိုးတက်လာစေရန်စသော အချက်များကို အဓိကထားဆွေးနွေးခဲ့ပါသည်။

ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၏ ဈေးကွက်အလားအလာကောင်းများရရှိရန် ပူးပေါင်းပါဝင် ဆောင်ရွက်မှုများကြောင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှစ၍ နှစ်အလိုက် ကြက်သွန်နီ ပြည်ပ တင်ပို့မှုကို လေ့လာကြည့်ရာတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်သည် အများဆုံးအဖြစ် ၆၆၇၁၃ တန်တင်ပို့နိုင်ခဲ့ကြောင်းအထက်တွင် ဖော်ပြထားသည့်အတိုင်း တွေ့ရှိရပါသည်။

**ပြည်တွင်းကြက်သွန်နီ ဈေးနှုန်း**

ပြည်တွင်းကြက်သွန်နီဈေးနှုန်းဖြစ်ပေါ်ခဲ့သည့် အခြေအနေများကို လေ့လာကြည့်ရာတွင် ၂၀၁၇ ခုနှစ် နွေကြက်သွန်အဖွင့်ကြမ်းခင်းဈေးမှာ ၂၀၁၆ ခုနှစ် နွေကြက်သွန်ဖြစ်ပေါ်ခဲ့သော ဈေးနှုန်းထက်မြင့်တက်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ် ဧပြီလမှ နိုဝင်ဘာလအထိ နွေကြက်သွန်ပေါ်သည့် အဖွင့်ကြမ်းခင်းဈေးမှာ တစ်ပိဿာလျှင် ကျပ် ၃၀၀ မှ ကျပ် ၄၀၀ ဖြင့်သာဈေးဖွင့်ခဲ့သော်လည်း ၂၀၁၇ ခုနှစ် နွေကြက်သွန် ပေါ်သည့်အချိန်တွင် ဈေးအဖွင့်မှာ တစ်ပိဿာလျှင် ကျပ် ၆၀၀ မှ ကျပ် ၇၀၀ ဖြင့်စတင်ခဲ့ပါသည်။ အဖွင့်ကြမ်းခင်းဈေး ကြီးမြင့်သည့်အတွက် ကြက်သွန်နီဈေး မြင့်တက်ခဲ့ရခြင်းများဖြစ်ကြောင်း တွေ့ရှိရပါသည်။ ၂၀၁၇ ခုနှစ် ကြက်သွန်နီကြမ်းခင်း ဈေးစတင်ဖွင့်ခဲ့သည့် အချိန်မှစ၍ ဈေးနှုန်းမှာမြင့်သည့်အတွက် ကုန်သည်များမလှောင်ရဲဖြစ်ခဲ့ပြီး တောင်သူများမှာလည်း ဈေးကောင်းရမှသာထုတ်ရောင်းကြကြောင်း၊ တချို့တောင်သူများ အဆင်ပြေခဲ့ကြောင်း ကြက်သွန်နီ ရောင်းဝယ်သူများထံမှ သိရပါသည်။ ပြီးခဲ့သောနှစ်များတွင် ရာသီဥတုဖျက်သည့်အတွက် တောင်သူများမစိုက်ရဲ ဖြစ်ခဲ့ပြီး ဈေးမရခဲ့သည့်အတွက်လည်း မစိုက်ရဲခြင်းများဖြစ်ခဲ့ပါသည်။ စိုက်ပျိုးမှုနှုန်းနှင့်စားသုံးမှုနှုန်းမညီမျှသည့်အတွက် ဈေးနှုန်းတက်လာခဲ့ရခြင်းဖြစ်ကြောင်း၊ ၂၀၁၇ ခုနှစ် ဇွန်လမှစတင်၍ တစ်ပိဿာလျှင် ကျပ် ၁၄၀၀ မှစ၍ တဖြည်းဖြည်းတက်လာခဲ့ပြီး တစ်ပိဿာလျှင် ကျပ် ၃၀၀၀ ဈေးအထိ ရောက်ခဲ့ပါသည်။ ၂၀၁၇ခုနှစ် ဒီဇင်ဘာလကုန်လောက်တွင် မိုးကြက်သွန်များ ဈေးကွက်တွင်း ဝင်ရောက်လာမှသာ ဈေးနှုန်းအနည်းငယ်ကျလာခဲ့ပါသည်။ မိုးကြက်သွန်နီဈေးကွက်ထဲဝင်ရောက်ပြီး ဆောင်းကြက်သွန်နီမပေါ်ခင် ကြားကာလတွင်ပေါ်လေ့ရှိသော မြစ်သား ကြက်သွန်နီပင်လေးစိုက်မှာ အောက်တိုဘာလနှင့် နိုဝင်ဘာလတွင် စိုက်ပျိုးခဲ့ပြီး ဖေဖော်ဝါရီလတွင်ထွက်လေ့ရှိပါသည်။ မိုးကြက်သွန်နီ ကုန်ခါနီးနှင့် ဆောင်းကြက်သွန်နီမပေါ်မီအကြားတွင် ထွက်ရှိသည့် အတွက် ဈေးကောင်းရလေ့ရှိပါသည်။

မြန်မာနိုင်ငံတွင် ပြည်တွင်းမှာထုတ်လုပ်ပြီး ပြည်တွင်း ဈေးကွက်တွင်းတွင် အဓိကစားသုံးနေသည့်သီးနှံများ များစွာရှိရာတွင် ငရုတ်သီး၊ ကြက်သွန်ဖြူ အာလူး၊ ကြက်သွန်နီဈေးနှုန်းများသည် ဖြစ်သင့်သည့် ဈေးနှုန်းအတိုင်း တည်ငြိမ်နေရာမှ လှောင်လက်သမားတချို့၏ ဈေးဆွဲတင်ခြင်းများကြောင့်လည်းကောင်း၊ ကြက်သွန်နီလောကသား မဟုတ်သော အခြားကုန်သည်များမှ ဝင်ရောက်၍ ဈေးကစားသည့်အတွက်ကြောင့်လည်းကောင်း၊ ရက်ပိုင်းအတွင်း အဆမတန်ဈေးတက်ခြင်းကို စားသုံးသူပြည်သူများခံစားခဲ့ရပါသည်။ ထို့အတွက်ကြောင့် စားသုံးသူများမှာ ကြက်သွန်နီကို ဈေးကြီးပေးဝယ်စားရခြင်း၊ တောင်သူ ပွဲစား၊ ကုန်သည်တွေမှာလည်း ရှုံးတစ်ခါမြတ်တစ်လှည့်ဖြစ်ရခြင်း၊ ဈေးကောင်း၍တောင်သူများ တိုးစိုက်လိုက်ကြ၊ ဈေးကျ၍ စိုက်ဧက လျှော့ရာ အထွက်နည်းသည့်အတွက် ဈေးပြန်တက်ခြင်းစသည်ဖြင့် သံသရာလည်နေခဲ့ပြီး ဈေးမတည်မငြိမ်ဖြစ်မှုတွေကြောင့် ပြည်ပ မတင်ပို့နိုင်ခြင်းများဖြစ်ရကာ နိုင်ငံတော်အတွက် ပြည်ပဝင်ငွေလျော့နည်းသွားခြင်းများ ဖြစ်ခဲ့ရပေသည်။

ကြက်သွန်နီစိုက်ပျိုးထုတ်လုပ်မှု ပုံမှန်တိုးတက်နေအောင်ဆောင်ရွက်သည့်နေရာတွင် အဓိကကျသော စိုက်ပျိုးမှုအပိုင်းတွင် ပြည်တွင်း ဖူလုံမှုရှိနေပြီး ဈေးမတက်အောင် ထုတ်လုပ်သူတောင်သူ၊ ကုန်သည်၊ စားသုံးသူမျှတသော အရောင်းအဝယ်ပုံမှန်ဖြစ်နေအောင် ကြိုးစား ကြဖို့လိုမည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုတိုးတက်ပြီး ပြည်တွင်းဖူလုံကာ ပိုလျှံနေလျှင် ပြည်ပဈေးကွက်သို့ ပုံမှန်ချိတ်ဆက်တင်ပို့ရောင်းချနိုင်အောင် ကြိုးစားရမည်ဖြစ်ပေသည်။ စိုက်ပျိုးရေးနိုင်ငံဖြစ်သော မိမိတို့ မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးထုတ်လုပ်ရောင်းချရသော လုပ်ငန်းကို ပိုင်ပိုင်နိုင်နိုင်အကျိုးရှိအောင် ဆောင်ရွက်နိုင်ရန်မှာ အများပြည်သူ စားသုံးသူများ ထိခိုက်စေသော ဈေးကစားသူများအား အသိတရားရှိလာအောင် အထူးစည်းရုံးရန်လိုအပ်ပေသည်။ ထို့ပြင် တောင်သူ၊ ကုန်သည်၊ Exporter များ လက်တွဲစည်းရုံးဆောင်ရွက်ရန် အကောင်းဆုံးနှင့် အလိုအပ်ဆုံးဖြစ်ကြောင်း တွေ့မြင်နေရပေသည်။

ကြက်သွန်နီသည် အလျော့တွက်များပြားသည်။ ပုပ်သိုးလွယ်သည်။ သိုလှောင်ရန်နှင့် ကိုင်တွယ်သယ်ယူရန် ခက်ခဲသည်။ သို့ဖြစ်ပါသောကြောင့် ကုန်ဈေးနှုန်းသမိုင်းတွင် မတည်မငြိမ်အများဆုံးဖြစ်နေကြောင်း တွေ့မြင်နေရပါသည်။ များသောအားဖြင့် ကြက်သွန်နီပေါ်စမတ်လနှင့်ဧပြီလများတွင် ဈေးအနည်းဆုံးဖြစ်တတ်ပြီး ကြက်သွန်နီပေါ်ပြီး ငါးလအကြာ စက်တင်ဘာလမှ နိုဝင်ဘာလခန့်အထိ ဈေးအမြင့်ဆုံးဖြစ်တတ်ပါသည်။ ကြက်သွန်နီပေါ်ချိန်ဈေးနှုန်းများသည် ကုန်ထုတ်လုပ်မှုစရိတ်ခန့်သာရှိတတ်ပြီး သိုလှောင်နိုင်သူသာ အမြတ်အစွန်းများသည့် သဘောတရားပေါ်လာပါသည်။ ဤအခြေအနေများကြောင့် ကြက်သွန်နီသည်ပေါ်ချိန်တွင် အနိမ့်ဆုံးဈေးဖြစ်ပြီး ထွက်ပေါ်ချိန် တစ်ခုနှင့်တစ်ခုအကြားတွင် ဈေးနှုန်း တရိပ်ရိပ်တက်လာတတ်ပါသည်။ ၂၀၁၅ ခုနှစ်တွင် ထူးထူးကဲကဲ ဈေးတက်ရခြင်းမှာ ပြည်တွင်းတွင် ရေကြီးမှု၊ မြေပြိုမှုစသည့် သဘာဝဘေးသတင်းကြောင့် ဩဂုတ်လ၊ စက်တင်ဘာလများတွင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲခဲ့သည်ကိုအကြောင်းပြုပြီး ဈေးကစားသဖြင့် ဈေးအလွန်အမင်း မြင့်ခဲ့သည်ဟု ခန့်မှန်းခဲ့ကြပါသည်။ ထိုကဲ့သို့ ဈေးနှုန်းမတည်ငြိမ်မှုကြောင့် ထုတ်လုပ်သူ တောင်သူလည်း အကျိုးအမြတ်နည်း၊ စားသုံးသူလည်း ဈေးကြီးပေးစားနေရသည်ကို မည်သို့ကုစားမည်လဲဟု တွေးကြည့် မည် ဆို ပါလျှင် ကြက်သွန်နီနှင့် ပတ်သက်၍ ဆောင်ရွက်ရမည့် နည်းလမ်း များဖော်ထုတ် သင့်ကြောင်း၊ ဖော်ထုတ်ရာတွင် တောင်သူ၊ ကုန်သည် Exporter နှင့် အစိုးရဌာနဆိုင်ရာများ ပူးပေါင်း ဖော်ထုတ် ရန်လိုအပ်ပါသည်။ ကြက်သွန်နီဈေးနှုန်းများသည် တောင်သူအတွက်လည်း အကျိုးရှိပြီး စားသုံးသူအတွက်လည်း သင့်တော်သောဈေးနှုန်းသာဖြစ်သင့်ကြောင်း ထိုသို့သော အခြေအနေမျိုးရှိသည့် တစ်နည်းဆိုရပါလျှင် Win – Win – Situation အခြေအနေမျိုးရှိသည့် ရောင်းဝယ်မှုဈေးနှုန်းမျိုးဖြစ်သင့်ပါသည်။ ဆိုလိုသည်မှာ မနိမ့်လွန်းမမြင့်လွန်းသော ဈေးနှုန်းမျိုး၊ တည်ငြိမ်သော အတက်အကျမျိုးသာဖြစ်သင့်ပါသည်။ ဤသို့ဖြစ်စေရန် တောင်သူလည်းအကျိုးရှိ၊ စားသုံးသူအတွက်လည်း သင့်တော်သော ဈေးနှုန်းမျိုးဖြစ်စေနိုင်သည့် အခြေအနေမျိုးဖန်တီးနိုင်ရန်အတွက် ကျေးလက်ဒေသနှင့် ဒေသထွက်ကုန်များ ပြည်တွင်း အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၆ ခုနှစ်တွင် မန္တလေးမြို့၌ ပြုလုပ်ခဲ့ပြီး မန္တလေး၊ စစ်ကိုင်း၊ မကွေးတိုင်းဒေသကြီးတို့မှ ကြက်သွန်နီကုန်သည်များ တောင်သူများ ကုန်စည်ဒိုင်နှင့် အသင်းမှတာဝန်ရှိပုဂ္ဂိုလ်များ ရန်ကုန်မှ စားဖိုဆောင်သုံးသီးနှံများ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ ဥက္ကဋ္ဌနှင့် Exporter များ တက်ရောက်ခဲ့ပါသည်။

ပြည်တွင်းကြက်သွန်နီဈေးနှုန်းသည် တည်ငြိမ်နေရာမှ ရုတ်ချည်း မြင့်တက်ခြင်းမျိုးမဖြစ်ပေါ်စေရန်၊ ကြက်သွန်နီပုံမှန်ဈေးကွက်ရရှိနိုင်ရေး၊ ပြည်တွင်းကြက်သွန်နီဈေးနှုန်းများတည်ငြိမ်မှုရှိစေရေး၊ မြန်မာနိုင်ငံမှကြက်သွန်နီများ ပိုမိုတိုးမြှင့်တင်ပို့နိုင်ရေးအတွက် ဈေးကွက်အလားအလာကောင်းများရှိရန် စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်ရန် အထူးလိုအပ်လျက်ရှိကြောင်း တွေ့ရပေသည်။

အချုပ်အားဖြင့်ဆိုရလျှင် စိုက်ပျိုးရေးနိုင်ငံဖြစ်သည့် မိမိတို့မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးထုတ်လုပ်ရောင်းချသည့် လုပ်ငန်းကို ပိုင်ပိုင်နိုင်နိုင် အကျိုးရှိအောင်လုပ်နိုင်ပြီး လက်ရှိဈေးကွက်ခိုင်မာရန်နှင့် ဈေးကွက်သစ်များရရှိအောင် စွမ်းဆောင်နိုင်ရန်လည်းလိုအပ်ပါသည်။ ထုတ်လုပ်မှုတိုးတက်ပြီး ပြည်တွင်းတွင် ဖူလုံမှုရှိကာပိုလျှံလျှင် ပြည်ပဈေးကွက်ကို ပုံမှန်ချိတ်ဆက်ရောင်းနိုင်အောင်ကြိုးစားရမည်ဖြစ်ပါသည်။ ဈေးကွက် ခိုင်မာရန်နှင့် ဈေးကွက်သစ်များရရှိစေရန်မှာလည်း ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိရန် အရည်အသွေးမီသည့် ကုန်ပစ္စည်းများ ထုတ်လုပ်ရန် လိုအပ်ကြောင်းတွေ့ရှိရသကဲ့သို့ ဌာနဆိုင်ရာများနှင့် အသင်းအဖွဲ့များလည်း ဆက်လက်၍ပူးပေါင်းဆောင်ရွက်ရန်လည်းလိုအပ်လျက်ရှိပါကြောင်း ကြက်သွန်နီ၏အခြေအနေများကို ရေးသားတင်ပြလိုက်ရပါသည်။

**ပြည်တွင်းကြက်သွန်နီလအလိုက်ဈေးနှုန်း**

| စဉ် | လအမည် | ၂၀၁၆ ခုနှစ် | | | | | | ၂၀၁၇ ခုနှစ် | | | | | | ၂၀၁၈ ခုနှစ် | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရန်ကုန် | | မန္တလေး | | မကွေး | | ရန်ကုန် | | မန္တလေး | | မကွေး | | ရန်ကုန် | | မန္တလေး | | မကွေး | |
| | | လက်ကား (ဆိပ်ဖြူ) လက်သန့် | လက်လီ | လက်ကား | လက်လီ | လက်ကား | လက်လီ | လက်ကား (ဆိပ်ဖြူ) လက်သန့် | လက်လီ | လက်ကား | လက်လီ | လက်ကား | လက်လီ | လက်ကား (ဆိပ်ဖြူ) လက်သန့် | လက်လီ | လက်ကား | လက်လီ | လက်ကား | လက်လီ |
| ၁ | ဇန်နဝါရီ | ၁၁၀၀ | ၁၃၀၀ | ၉၂၀ | ၁၂၁၀ | ၈၅၀ | ၁၁၂၀ | ၁၂၀၀ | ၁၆၀၀ | ၁၃၅၀ | ၂၀၀၀ | ၁၁၀၀ | ၁၆၀၀ | ၁၆၀၀ | ၂၀၀၀ | ၁၆၀၀ | ၂၀၀၀ | ၁၄၅၀ | ၂၀၀၀ |
| ၂ | ဖေဖော်ဝါရီ | ၄၆၀ | ၈၁၀ | ၆၅၀ | ၈၂၀ | ၅၅၀ | ၇၄၀ | ၁၂၇၅ | ၁၃၀၀ | ၁၃၆၀ | ၁၆၀၀ | ၁၃၀၀ | ၁၆၀၀ | ၁၂၅၀ | ၂၀၀၀ | ၁၂၀၀ | ၂၀၀၀ | ၁၁၀၀ | ၂၀၀၀ |
| ၃ | မတ်လ | ၄၂၀ | ၇၃၀ | ၅၆၀ | ၅၆၀ | ၅၀၀ | ၆၈၅ | ၈၀၀ | ၁၀၀၀ | ၉၀၀ | ၁၀၀၀ | ၇၈၀ | ၁၀၀၀ | ၈၅၀ (မတ်လ ၉ ရက်) | ၁၆၀၀ | ၁၀၀၀ | ၁၆၀၀ | ၆၀၀ | ၁၃၀၀ |
| ၄ | ဧပြီ | ၄၃၀ | ၆၀၀ | ၅၁၀ | ၇၂၀ | ၅၀၀ | ၆၀၀ | ၈၀၀ | ၁၂၀၀ | ၉၀၀ | ၁၀၀၀ | ၆၆၀ | ၁၀၀၀ | | | | | | |
| ၅ | မေ | ၅၂၀ | ၆၇၀ | ၅၅၀ | ၇၀၀ | ၅၅၅ | ၇၁၀ | ၈၀၀ | ၁၀၀၀ | ၉၀၀ | ၁၀၀၀ | ၈၇၀ | ၁၀၀၀ | | | | | | |
| ၆ | ဇွန် | ၅၂၀ | ၆၀၀ | ၆၀၀ | ၇၀၀ | ၅၅၀ | ၇၀၀ | ၁၀၅၀ | ၁၄၀၀ | ၁၁၀၀ | ၁၃၀၀ | ၁၀၀၀ | ၁၃၀၀ | | | | | | |
| ၇ | ဇူလိုင် | ၅၃၀ | ၇၀၀ | ၆၀၀ | ၇၀၀ | ၅၇၀ | ၇၀၀ | ၁၂၇၀ | ၁၇၀၀ | ၁၃၀၀ | ၁၅၀၀ | ၁၃၀၀ | ၁၆၀၀ | | | | | | |
| ၈ | ဩဂုတ် | ၅၀၀ | ၈၀၀ | ၆၀၀ | ၇၀၀ | ၅၈၀ | ၇၀၀ | ၁၅၃၀ | ၂၀၀၀ | ၁၅၀၀ | ၁၈၀၀ | ၁၄၅၀ | ၁၉၀၀ | | | | | | |
| ၉ | စက်တင်ဘာ | ၄၀၀ | ၇၀၀ | ၅၉၀ | ၇၀၀ | ၅၄၀ | ၇၀၀ | ၁၉၀၀ | ၂၃၀၀ | ၁၉၅၀ | ၂၂၀၀ | ၁၉၀၀ | ၂၄၀၀ | | | | | | |
| ၁၀ | အောက်တိုဘာ | ၅၀၀ | ၁၄၀၀ | ၈၅၀ | ၁၅၀၀ | ၇၅၀ | ၁၅၀၀ | ၂၂၀၀ | ၂၆၀၀ | ၂၃၀၀ | ၂၈၀၀ | ၂၀၀၀ | ၂၇၀၀ | | | | | | |
| ၁၁ | နိုဝင်ဘာ | ၆၀၀ | ၁၂၀၀ | ၁၀၀၀ | ၁၂၀၀ | ၈၅၀ | ၁၂၀၀ | ၂၄၀၀ | ၂၇၀၀ | ၂၅၀၀ | ၂၆၀၀ | ၂၃၀၀ | ၂၈၀၀ | | | | | | |
| ၁၂ | ဒီဇင်ဘာ | ၅၂၀ | ၁၀၀၀ | ၈၅၀ | ၁၀၀၀ | ၇၀၀ | ၁၀၀၀ | ၂၇၅၀ | ၃၀၀၀ | ၂၂၀၀ | ၂၆၀၀ | ၂၅၀၀ | ၃၀၀၀ | | | | | | |

# ပုဂ္ဂလိကလုပ်ငန်းများ ပွင့်လန်းရေးအတွက် မရှိမဖြစ်လိုအပ်သော ကော်မတီ

မောင်လွင်ပြင်

ယခုအခါ ဆန်တင်ပို့မှု တစ်နှစ်ထက် တစ်နှစ်ပိုမိုတိုးတက်လာသဖြင့် မကြာခင်သော နှစ်ကာလများတွင် အာရှဒေသ၌ ဆန်တင်ပို့မှု အများဆုံးနိုင်ငံများစာရင်းတွင် ပြန်လည်နေရာ ရယူနိုင်တော့မည်ဖြစ်သည်။

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ ပုံမှန်တွေ့ဆုံပွဲကို ဧပြီ ၂ ရက်က ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၌ ကျင်းပခဲ့သည်။ ယခုအကြိမ်တွေ့ဆုံမှုသည် (၁၆) ကြိမ်မြောက် တွေ့ဆုံမှုလည်းဖြစ်သည်။ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် စီးပွားရေးလုပ်ငန်းရှင်များ ပုံမှန်တွေ့ဆုံနေခြင်းသည် မြန်မာနိုင်ငံ၏ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ပြီး တွေ့ဆုံနေကြခြင်းဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ စီးပွားရေး ကျောထောက်နောက်ခံကောင်းပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ဆိုလျှင် ယင်းနိုင်ငံ၏ ပုဂ္ဂလိကကဏ္ဍ ရှင်သန်ဖွံ့ဖြိုးတိုးတက်မှုဖြစ်မည်ဟု လက်ခံထားကြသည်။ ပုဂ္ဂလိကကဏ္ဍ ရှင်သန်ဖွံ့ဖြိုးခြင်းသည် ယင်းနိုင်ငံ၏ စီးပွားရေးအားကောင်းစေရန် မောင်းနှင်အားလည်းဖြစ်သည်။ ထို့ပြင် ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးသော ဒီမိုကရေစီနိုင်ငံများအဖို့ နိုင်ငံစီးပွားရေးကောင်းမွန်စေချင်လျှင် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရှင်သန်ရေးကို အားပေးလမ်းဖွင့်ပေးရရိုးထုံးစံလည်းရှိသည်။ ထို့ကြောင့် နိုင်ငံပိုင် စီးပွားရေးအခန်းကဏ္ဍကို လျှော့ချမွေးမြှန်ပြီး ပုဂ္ဂလိကပိုင်လွှဲပြောင်းရေးကို ဆောင်ရွက်ရသည်။ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ ပေါ်ထွန်းရေးကို ဆောင်ရွက်ရသည်။ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများကြုံတွေ့ရသည့် အခက်အခဲများကို နိုင်ငံတော်က ကူညီဖြေရှင်းဆောင်ရွက်ပေးရသည်။

နိုင်ငံတော်က ပုဂ္ဂလိက အခန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး တွန်းအားပေး ဆောင်ရွက်နေခြင်းများသည် အများပြည်သူတို့နှင့်လည်း သက်ဆိုင်ပါသည်။ အများပြည်သူတို့သည်လည်း ဈေးကွက်စီးပွားရေးတွင် ပါဝင်ကျင်လည်ရသည့် စားသုံးသူများဖြစ်နေခြင်းကြောင့်ဖြစ်သည်။ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ ထွန်းကား၍ ဈေးကွက်စီးပွားရေးစနစ် ပီပီပြင်ပြင် လည်ပတ်နေမည်ဆိုလျှင် စားသုံးသူပြည်သူလူထု စားဝတ်နေရေး ဘဝသည်လည်း သက်သာချောင်ချိမည်ဖြစ်သည်။ ဤနေရာတွင် ဈေးကွက်စီးပွားရေးစနစ်ထဲ ကျင်လည်နေကြရသူ စားသုံးသူပြည်သူများအနေဖြင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး စီစဉ်ဆောင်ရွက်ပေးနေသော "ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ "အကြောင်းအကြမ်းဖျင်းတော့ သိထားကြဖို့လိုမည်ဖြစ်သည်။ ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် စတင်ဖွဲ့စည်းခဲ့သည်။ အဖွဲ့ဝင် ၂၀ ဦး ဖြင့်လည်း ဖွဲ့စည်းထားသည်။ ကော်မတီတွင် လုပ်ငန်းတာဝန်ငါးရပ်ချမှတ် ထားသည်။ ယင်းလုပ်ငန်းတာဝန်များ အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ရန် လုပ်ငန်းကော်မတီငါးခုကိုလည်း ထပ်မံဖွဲ့စည်းထားသည်။

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလကတည်းက စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၈ ခုနှစ် မတ်လအထိဆိုလျှင် ပုံမှန်တွေ့ဆုံခြင်း (၁၅) ကြိမ်ရှိခဲ့ပြီဖြစ်သည်။ ယင်း (၁၅) ကြိမ်တွင် စီးပွားရေးလုပ်ငန်းရှင်များ၏ အခက်အခဲတင်ပြချက် စုစုပေါင်း ၂၃၀ ရှိခဲ့ပြီဖြစ်သည်။ ယင်းတင်ပြချက်ပေါင်း ၂၃၀ ကို သက်ဆိုင်ရာဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ အဖွဲ့များနှင့် လုပ်ငန်းကော်မတီငါးဦးတို့က မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှတစ်ဆင့် ပြန်ကြားခဲ့ပြီး တင်ပြချက်အခက်အခဲများအပေါ် အလေးထား ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် စီးပွားရေးလုပ်ငန်းရှင်များကြုံတွေ့နေရသည့် အခက်အခဲ တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနများက ပြန်လည်ဖြေရှင်းပေးသည့်အချက်များ အပြည့်အဝ မပြီးပြတ်သေးဟုယူဆပါက မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှတစ်ဆင့် ကော်မတီ၏ တာဝန်ခံဝန်ကြီးဌာနဖြစ်သည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ ဆက်လက်တင်ပြပြီး ကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တင်ပြသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲ (Private -Public Dialogue) ပြုလုပ်ကာ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေး စီစဉ်ထားကြောင်း သိရသည်။ စီးပွားရေးလုပ်ငန်းရှင်များ၏ အခက်အခဲများကို မပြေလည်၊ ပြေလည်အောင် ဆောင်ရွက်ပေးမည့်သဘောဖြစ်သည်။

ယခု(၁၆)ကြိမ်မြောက် တွေ့ဆုံခြင်းဖြစ်သော ကော်မတီနှင့် စီးပွားရေး လုပ်ငန်းရှင်များ တွေ့ဆုံပွဲတွင် ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ ပြောကြားချက်များကို အများပြည်သူ သိရှိရန် ပြန်လည်တင်ပြ ချင်သည်။ ဒုတိယသမ္မတ ဦးမြင့်ဆွေက မြန်မာနိုင်ငံသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် စီးပွားရေးမူဝါဒ(၁၂)ရပ်ချမှတ် အကောင်အထည်ဖော်နေသည်ဟု ပြောကြားသည်။ ကြုံတွေ့နေရသော အခက်အခဲများကို တတ်နိုင်သလောက် ဖြေရှင်းဆောင်ရွက်နေသည်ဟုဆိုသည်။ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု အနေအထားမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မတ်လ ၂၀ ရက်ထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၆ ဒသမ ၁ ဘီလီယံရှိခဲ့ပြီးဖြစ်ရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ရည်မှန်းချက် အမေရိကန်ဒေါ်လာ ၆ ဘီလီယံကို ပြည့်မီကျော်လွန်သွားပြီဖြစ်ကြောင်း တွေ့ရမည်ဖြစ်သည်။ ယင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများက အလုပ်အကိုင် အခွင့်အလမ်းကောင်းများကို ဖန်တီးပေးနိုင်ခဲ့ပြီဖြစ်ကြောင်းလည်း ပြောဆိုခဲ့ သည်။

ဒုတိယသမ္မတသည် ပြည်ပ ကုန်သွယ်မှု အခြေအနေကိုလည်း ရှင်းပြခဲ့သည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မတ်လ ၂၃ ရက်ထိ ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၃၂ ဒသမ ၅ ဘီလီယံကျော်ရှိခဲ့ပြီး ယခင်နှစ် အလားတူကာလထက် အမေရိကန်ဒေါ်လာ ၄ ဒသမ ၃ ဘီလီယံကျော် ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း ယင်းကုန်သွယ်မှုတွင် ပုဂ္ဂလိကကဏ္ဍက အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၆ ဘီလီယံပါဝင်ထားကြောင်း၊ ထို့ကြောင့် ကုန်သွယ်မှု ပမာဏတွင် ပုဂ္ဂလိကကဏ္ဍ က ၈၂ ရာခိုင်နှုန်းထိပါဝင်နေကြောင်း၊ ပို့ကုန်တင်ပို့မှုအနေဖြင့်ကြည့်လျှင် အမေရိကန်ဒေါ်လာ ၁၄ ဘီလီယံကျော်ဖိုးထိ စံချိန်တင်တင်ပို့နိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ အဓိကပို့ကုန်များအဖြစ် ဆန်၊ ပြောင်း၊ ရော်ဘာစိမ်းနှင့် ချုပ်ပြီးအထည်များအား အဓိကတင်ပို့ကုန်များအဖြစ် တွေ့ရမည်ဖြစ်ကြောင်း စသည်ဖြင့် ရှင်းလင်းပြောကြားခဲ့သည်။ ထို့ပြင် ဒုတိယသမ္မတ၏ ရှင်းလင်းပြောကြားမှုတွင် အများပြည်သူတို့ အားတက်ဖွယ်အချက်များလည်း ပါဝင်နေသည်ကို လေ့လာတွေ့ရှိရသည်။ မြန်မာနိုင်ငံသည် ယခုအခါ ဆန်တင်ပို့မှု တစ်နှစ်ထက် တစ်နှစ်ပိုမိုတိုးတက်လာသဖြင့် မကြာခင်သော နှစ်ကာလများတွင် အာရှဒေသ၌ ဆန်တင်ပို့မှု အများဆုံးနိုင်ငံများစာရင်းတွင် ပြန်လည်နေရာ ရယူနိုင်တော့မည်ဖြစ်သည်။ ယခုနှစ် ဆန်တင်ပို့မှုအခြေအနေတွင် မြန်မာနိုင်ငံသည် ဆန်တန်ချိန် ၃ ဒသမ ၅၂ သန်းထိ တင်ပို့ထားနိုင်ပြီဖြစ်သည်။ ထို့ပြင် ယမန်နှစ်က အိန္ဒိယနိုင်ငံမှ ပဲတင်သွင်းမှု ကန့်သတ်လိုက်သည့်အတွက် ပဲစိုက်တောင်သူများ အခက်အခဲကြုံတွေ့ရသည့်အပေါ် တောင်သူများ နစ်နာဆုံးရှုံးမှုမရှိစေရေးအတွက် နှစ်နိုင်ငံသံတမန်နည်းလမ်းဖြင့်လည်းကောင်း၊ ဝန်ကြီးဌာန အချင်းချင်း ညှိနှိုင်းဆက်သွယ်၍လည်းကောင်း ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တောင်သူများကိုလည်း စီးပွားရေးအရ တွက်ခြေကိုက်မည့် သီးနှံများကို ရွေးချယ်စိုက်ပျိုးသွားရန် အကြံပြုတိုက်တွန်းလိုကြောင်းများကိုလည်း ပြောကြားသွားသည်ဟုသိရသည်။

ထို့ပြင် စီးပွားရေးလုပ်ငန်းရှင်များ ကုမ္ပဏီထူထောင်ပြီး စည်းစနစ်တကျ အလုပ်လုပ်ကိုင်လိုသူများအတွက် သတင်းကောင်းကိုလည်း ပြောကြားသွားခဲ့ပါသေးသည်။ ကုမ္ပဏီထူထောင်ရန် မှတ်ပုံတင်ရာတွင် မှတ်ပုံတင်ကြေးကို ကျပ်ဆယ်သိန်းသတ်မှတ်ခဲ့ရာ ၂၀၁၆ ခုနှစ် ဇွန်လကစပြီး ကျပ်ငါးသိန်းထိ လျှော့ချခဲ့ကြောင်း၊ ယခု ၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်ကစပြီး မှတ်ပုံတင်ကို ကျပ်ငါးသိန်းမှ ကျပ်နှစ်သိန်း ငါးသောင်းအထိ ထပ်မံလျှော့ချပြင်ဆင်သတ်မှတ်ပေးထားပါကြောင်း၊ ထို့အတူ ကုမ္ပဏီထူထောင်ရန် မှတ်ပုံတင်သည့် လုပ်ငန်းနှင့်ပတ်သက်သော ကိစ္စရပ်များကို အွန်လိုင်းမှတစ်ဆင့် ၂၄ နာရီဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ကြောင်း၊ အွန်လိုင်းမှ ကုမ္ပဏီမှတ်ပုံတင်ထူထောင်ခြင်းဆောင်ရွက်မှုသည် Ease of Doing Business (စီးပွားရေးပြုလုပ်ရန် လွယ်ကူသောအစီရင်ခံ စာ) အညွှန်းကိန်း ၁၀ ခုအနက်တစ်ခုဖြစ်သော စီးပွားရေးလုပ်ငန်းတစ်ခု စတင်ခြင်း (Starting a Business) ဆိုင်ရာ ညွှန်းကိန်းအရ ဖြေလျှော့ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်းလည်း ရှင်းလင်းပြောကြားခဲ့သည်။

ကုမ္ပဏီထူထောင်ခြင်းလုပ်ငန်းများ မြန်ဆန်လွယ်ကူလာပြီး မှတ်ပုံတင်ခြင်းလည်း ကျပ်နှစ်သိန်းငါးသောင်းသာ သွင်းရတော့မည်ဆိုလျှင် စွန့်ဦးတီထွင်လုပ်ငန်းများလုပ်ကိုင်လိုသည့် လူငယ်စီးပွားရေးလုပ်ငန်းရှင်ကလေးများ ပေါ်ထွက်လာလိမ့်မည်ဟု ခန့်မှန်းမိသည်။ မည်သို့ပင်ဖြစ်စေ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် ပုဂ္ဂလိကလုပ်ငန်းများ ပွင့်လန်းလာရေးနှင့် ဈေးကွက်စီးပွားရေးစနစ် ပီပီပြင်ပြင်ပေါ်ထွက်ရေးတို့အတွက် မရှိမဖြစ်လိုအပ်သော ကော်မတီဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

❑

Commerce ကာတွန်း



## ဧရာဝတီတိုင်းဒေသကြီးတွင် ပြည်ပပို့ကုန်သီဟိုဠ် ရာသီချိန် အရောင်းအဝယ်ဖြစ်



ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဒေသထွက်ကုန်များတွင် ပြည်ပပို့ကုန် သီဟိုဠ်ဈေးကွက်မှာ ရာသီသီးနှံအဖြစ် ယခင်ဖေဖော်ဝါရီလ လကုန်ပိုင်းဆိုလျှင် ဈေးကွက်ဝင်ရောက်မှုရှိသော်လည်း ယခုနှစ်မှာ အထွက်နောက်ကျ၍ မတ်လဒုတိယ ပတ်အတွင်း ဈေးကွက်ဝင်ရောက်မှုရှိခဲ့ပြီး သီဟိုဠ်ပေါ်ချိန်အစတွင် တစ်ပိဿာ ကျပ် ၄၀၀၀ ဖြင့် ယခင်နှစ်ဈေးနှုန်းအတိုင်းရရှိလျက် တောင်သူများ တွက်ခြေကိုက်မှု ရှိကြောင်းသိရသည်။ မိုးမရွာခင်အထိ သီဟိုဠ်ဈေးကွက်မှာ အရောင်းအဝယ်ဖြစ်၍ မေ၊ ဇွန်လများတွင် မိုးဖြိုင်ဖြိုင်ရွာသွန်းပါက သီဟိုဠ်စေ့မှာ မိုးမိလျှင် ရေဝင်ကာ အသီးမှာ မဲသွား၍ ဈေးကွက်တွင် အရောင်းအဝယ်မဖြစ်တော့ဘဲ သီဟိုဠ်ရာသီပြီးဆုံး သွားကြောင်း သိရသည်။

ဧရာဝတီတိုင်းအတွင်း သီဟိုဠ်စိုက်ဧက ၇၀၀၀၀ ခန့်ရှိပြီး၊ မြောင်းမြခရိုင်၊ ဟင်္သာတခရိုင်၊ လပွတ္တာခရိုင်နှင့် ပုသိမ်ခရိုင်အတွင်း အများဆုံးစိုက်ပျိုးလျက်ရှိကာ ပုသိမ်မြို့နယ်၊ သာပေါင်းမြို့နယ်၊ ငပုတောမြို့နယ်အတွင်းရှိ ကျေးရွာများအပြင် ချောင်းသာ၊ ငွေဆောင်ပင်လယ်ကမ်းခြေဒေသများတွင်လည်း စိုက်ပျိုးလျက်ရှိ ကြောင်း သိရသည်။ ပုသိမ်မြို့ပေါ်ရှိ သီဟိုဠ်စေ့ကုန်ကြမ်းဝယ်ယူသည့်ဒိုင်များမှ ဝယ်ယူရရှိသော သီဟိုဠ်စေ့ကုန်ကြမ်းများကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့၍ ရန်ကုန်မြို့ရှိ သီဟိုဠ်ခွဲစက်များမှ ကုန်ချောပြုလုပ်ကာ ပြည်ပနိုင်ငံများသို့ တင်ပို့ ရောင်းချလျက်ရှိကြောင်း အဝယ်ဒိုင်များမှ သိရသည်။

ပုသိမ်မြို့ပေါ်တွင် သီဟိုဠ်ကုန်ချော ထုတ်လုပ်သည့်ခွဲစက်ရှိပြီး သီဟိုဠ် ကုန်ကြမ်းများကို ဝယ်ယူ၍ နှစ်ပတ်လည်သိုလှောင်ကာ ကုန်ချောပြုလုပ်ပြီး မူဆယ် မှတစ်ဆင့် ပြည်တွင်းနှင့်တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ယခု သီဟိုဠ်ဈေးမှာ အထွက်လှိုင်လာချိန်တွင် အရည်အသွေးပေါ်မူတည်၍ သီဟိုဠ် တစ်ပိဿာ ကျပ် ၃၅၀၀ မှ ကျပ် ၃၇၀၀ ဖြင့် ဈေးကွက်တွင် ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။

**ရောမြေ (ပုသိမ်)**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | အေဒီဗင် (၂၀၀၇) | F | ၁၃၀ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၂။ | အာတီဂါ(ဆူဇူကီး) (၂၀၁၇) | 2P | ၂၅၀ သိန်း | 1.5 ဓာတ်ဆီ၊ ရန်ကုန် |
| ၃။ | ဆူဇူကီးကယ်ရီထရပ် (၂၀၀၉) | P | ၉၅ သိန်း | 0.5 ဓာတ်ဆီ၊ ရန်ကုန် |
| ၄။ | ရက်တစ် (၂၀၀၉) | H | ၁၆၀ သိန်း | 1.5 ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | ကလူဂါ (၂၀၀၂) | G | ၃၃၀ သိန်း | 2.4 ဓာတ်ဆီ၊ ရန်ကုန် |
| ၆။ | အာလ်ဖတ် (၂၀၀၃) | D | ၃၅၀ သိန်း | 3.0 ဓာတ်ဆီ၊ ရန်ကုန် |
| ၇။ | မတ်(စ်)တူး (၂၀၀၂) | H | ၂၀၀ သိန်း | 2.5 ဓာတ်ဆီ၊ ရန်ကုန် |
| ၈။ | ဗွစ်(ရှ်) (၂၀၀၄) | F | ၂၁၀ သိန်း | 2.0 ဓာတ်ဆီ၊ ရန်ကုန် |
| ၉။ | အပ်ကား (နှစ် ၂၀) | | ၁၁၅ သိန်း | |

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | ကွန်ဒို | ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ် | ၁၃၀၀ စ/ပေ | MB (၁)၊ BR (၂) ခန်း | ၂၈၀၀ သိန်း | စိတ်ငြိမ်ရပ်ကွက် | ၀၉/၄၅၂၁၉၄၄၃၉ |
| ၂။ | မြေ | လှည်းကူးမြို့နယ်၊ ရန်ကုန်ပဲခူးလမ်းမနီး | (၈၀ x ၈၀)ပေ | မြေသီးသန့် | ၂၆၀၀ သိန်း | လမ်းမကြီး ဂိတ်ကွက် | ၀၉/၉၇၆၂၁၁၁၂၃ |
| ၃။ | မီနီကွန်ဒို | တောင်ဥက္ကလာပမြို့နယ်၊ ရတနာလမ်းမ၊ လမ်းသွယ် | ၁၂၀၀ စ/ပေ | MB (၁)၊ BR (၁) ခန်း | ၁၂၀၀ သိန်း | လမ်းမကြီးနီး | ၀၉/၅၁၁၇၂၆၂ |
| ၄။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ ဟင်္သာလမ်း၊ (၁၄/၂) ရပ်ကွက် | (၄၅ x ၄၀)ပေ | MB (၁)၊ BR (၁) | ၂၅၀၀ သိန်း | လမ်းသန့်၊ ရပ်ကွက်သန့် | ၀၉/၅၁၁၇၂၆၂ |
| ၅။ | အဆင့်မြင့် တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ ကျောင်းကုန်းလမ်း | (၃၀ x ၇၀)ပေ | MB (၂)၊ BR (၂) ခန်း | ၁၂ သိန်း | လမ်းကျယ်၊ လမ်းသန့် | ၀၉/၅၁၁၇၂၆၂ |
| ၆။ | မြေသီးသန့် | အင်းစိန်မြို့နယ်၊ မင်းကြီးလမ်းမနီး | (၄၀ x ၈၀)ပေ | မြေသီးသန့် | ၃၅၀၀ သိန်း | ခြံခတ်ပြီး | ၀၉/၂၅၀၃၇၆၃၇၉ |
| ၇။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ မန္တလေးလမ်း | ၇၅၀ စ/ပေ၊ (၄)လွှာ | BR (၂) ခန်း၊ လျှာထိုးခင်း | ၃၂၀ သိန်း | လမ်းသန့် | ၀၉/၂၅၀၃၇၆၃၇၉ |
| ၈။ | မြေ | လှည်းကူးမြို့နယ်၊ ဖောင်ကြီးကျေးရွာ | (၄၀ x ၆၀)ပေ | မြေသီးသန့် | ၃၅ သိန်း | ခြံခတ်ပြီး | ၀၉/၂၅၀၃၇၆၃၇၉ |
| ၉။ | မြေ | ပြင်ဦးလွင်၊ နောင်လိုင်ရွာ | (၅၅ x ၇၀)ပေ | မြေသီးသန့် | ၉၀ သိန်း | ခြံခတ်ပြီး | ၀၉/၅၁၁၇၂၆၂ |

## တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ၂၀၁၈ ခုနှစ်အတွင်း ကျင်းပမည့်ကုန်စည်ပြပွဲများ

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ၂၀၁၈ ခုနှစ်အတွင်း Tourism ဆိုင်ရာပြပွဲများကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရှိရပြီး၊ ကျင်းပပြုလုပ်မည့်ကုန်စည်ပြပွဲများမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(က) ရှန်ရှီးပြည်နယ်၊ ရှီအန်းမြို့တွင် 2018 Xi'an Silk Road International Tourism Expo (၂၀၁၈ ခုနှစ်၊ မတ်လ ၃၀ရက်မှ ဧပြီလ ၁ ရက်အထိ)

(ခ) ပေကျင်းမြို့တွင် 2018 Beijing International Tourism Expo (၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၅ ရက်မှ ၁၇ ရက်အထိ)

(ဂ) ချုံချင်းပြည်နယ်၊ ချုံချင်းမြို့တွင် 2018 Chongqing International Tourism Expo (၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်မှ ၁၄ ရက်အထိ)

(ဃ) ဟိုင်နန်ပြည်နယ်၊ ဟိုင်းခိုမြို့တွင် 2018 Hainan World Lesiure Tourism Expo (၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ)

အဆိုပါပြပွဲများသို့ မြန်မာနိုင်ငံမှ စိတ်ပါဝင်စားသော လုပ်ငန်းရှင်များ ပါဝင်ပြသနိုင်ပြီး ပြပွဲသို့သွားရောက် ပြသမည့်လုပ်ငန်းရှင်များ အနေဖြင့် အသေးစိတ်သိရှိလိုပါက Email: eva@bre-expo.com နှင့် Email: Erica@bre-expo.com များသို့ ဆက်သွယ်နိုင်ပါကြောင်း နှင့် စိတ်ပါဝင်စားပါက မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေး ဦးစီးဌာန ဖုန်း-၀၆၇ ၄၃၀၄၄၆၊ ၄၃၀၄၄၇၊ ဖက်စ်-၀၆၇ ၄၃၀၁၂၈၊ E-mail: moctradefair@gmail.comသို့ လည်းကောင်း၊ မြန်မာကုန်သွယ်မှုဗဟိုဌာန(ရန်ကုန် မြို့) ဖုန်း-၀၁ ၂၅၄၀၂၄၊ ဖက်စ်-၀၁ ၂၅၄၀၂၃ သို့လည်းကောင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ဆုမွန်သိန်း(TD)**

## ကျောက်ဆည်ခရိုင် စားသုံးသူအခြေခံများမှုဖြေရှင်းရေးအဖွဲ့၏(၃/၂၀၁၈) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ကျောက်ဆည်ခရိုင် စားသုံးသူရေးရာဦးစီးဌာန ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၃/၂၀၁၈) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၃ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပခဲ့ရာ အစည်းအဝေးသို့ ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းမင်းဇော်၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စားသုံးသူကိုယ်စားလှယ်များ၊ ခရိုင် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များ၊ စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းမင်းဇော်က အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့သည် ပြည်သူကိုအကျိုးပြုသည့် အဖွဲ့အစည်းဖြစ်ပြီး ပြည်သူ့အကျိုးကို ဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ ပြည်သူလူထုအား အတိုင်းအတာတစ်ခုအထိ အကျိုးပြုနေပါကြောင်း၊ စားသုံးသူရေးရာကိစ္စရပ်များ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန်အတွက် ကြိုးစားဆောင်ရွက်ရန်လိုကြောင်း၊ ယခုထက်ပိုပြီး ဆက်လက်ကြိုးစားသွားကြရန်နှင့် တက်ရောက်လာသူများမှလည်း ဝိုင်းဝန်းအကြံ ပြု ဆွေးနွေးပေးစေလိုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ကျောက်ဆည်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးအောင်စိုးမိုးက စားသုံးသူရေးရာဦးစီးဌာန၏လုပ်ငန်းဆောင်ရွက်မှုများနှင့် ယခင်အစည်းအဝေးဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြခဲ့ပြီး ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများအနေဖြင့် ကျောက်ဆည်ခရိုင်အတွင်းရှိ အခြားမြို့နယ်များရှိ ရေသန့်လုပ်ငန်းများ၊ စက်သုံးဆီအရောင်းဆိုင်များ ကွင်းဆင်းစစ်ဆေးခြင်း၊ လျှပ်စစ်ပစ္စည်းဆိုင်များ၊ Mobile Telephone အရောင်းဆိုင်များအား ဝန်ဆောင်မှုနှင့်ပတ်သက်၍ အသိပညာပေးဟောပြောဆွေးနွေးခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း၊ ကျောက်ဆည်မြို့နယ်အတွင်းရှိ ရေသန့်လုပ်ငန်းများအား ကွင်းဆင်းစစ်ဆေးမှုမှတ်တမ်းများ၊ စားသုံးသူရေးရာဦးစီးဌာန Websiteကို www.doca.gov.mmဖြင့် လွှင့်တင်နိုင်မှု အခြေအနေများ၊ Website အတွင်း၌ပါဝင်သော အကြောင်းအရာများ၊ Website အတွင်း၌ တိုင်ကြားနိုင်သည့်နေရာများ၊ တိုင်ကြားမှုပုံစံအဆင့်ဆင့်တို့ကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများမှ ဝိုင်းဝန်း အကြံပြုဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**နှင်းလဲ့လဲ့ (ကျောက်ဆည်)**

# မြန်မာ့သနပ်ခါးပွဲတော်နှင့် သနပ်ခါးပျိုးမေပြိုင်ပွဲကျင်းပ



မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာကော်မတီနှင့် မြန်မာ့သနပ်ခါးစိုက်ပျိုး ထုတ်လုပ်ရောင်းချသူများအသင်းတို့ ပူးပေါင်းဦးစီးကျင်းပသော မြန်မာ့သနပ်ခါးပွဲတော်နှင့် သနပ်ခါးပျိုးမေပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မတ် ၃၀ ရက် နံနက် ၉ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မဟာသကျမာရဇိန်ကျောက်တော်ကြီးဘုရားမုခ်ဦးရှေ့တွင် ကျင်းပခဲ့သည်။ အခမ်းအနားတွင်မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာကော်မတီ နာယက ဒေါက်တာယုယုမေ၊ မဟာသကျမာရဇိန်ကျောက်တော်ကြီးဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ မဟာသီရိ သုဓမ္မမဏိဇောတဓရ ဒေါက်တာကျော်ဝင်း၊ မြန်မာ့သနပ်ခါး စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးကျော်မိုးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ရတနာပုံ တက္ကသိုလ်ကုန်ထုတ် ဓာတုဗေဒဌာန ပါမောက္ခ/ဌာနမှူး ဒေါက်တာနွယ်နွယ်အောင်က မြန်မာ့သနပ်ခါးအကြောင်းကိုရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာ ကော်မတီနာယကနှင့်အဖွဲ့သည် သနပ်ခါး ထွက်ရှိရာဒေသများဖြစ်သော ရေစကြိုမြို့နယ်ရှင်မတောင်၊ မြိုင်၊ ပခုက္ကူ၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာ၊ ရွှေဘို၊ အရာတော်မြို့နယ်ထွက် သနပ်ခါးများ၊ မြန်မာ့သနပ်ခါးရောင်းချသည့် ဒေါ်သီသနပ်ခါး၊ ရွှေပြည်နန်းသနပ်ခါး၊ ရွှေဘိုမင်းသမီးသနပ်ခါး၊ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းမှထုတ်လုပ်သည့် စပီရူလိုင်းနား ဆေးသနပ်ခါးထုတ်ကုန်ပစ္စည်းများ ရောင်းချနေမှုကို ကြည့်ရှုအားပေးခဲ့ကြသည်။

မြန်မာ့သနပ်ခါးအရောင်းပြပွဲနှင့်အတူ သနပ်ခါး အသွေး ပြိုင်ပွဲ၊ အလိမ်းပြိုင်ပွဲများ ထည့်သွင်းကျင်းပခဲ့ပြီး ပထမဆု ကျပ်သုံးသိန်း၊ ဒုတိယဆု ကျပ်နှစ်သိန်း၊ တတိယဆု ကျပ်တစ်သိန်းနှင့် နှစ်သိမ့်ဆုများချီးမြှင့်ခဲ့ရာ ပါဝင် ဆင်နွှဲသူများ၊ လေ့လာသူများဖြင့် စည်ကားလျက်ရှိပြီး မတ်လ ၃၁ ရက်အထိ သကြ်န်ယိမ်းအကအဖွဲ့များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# ပုသိမ်မြို့ မြို့တော်ခန်းမ၌ စားသောက်ကုန်ထုတ်လုပ်ရေးတွင် အစားအသောက် အခြေခံဘေးအန္တရာယ်ကင်းရှင်းရေး အသိပညာပေး သင်တန်းဖွင့်လှစ်

ပုသိမ်မြို့ မြို့တော်ခန်းမတွင် Fosta မြန်မာနှင့် USAID တို့မှ ပူးပေါင်း၍ ဧရာဝတီတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ပါဝင်လျက် စားသောက်ကုန် ထုတ်လုပ်ရေးတွင် အစားအသောက်အခြေခံ ဘေးအန္တရာယ်ကင်းရှင်းရေး အသိပညာပေး သင်တန်းဖွင့်ပွဲကို ဧပြီ ၂ ရက်နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့တိုင်းအဆင့်ဌာနဆိုင်ရာများ၊ Fosta မြန်မာနှင့် USAID မှ တာဝန်ရှိသူများ၊ သင်တန်းဆရာမများ၊ သင်တန်းတက်ရောက်မည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ အသင်းအဖွဲ့များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ စုစုပေါင်း ၁၀၁ ဦးခန့် တက်ရောက်ခဲ့သည်။

အဆိုပါသင်တန်းကို ဧပြီ ၂ ရက်မှ ၃ ရက်အထိ နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀ နာရီအထိ သင်ကြားပို့ချပေးခဲ့ပြီး စားသောက်ကုန်ထုတ်လုပ်ရေးတွင် အစားအသောက်အခြေခံဘေးအန္တရာယ်ကင်းရှင်းရေး အသိပညာပေးမှုနှင့် အာဟာရဆိုင်ရာ အခြေခံအသိပညာပေးသင်တန်းများ သင်ကြားပေးခဲ့ကြောင်း သိရသည်။

**ဧရာမြေ (ပုသိမ်)**

# အိန္ဒိယနိုင်ငံတွင် ကျင်းပမည့် India International Mega Trade Fair ပြပွဲများ

အိန္ဒိယနိုင်ငံ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုကော်မတီ၊ ပြပွဲကျင်းပရေးကော်မတီမှ တာဝန်ယူကြီးမှူး ကျင်းပမည့် India International Mega Trade Fair (IIMTF) ပြပွဲများကို အိန္ဒိယနိုင်ငံ၊ Delhi-NCR, Kolkata, Bhubaneswar & Visakhapatnam မြို့ကြီး (၄) မြို့တို့တွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။ IIMTF ပြပွဲများသည် အိန္ဒိယနိုင်ငံအစိုးရ၊ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ဦးဆောင်ကျင်းပသောပြပွဲများဖြစ်ပြီး ပြပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ ကုန်သွယ်မှုနှင့် စီးပွားရေးလုပ်ငန်းများကို မြှင့်တင်စေရန် ဖြစ်ပါသည်။

India International Mega Trade Fair (IIMTF) ပြပွဲကို အိန္ဒိယနိုင်ငံ Kolkata မြို့တွင် ယခင်နှစ်က နိုင်ငံပေါင်း ၁၇ နိုင်ငံ၊ ပြည်နယ် ၁၉ ခုတို့မှ လာရောက်ပြသပြီး လည်ပတ်သူ ၁၀ သိန်းခန့်ရှိ ကြောင်း၊ Bhubaneswar မြို့တွင် လာရောက်လည်ပတ်သူ ၈၇၀,၀၀၀ ခန့်ရှိကြောင်း၊ Visakhapatnam မြို့တွင် လာရောက်လည်ပတ်သူ ၇၅၀,၀၀၀ ခန့် ရှိခဲ့ပါသည်။

အိန္ဒိယနိုင်ငံတွင် ၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်တို့တွင် ကျင်းပမည့် အဆိုပါပြပွဲများ၏ ပြခန်းအကျယ်အဝန်း၊ ကျင်းပမည့်နေရာ/ရက်စွဲနှင့် ပြခန်းနှုန်းထားများမှာ အောက်ပါအတိုင်း ဖြစ်သည်-

| Name | Place | Date | Size of Stall | Rate |
|---|---|---|---|---|
| India International Mega Trade Fair (IIMTF) | India Expo Centre & Mart, Greater Noida Expressway, Delhi-NCR | 17th to 27th August, 2018 | 3M x 3M (9 Sq. Mt.) | US $. 2,000 +18% GST |
| India International Mega Trade Fair (IIMTF) | Science City , Kolkata, West Bengal | 14th to 25th December, 2018 | 3M x 3M (9 Sq. Mt.) | US $. 1,700 +18% GST |
| India International Mega Trade Fair (IIMTF) | JantaMaidan, Bhubaneswar, Odisha | 18th to 28th January, 2019 | 3M x 3M (9 Sq. Mt.) | US $. 1,300 +18% GST |
| India International Mega Trade Fair (IIMTF) | A.U Engineering Ground, Visakhapatnam, Andhra Pradesh | 15th to 25th February, 2019 | 3M x 3M (9 Sq. Mt.) | US $. 1,300 +18% GST |

အထက်ပါပြပွဲနှင့်ပတ်သက်၍ မြန်မာနိုင်ငံမှ သွားရောက်ပြသမည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ပြပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက Marketing Office: - G. S. Marketing Associates, 108/9, MonoharPukur Road. Kolkata – 700 026. Fax: 033-2465-9754. Mr. Prakash Shah's Mobile No. +91-9830331010, email:prakash.bengalchamber@gmail.com နှင့် Mr. Utpal Roy's mobile No. +91 7003178250/9433012988/9830080180 သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်းနှင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ နေပြည်တော်ဖုန်း ၀၆၇-၄၃၀၁၂၈၊ ၀၆၇-၄၃၀၄၄၇၊ Email: moctradefair@gmail.com ၊ ရန်ကုန်ဖုန်း ၀၁-၂၅၄၀၂၄၊ Email: itpic.moc@gmail.com နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သို့လည်း မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

**ဥမ္မာကြူ (ကုန်သွယ်ဖွံ့ဖြိုး)**

## နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

| | | |
|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | အီးမေးလ်- mmeu.tradehelpdesk@gmail.com |

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနဲခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

## (၇) နေ့ သားသမီးများအတွက်

### စီးပွားရေး အကြံပေး ဟောကိန်း

**၉-၄-၂၀၁၈ မှ ၁၅-၄-၂၀၁၈ ရက်နေ့ထိ**

**ဒေါ်မြတ်မြတ်အေး**
**(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)**



**တနင်္ဂနွေသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတွင် ဝင်ငွေထွက်ငွေမျှနေတတ်သည်။ ဆရာသမားများအရှိန်အဝါ မြင့်မားလာတတ်ပါသည်။ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်မှုကြောင့် ပညာရေးကောင်းနေမည်။ အချစ်ရေး၊ အိမ်ထောင်ရေးအဆင်ပြေပျော်ရွှင်မှုများရှိနေမည်။ ကျန်းမာရေးသတိရှိပါ။ ထိခိုက်ဒဏ်ရာရရှိခြင်း၊ အနာရောဂါထူပြောခြင်းတို့ဖြစ်နေတတ်ပါသည်။

**ယတြာ။ ။ကျောက်ကျောလှူပါ။**



**တနင်္လာသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတွင် ပုလဲရတနာ၊ ဖြူသောသတ္တု၊ နွားနို့တို့နှင့်ပတ်သက်သောလုပ်ငန်းစီးပွားရေးကောင်းမွန်ပါလိမ့်မည်။ နို့ဆီ၊ နို့ခဲလုပ်ကိုင်ပါက အကျိုးသက်ရောက်မှုပိုမိုများလိမ့်မည်။ သစ်သီးဝလံ၊ ပန်းမန်၊ ကောက်ပဲသီးနှံ လယ်ယာလုပ်ငန်းတို့နှင့်အကျိုးပေးအားကောင်းတတ်ပါသည်။ ပညာရေးကောင်းမွန်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးသင့်တင့်ကောင်းမွန်နေမည်။ ကျန်းမာရေးအနေဖြင့် အအေးမိသောရောဂါ၊ သလိပ်ရောဂါတို့ဖြစ်တတ်ပါသည်။

**ယတြာ။ ။ဆန္ဒွင်းမကင်းလှူပါ။**




**အင်္ဂါသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းတွင် ခဲတ်သတ္တုလုပ်ငန်း၊ စစ်မှုထမ်းလုပ်ငန်း၊ ရွှေတွင်းတူးသောလုပ်ငန်းများအထူးအောင်မြင်မှုရရှိပြီး အကျိုးခံစားရမည်ဖြစ်ပါသည်။ မြင့်မြတ်သောစိတ်ထား၊ လုံ့လဝီရိယကြောင့် ပညာရေးကောင်းမွန်မည်။ အချစ်ရေး၊ အိမ်ထောင်ရေး ဒေါသလျှော့၍နေခြင်းဖြင့် မိမိဆန္ဒပြည့်ဝမှုရှိလိမ့်မည်။ ကျန်းမာရေးတွင် သည်းခြေလွန်ကဲခြင်း၊ ခါး၊ ဒူးတို့နှင့်ပတ်သက်သောနာကျင်ကိုက်ခဲသည့်ဝေဒနာခံစားရတတ်ပါသည်။ **ယတြာ။ ။မုန့်လက်ဆောင်းလှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတွင် အနုပညာဆိုင်ရာလုပ်ငန်းများ၊ သတင်း၊ အယ်ဒီတာစာပေရေးသားခြင်း၊ ထုတ်ဝေခြင်းလုပ်ငန်းများအောင်မြင်ဖြစ်ထွန်းပြီး ထင်ပေါ်ကျော်စောမှုရှိတတ်ပါသည်။ ဉာဏ်ထူးချွန်ထက်မြက်ခြင်းကြောင့် ပညာရေးကောင်းမွန်မည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင်ဝေခွဲမရဖြစ်နေတတ်သည်။ ကျန်းမာရေးအနေဖြင့် မျက်စိ၊ နား၊ နှာခေါင်း၊ အရေပြားအထူးအပါး၌ဖြစ်သောရောဂါတို့ဖြစ်တတ်ပါသည်။

**ယတြာ။ ။ကောက်ညှင်းနှင့်ပြုလုပ်သောမုန့်လှူပါ။**



**ကြာသပတေးသားသမီးများအတွက်** အကြီးအကဲတို့၏ချစ်ခင်မြတ်နိုးမြှောက်စားခြင်းကြောင့်ထင်ပေါ်ကျော်စောမှုအရှိန်အဟုန်မြင့်မားမည်။ ငွေချေးခြင်း၊ ဘဏ်လုပ်ငန်းတို့တွင်ကျယ်၍စီးပွားဖြစ်ထွန်းနိုင်ပါသည်။ ပညာရေးကောင်းသည်။ ပညာရှိဖြစ်မည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင်သစ္စာ၊ သီလ၊ သမာဓိရှိသူနှင့်ကြုံဆုံမည်။ ကျန်းမာရေးအနေဖြင့် မူးဝေသောရောဂါ၊ အူကျခြင်း၊ အူထုံးသောရောဂါ၊ အစိုးရိမ်လွန်၍ဖြစ်သောရောဂါ၊ မေ့တတ်သောရောဂါတို့ဖြစ်တတ်ပါသည်။

**ယတြာ။ ။ခေါက်ဆွဲကြော်လှူပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေးတွင် လက်ဝတ်ရတနာပစ္စည်းရောင်းဝယ်ခြင်း၊ ရေမွှေး၊ နံ့သာပန်းမန်များရောင်းဝယ်ဖောက်ကားခြင်းဖြင့် စီးပွားဖြစ်ထွန်းမှုအားကောင်းလိမ့်မည်။ ဉာဏ်ရည်ဉာဏ်သွေးကောင်း၍ ပညာရှိဖြစ်မည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် ပျော်ရွှင်ချမ်းမြေ့မှုရှိနေမည်။ ကျန်းမာရေးအနေဖြင့် အင်အားချိနဲ့၍ပျော့သောရောဂါ၊ သွေးအားနည်းရောဂါတို့ဖြစ်တတ်ပါသည်။

**ယတြာ။ ။ သစ်တော်သီးလှူပါ။**



**စနေသားသမီးများအတွက်** စီးပွားရေးတွင်တိုင်းရင်းဆေးကုသခြင်း၊ ဘယဆေးပစ္စည်းရောင်းဝယ်ခြင်းလုပ်ငန်းများအထူးကောင်းမွန်ပါသည်။ စီးပွားဖြစ်ထွန်းပြီး ဝင်ငွေအားကောင်းလိမ့်မည်။ ပညာရေးကောင်းမွန်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် မျှော်လင့်ခြင်းဝေးကွာနေတတ်သည်။ ဘာသာရေးကောင်းမွန်နေမည်။ ကျန်းမာရေးတွင် လေ၊ သလိပ်ရောဂါ၊ ပင်ပန်းမောဟိုက်ရောဂါ၊ ခြေလက်တို့၌စူးရှထိခိုက်ခြင်းတို့ကို သတိရှိသင့်ပါသည်။

**ယတြာ။ ။ မည်သည့်ဘုရားပရဝုဏ်တွင်မဆို သန့်ရှင်းရေးပြုလုပ်ပေးပါ။**

# ရန်ကုန်အရှေ့ပိုင်းခရိုင် ဦးစီးမှူးရုံးမှ တာမွေမြို့နယ် ကျောက်မြောင်းဈေးတွင် အသိပညာပေး ဟောပြောခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်း လုပ်ငန်းများ ဆောင်ရွက်



စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းခရိုင် ဦးစီးမှူးရုံးသည် စားသုံးသူပြည်သူများ ဘေးဥပဒ် အန္တရာယ်ကင်းရှင်းရေးနှင့် ထုတ်ကုန်များ လုံခြုံစိတ်ချမှုရှိစေရေးအတွက် အသိပညာပေးဟောပြောခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်း လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာတွင် ဧပြီ ၄ ရက်၌ တာမွေမြို့နယ် (ကျောက်မြောင်းဈေး) တွင် အသိပညာ ပေး ဟောပြောခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်းများလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

အဆိုပါ အသိပညာပေး ဟောပြောပွဲသို့ တာမွေမြို့နယ် အထွေထွေအုပ်ချုပ်ရေးရုံးမှ ဝန်ထမ်းများနှင့် ဈေးသူ/ဈေးသား ၅၂ ဦးခန့် တက်ရောက်ခဲ့ပြီး အရှေ့ပိုင်းခရိုင်ဦးစီးမှူးရုံးမှ စာရင်းကိုင် (၃) ဦးမောင်မောင်သောင်းက စားသုံးသူများ၏ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေး လုပ်ငန်းရှင်များ၏ ကျင့်ဝတ်သိက္ခာများ၊ အိမ်သုံးဆေးဝါးများ ဝယ်ယူအသုံးပြုရာတွင် အထူးဂရုပြုလိုက်နာသင့်သော အချက်များ၊ social media များမှ ရောင်းချနေသော ထုတ်ကုန်များ၏ လုံခြုံစိတ်ချရမှု အားနည်းချက်များ၊ (Multi Level Marketing) ဆင့်ပွားကွန်ရက်ချိတ်ဆက် စီးပွားရေးစနစ်အပေါ် စားသုံးသူပြည်သူများ စဉ်းစားချင့်ချိန်၍ ရွေးချယ်သင့်ကြောင်း၊ စားသုံးသူများ၏ အကျိုးစီးပွားကို ပိုမို ကာကွယ်ပေးနိုင်မည့် စားသုံးသူအကာ အကွယ်ပေးရေးဥပဒေ (မူကြမ်း) အသစ်ကိုလည်း ပြည်သူသို့ချပြခဲ့ပြီး အတည်ပြု ပြဌာန်းနိုင်ရေးအတွက် လွှတ်တော်အဆင့်ဆင့်သို့ တင်ပြထားပြီးဖြစ်ကြောင်း၊ မကြာခင် ရောက်ရှိတော့မည့် သင်္ကြန်ကာလတွင်လည်း ခရီးသွား ဝန်ဆောင်မှုများ၌ ပြည်သူများနစ်နာမှု မရှိစေရန် အထူးကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကုန်စည်နှင့် ဝန်ဆောင်မှုများကို ဝယ်ယူအသုံးပြုရာတွင် စားသုံးသူပြည်သူများ နစ်နာမှုရှိခဲ့လျှင် တိုင်ကြားနိုင်သည့် စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံ ဆောင်ရွက်ရေးစင်တာ (CICC) ရုံးခန်း ဖွင့်လှစ်ထားရှိမှုအခြေအနေ၊ တိုင်ကြားနိုင်သည့် နည်းလမ်းများနှင့် လိုအပ်သော သက်သေ အထောက်အထားများကို ဟောပြောခဲ့သည်။

ဆက်လက်ပြီး ဒေါ်အေးအေးမော်က ပညာပေးဟောပြောရာတွင် ပိုးသတ်ဆေး ဓာတ်ကြွင်းဓာတ်ကျန်များ၏ အန္တရာယ်များ၊ ဖော်မလင်၏ ဆိုးကျိုးများ၊ ယင်မနား ဆေးအသုံးပြုထားသော အစားအသောက် များကို မည်ကဲ့သို့ ဂရုပြုဆင်ခြင်စားသုံးသင့်ကြောင်း၊ ဈေးသူ/ဈေးသားများအနေဖြင့်လည်း ထုတ်ကုန်များအား တစ်ဆင့်ပြန်လည်ဖြန့်ဖြူးရောင်းချရာတွင် မူရင်းထုတ်လုပ်ဖြန့်ဖြူးသူများ၏ နေရပ်လိပ်စာများကို တောင်းယူထားခြင်းအားဖြင့် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းအပေါ် အကူအညီပေးရာရောက်ကြောင်း အသိပညာပေး ဟောပြောခဲ့သည်။

ဟောပြောပွဲအပြီးတွင် အရှေ့ပိုင်း ခရိုင်ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် ဈေးအတွင်းကျန်းမာရေးနှင့် ဆေးဝါးကွပ်ကဲရေးဌာနမှ ပိတ်ပင်ထားသော အစားအသောက်နှင့် လူသုံးကုန်များ၊ သက်တမ်းလွန်စားသောက်ကုန်များ ဖြန့်ဖြူးရောင်းချခြင်း ရှိ/မရှိ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။

**ဖြိုးသီဟ**

# မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနတွင် သိမ်းဆည်းစားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများ ဖျက်ဆီးခြင်းအခမ်းအနား ကျင်းပ

မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနတွင် တိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ ဧပြီလ ၅ ရက်က ဈေးကွက်အတွင်းမှ သိမ်းဆည်းရရှိခဲ့သော သက်တမ်းလွန်မုန့်များ၊ အချိုရည်ဗူးများ၊ မှိုတက်မုန့်များ၊ ခွင့်မပြုဆိုးဆေးများ သုံးစွဲထားသော ချိုချဉ်များ၊ သက်တမ်းလွန်ခေါက်ဆွဲခြောက်ထုပ်များ၊ ကျန်းမာရေး ဝန်ကြီးဌာနမှ စားသုံးရန်မသင့် ထုတ်ပြန်ထားသော အစားအသောက်များ ဖျက်ဆီးခြင်း အခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ရာ အဆိုပါ အခမ်းအနားသို့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေး ဝန်ကြီး ဦးဇော်မင်း၊ တိုင်းဒေသကြီးစားသုံးသူအငြင်းပွားမှုဖြေရှင်းရေး အဖွဲ့ဝင်များ၊ ထုတ်လုံကော်မတီအဖွဲ့ဝင်များ၊ မကွေးခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးနိုင်နှင့် ခရိုင်အငြင်းပွားမှုအဖွဲ့ဝင်များ၊ မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ တိုင်းဦးစီးမှူးနှင့် ဝန်ထမ်းများ၊ သတင်းမီဒီယာသမားများ၊ လက္ကားဖြန့်ဖြူးရောင်းချသူများ၊ သိမ်းဆည်းခံရသည့် လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။

ဤကဲ့သို့ သက်တမ်းလွန် သိမ်းဆည်းပစ္စည်းများ ဖျက်ဆီးခြင်းနှင့် စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်မင်းက ယခုကဲ့သို့ သက်တမ်းလွန်မုန့်များ ဖျက်ဆီးရသည်မှာ အဓိကအားဖြင့် ကလေးသူငယ်များအတွက် ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ အနာဂတ်သားကောင်းရတနာများ၊ ကျန်းမာကြံ့ခိုင်သော လူငယ်များဖြစ်ပေါ်လာစေရေးအတွက် စားသောက်နေထိုင်မှုပုံစံသည် အရေးကြီးသဖြင့် မိမိတို့မှ ဝိုင်းဝန်း လုပ်ဆောင်ပေးရန်လိုအပ်ကြောင်း၊ ဈေးကွက်အတွင်းတွင် အများဆုံးတွေ့ရှိရသော အချိုရည်များမှာ ကျန်းမာရေးနှင့် ညီညွတ်မှုမရှိသည့်အတွက် ကလေးသူငယ်များ အန္တရာယ်ဖြစ်စေနိုင်သော သက်တမ်းလွန်မုန့်များ၊ အချိုရည်များအား အဓိကထား သိမ်းဆည်းသွားမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်စွာဝင်းက သက်တမ်းလွန်စားသောက်ကုန်များ ဖျက်ဆီးသည့် အခမ်းအနားမှာ မကွေးမြို့တွင် (၂) ကြိမ်၊ ပခုက္ကူတွင်(၁)ကြိမ်၊ ဂန့်ဂေါတွင် (၁)ကြိမ်၊ စုစုပေါင်း(၄)ကြိမ် ဆောင်ရွက်ပြီး ဖြစ်ပါကြောင်း၊ ရှေ့ဆက်၍လည်း တိုင်းဒေသကြီးစားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဆုံးဖြတ်ချက်ဖြင့် ခရိုင်များမှ သိမ်းဆည်းရရှိသည့် သက်တမ်းလွန် စားသောက်ကုန်များအား ဖျက်ဆီးသည့် အခမ်းအနားများကို ကျင်းပပြုလုပ်သွားမည် ဖြစ်ကြောင်း၊ ယခုသိမ်းဆည်းသည့် ပစ္စည်းများတန်ဖိုးမှာ ကျပ်ငါးသိန်းခြောက်သောင်း ခြောက်ထောင်လေးရာ့ရှစ်ဆယ် ဖြစ်ပါကြောင်း၊ ယခုအချိန်ထိ သိမ်းဆည်းသည့်ပစ္စည်းများတန်ဖိုးမှာ ကျပ် ၁၇၀၃၆၉၅ ခန့်ရှိပါကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော တိုင်းအငြင်းပွားဖြေရှင်းရေးအဖွဲ့ဝင်များ၊ ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များ၊ သတင်းမီဒီယာများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ဝန်ထမ်းများမှ သိမ်းဆည်းခဲ့သည့် သက်တမ်းလွန်ပစ္စည်းများအား စုပေါင်း ဖျက်ဆီးခဲ့ကြကြောင်း သတင်းရရှိပါသည်။

**စန္ဒာစိုးလွင် (မကွေး)**

# တောရိုင်းတိရစ္ဆာန်ထွက်ပစ္စည်းများ တရားမဝင်ရောင်းဝယ်ဖောက်ကားမှု ရပ်တန့်ရေးအတွက် အခမဲ့ဂီတ ပွဲတော် ကျင်းပ

တောရိုင်းတိရစ္ဆာန်ထွက်ပစ္စည်းများ တရားမဝင်ရောင်းဝယ်ဖောက်ကားမှု ရပ်တန့်ရန်တောင်းဆိုသည့် လူထုလှုပ်ရှားမှုကမ်ပိန်းကို ထောက်ခံသည့်အနေ ဖြင့် နာမည်ကျော် ပြည်တွင်းအနုပညာရှင်များ ပါဝင်သည့် အခမဲ့ဂီတပွဲတော်ကို ဧပြီလ ၇ ရက်နေ့ ညနေ ၅ နာရီ မှ ၉ နာရီထိ မဟာဗန္ဓုလပန်းခြံတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပွဲကို မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံရုံးနှင့်ပူးပေါင်း၍ ပထမဆုံး အကြိမ် ကျင်းပပြုလုပ်ခြင်းဖြစ်ပြီး နာမည်ကျော်အဆိုတော်များဖြစ်သည့် ဘန်နီဖြိုး၊ ချြူးစစ်ဟန်၊ အိုင်ရင်းဇင်မာမြင့်၊ ပန်းရောင်ခြယ်၊ ဝိုင်းလေး၊ ဖွဲ့ပြည့်နှင့် အခြားသော အနုပညာရှင်များ ပါဝင်ဖျော်ဖြေခဲ့သည်။

မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံ သံအမတ်ကြီး HE Mr. Peter Lysholt Hansen က "ဒီဂီတပွဲတော်ကနေ မြန်မာနိုင်ငံသာမက နိုင်ငံအများအပြားမှာပါ ရင်ဆိုင်ကြုံတွေ့နေရတဲ့ တောရိုင်းတိရစ္ဆာန်ထွက်ပစ္စည်းများ တရားမဝင် ရောင်းဝယ်ဖောက်ကားနေကြတဲ့ ဖြစ်ရပ်ဆိုးကြီးတစ်ခုကို မီးမောင်းထိုးပြနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ တောရိုင်းတိရစ္ဆာန်ထွက်ပစ္စည်းများ တရားမဝင်ကုန်သွယ်မှုတွေ ပပျောက်အောင် လုပ်ဆောင်ဖို့ဆိုတာ ကျွန်တော်တို့အားလုံးမှာတာဝန်ရှိပါတယ်။



တကယ်လို့သာ ဒါတွေဆက်ရှိနေမယ်ဆိုရင် တောရိုင်းတိရစ္ဆာန်တွေရဲ့ အနာဂတ်ဟာ မတွေးဝံ့စရာပါပဲ။ ဒီအဖြစ်တွေအတွက် အပြီးသတ် နှိမ်နင်းနိုင်အောင် ခိုင်မာတဲ့ ဥပဒေတစ်ခု ပြဋ္ဌာန်းပေးဖို့ကိုလည်း တိုက်တွန်းလိုပါတယ်"ဟု ပြောခဲ့သည်။

တောရိုင်းတိရစ္ဆာန်ထွက်ပစ္စည်းများ တရားမဝင်ကုန်သွယ်မှုရပ်တန့်ရေး လူထုလှုပ်ရှားမှုကမ်ပိန်းကို ၂၀၁၇ ခုနှစ်တွင် စတင်ခဲ့ခြင်းဖြစ်ပြီး ယခုပြုလုပ်ပွဲသည် ကမ်ပိန်း၏ နောက်ဆုံးပွဲဖြစ်ကြောင်း သိရသည်။

# မြန်မာနှစ်သစ်ကူးကာလအတွင်း ယာဉ်အန္တရာယ်ကင်းရှင်းရေး လုပ်ငန်းများကို BRAND'S Gen-U မှ လုပ်ဆောင်သွားမည်

မြန်မာနှစ်သစ်ကူးကာလအတွင်း ယာဉ်အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများကို BRAND'S Gen-U မှ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

"BRAND'S အနေနဲ့ မြန်မာနိုင်ငံ ယာဉ်အန္တရာယ် ကာကွယ်ထိန်းသိမ်းရေးအဖွဲ့နဲ့ပူးပေါင်းပြီး ယာဉ်အန္တရာယ်ကာကွယ်ရေး လက်ကမ်းစာစောင်တွေ ဖြန့်ဝေတာ၊ သတိပေးစတေကာကပ်တာတွေ ပြုလုပ်နေပါတယ်။ အထူးသဖြင့် အခုလိုသင်္ကြန်ကာလ အားလပ်ရက်မှာ ခရီးသွားတဲ့အခါ မတော်တဆအိပ်ငိုက်ပြီး ယာဉ်အန္တရာယ်ဖြစ်မှာမျိုး မစိုးရိမ်ရအောင် BRAND'S ရဲ့ထုတ်ကုန် Gen-U နဲ့ မိတ်ဆက်ရင်း ယာဉ်အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများကို လုပ်ဆောင်ပေးနေတာပါ။ ကဖင်းဓာတ်မပါဘဲ လန်းဆန်းစေတဲ့အတွက် ခရီးဝေးသွားရတဲ့သူတွေအတွက် သင့်တော်ပါတယ်"ဟု PAHTAMA Group ၏ Business Development Manager ဒေါ်မိုမိုဖုန်းမော်က ပြောသည်။

မြန်မာနိုင်ငံ၏ ထိပ်တန်းအားဖြည့်စာ ကုမ္ပဏီဖြစ်သည့် BRAND'S Suntory သည် ထုတ်ကုန်သစ်ဖြစ်သည့် BRAND'S Gen-U ကို စျေးကွက်အတွင်း မိတ်




ဆက်ပေးခဲ့ပြီး အ ရည်အသွေးမြင့် အမေရိကန်ဂျင်စင်းနှင့် ကိုရီးယားဂျင်စင်းတို့ကို အချိုးညီစွာ ပေါင်းစပ်၍ ဗီတာမင် B Complex ကို ထည့်သွင်းဖော်စပ်ထားသည့်အတွက် စိတ်ဖိစီးမှုကို လျှော့ချပေးနိုင်သည့်အပြင် အားအင်ပြန်လည်ပြည့်ဖြိုးစေကြောင်း သိရသည်။

# နောက်ဆုံးပေါ်နည်းပညာဖြင့် ဖန်တီးထားသည့် ထွက်တိုး (Htwet Toe) အက်ပလီကေးရှင်းသစ် မိတ်ဆက်

နောက်ဆုံးပေါ် နည်းပညာဖြင့် ဖန်တီးထားသည့် ထွက်တိုး(Htwet Toe) မိုဘိုင်းအက်ပလီကေးရှင်းသစ်ကို တောင်သူများအတွက် Village Link ကုမ္ပဏီမှ မိတ်ဆက်လိုက်ပြီဖြစ်သည်။

အဆိုပါ အက်ပလီကေးရှင်းကို တောင်သူများနှင့် စိုက်ပျိုးရေးပညာရှင်များ တစ်ချိန်တည်း၊ တစ်နေရာတည်းတွင်တွေ့ဆုံ၍ စိုက်ပျိုးရေးနှင့်ပတ်သတ်သည့် အကြောင်းအရာများ၊ အကြံဉာဏ်များ ဆက်သွယ်မေးမြန်းနိုင်စေရန် ရည်ရွယ်၍ လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

"ဒီအက်ပလီကေးရှင်းကို အသုံးပြုတဲ့အတွက် အက်ပ်ကတစ်ဆင့် အသုံးပြုနေတဲ့နေရာရဲ့ သုံးကီလိုမီတာအတွင်းက ရာသီဥတုသတင်းအချက်အလက်ကိုသိနိုင်မယ်။ အဲဒီအတွက် ကြိုတင်ပြင်ဆင်မှုတွေလုပ်နိုင်မယ်။ နောက်ပိုင်းမှာ စိုက်ပျိုးချိန်နဲ့ ရာသီဥတုကို ချိန်ပြီး အထွက်နှုန်းတွေ မှန်းနိုင်မယ်ဆိုရင် တောင်သူတွေလည်း ရွေးချယ်စိုက်ပျိုးနိုင်သလို ဆုံးရှုံးမှုတွေလည်း နည်းသွားနိုင်မှာပါ"ဟု မြန်မာ့ဩဘာအုပ်စု၏ တည်ထောင်သူ ဦးသတိုးဟိန်းက ပြောသည်။

ထွက်တိုးအက်ပလီကေးရှင်း၏ Beta Version ကို ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလကတည်းက လုပ်ဆောင်ထားခြင်းဖြစ်ပြီး လက်ရှိတွင်အသုံးပြုသူ ဦးရေ ၂ သောင်း နီးပါးရှိပြီဖြစ်ကြောင်း၊ Village Link အနေဖြင့်လည်း တောင်သူများ၏ နေထိုင်မှုပုံစံမြှင့်တင်နိုင်ရန်အတွက် နောက်ဆုံးပေါ် နည်းပညာများ ဖြည့်သွင်းရန်စီစဉ်နေသလို App မှတစ်ဆင့် ကုန်စည်စီးဆင်းမှုများ ပြုလုပ်နိုင်ရန် အတွက်လည်း လုပ်ဆောင်နေကြောင်း သိရသည်။

# The Pizza Company ၏ ဆိုင်ခွဲ ငါးဆိုင်ကို သင်္ကြန်ကာလအတွင်း ဖွင့်လှစ်ပေးသွားမည်

The Pizza Company ၏ ဆိုင်ခွဲငါးဆိုင်ကို သင်္ကြန်ကာလအတွင်း ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ ဖွင့်လှစ်ပေးရခြင်းမှာ သင်္ကြန်ကာအတွင်း၌ စားသုံးသူများ အဆင်ပြေစေရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ပြီး မန္တလေးဆိုင်ခွဲတစ်ဆိုင်နှင့် ရန်ကုန်မြို့ဆိုင်ခွဲ လေးဆိုင်တို့ကို ဖွင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

"သင်္ကြန်တွင်းမှာ ဆိုင်ခွဲငါးဆိုင်ဖွင့် ပေးသွားမှာဖြစ်သလို သင်္ကြန်အတွက်လည်း သီးသန့် Menu စီစဉ်နေပါတယ်။ အဲဒါကိုလည်း ထပ်ပြီးကြေညာသွားမှာပါ။ ဧပြီ ၃ ရက်ကစပြီးတော့ The Pizza Company ရဲ့ ရှစ်ဆိုင် မြောက်ဆိုင်ခွဲ စဖွင့်လှစ်တာပါ။ The Pizza Company အနေနဲ့ ဆိုင်ခွဲမရှိသေးတဲ့ မြို့ကြီးဆိုတဲ့နေရာမှာလည်း ဖွင့်ပေးသွားဖို့ရှိပါတယ်။ မြန်မာလူမျိုးတွေအကြိုက်ဖြစ်စေမယ့် အရသာတွေ ကို ကြိုးစားလုပ်ဆောင်နေပါတယ်"ဟု The Pizza Company မှ ဒေါ်စန္ဒီအောင်က ပြောသည်။

The Pizza Company အနေ ဖြင့် ရှစ်မိုင်ဆိုင်ခွဲကို ဧပြီ ၃ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး သင်္ကြန်ကာလအတွင်းတွင်လည်း ဗိုလ်ချုပ်စျေး၊ Myanmar Culture Valley၊ Junction Square၊ ရှစ်မိုင်ဆိုင်ခွဲနှင့် မန္တလေးဆိုင်ခွဲတို့ကို ဖွင့်လှစ်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။




# Ookla မှ ပေးအပ်သည့် မြန်မာ့အမြန်ဆုံး အင်တာနက်ဆု တယ်လီနောမှ ရရှိ

အင်တာနက်မြန်နှုန်း တိုင်းတာသည့် ကမ္ဘာ့ဦးဆောင် အဖွဲ့အစည်းတစ်ခုဖြစ်သော Ookla ၏ အမြန်ဆုံး အင်တာနက်ဆုကို မြန်မာနိုင်ငံတွင် ဝန်ဆောင်မှုပေးနေသည့် တယ်လီနောမှ ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါဆုမှာ ၂၀၁၇ ခုနှစ်အတွင်း ဝန်ဆောင်မှုများပေးအပ်ချိန်တွင် ကွန်ရက်များ၏ အရည်အသွေးကို တိုင်းတာသည့် အဓိကနှိုင်းယှဉ်စစ်ဆေးချက် ရလဒ်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ တယ်လီနောသုံးစွဲသူတွေကို အမြန်ဆုံး အင်တာနက်နှုန်းတွေနဲ့ ဝန်ဆောင်မှုပေးနေတယ်ဆိုတာကို Ookla ရဲ့ Speedtest ကနေ အသိအမှတ်ပြုတဲ့အတွက် ဝမ်းမြောက်မိပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း တယ်လီနောသုံးစွဲသူတွေ အမြန်ဆုံး အင်တာနက်နှုန်းကို နှစ်သက်သုံးစွဲနေကြတယ်ဆိုတဲ့ အတည်ပြုမှုကို ရရှိတဲ့အတွက် ကြည်နူးမိပါတယ်။ တယ်လီနောအနေနဲ့ သုံးစွဲသူတွေအတွက် အကောင်းဆုံးကွန်ရက်တည်ဆောက်ပေးဖို့ဆိုတဲ့ ကတိကဝတ်ကို ဆက်လက်ဖြည့်ဆည်းပေးမှာဖြစ်သလို ရင်းနှီးမြှုပ်နှံမှုတွေကိုလည်း ဆတိုး ဆောင်ရွက်နေပါတယ်"ဟု တယ်လီနော၏ အမှုဆောင်အရာရှိချုပ် Lars Erik Tellmann ကပြောသည်။

အမြန်ဆုံးကွန်ရက်ကို တိုင်းတာသည့် Ookla သည် ၂၀၁၇ ခုနှစ်၏ တတိယနှင့် စတုတ္ထသုံးလပတ် ကာလများအတွင်း ရရှိသောအချက်အလက်များအရ အခြား ဝန်ဆောင်မှုပေးအပ်နေသည့် ကုမ္ပဏီများထက် တယ်လီနောက သုံးစွဲသူကို ပိုမိုလျင်မြန်သော ပျမ်းမျှ အမြန်နှုန်းကို ပေးအပ်လျက်ရှိကြောင်း တွေ့ရှိခဲ့သည်ဟု သိရသည်။

ထို့အပြင် တယ်လီနောအနေဖြင့် ပြီးခဲ့သည့်နှစ်ကုန်ပိုင်းတွင် ကွန်ရက် အရည်အသွေးပိုမိုကောင်းမွန်ရန်နှင့် အဆောက်အအုံ အတွင်းပိုင်းများအထိ ကွန်ရက် ရရှိ အသုံးပြုနိုင်စေရေး အတွက် ထပ်ဆောင်းလှိုင်းနှုန်းစဉ်များ ဆောင်ရွက်နိုင်ရန် အမေရိကန် ဒေါ်လာ သန်း ၁၆၀ ကိုထပ်မံ ရင်းနှီးမြှုပ်နှံခဲ့ကြောင်း သိရသည်။

ချောစု စုစည်းသည်

# Ducati မော်တော်ဆိုင်ကယ်အရောင်းပြခန်း ပြည်တွင်းတွင် စတင်ဖွင့်လှစ်

Yoma Strategic Holdings Ltd ၏ လက်အောက်ခံ ကုမ္ပဏီဖြစ်သည့် SGG Motor Services Ltd. မှ မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော Ducati မော်တော်ဆိုင်ကယ် အရောင်းပြခန်းနှင့် ဝန်ဆောင်မှုစင်တာကို မန္တလေးမြို့၊ ၃၅ လမ်း (၆၅ လမ်းနှင့် ၆၆ လမ်းကြား) တွင် ၂၀၁၈ ခုနှစ် ဧပြီလဆန်းမှ စတင်ကာ ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း သတင်းရရှိသည်။






ယခု အရောင်းပြခန်းနှင့် ဝန်ဆောင်မှုစင်တာ ဖွင့်လှစ်လိုက်ခြင်းကြောင့် Ducati ၏ အထင်ကရ နာမည်ကြီး မော်ဒယ်များဖြစ်သည့် Monster၊ Panigale V4 နှင့် Ducati Scrambler များကိုလည်း ပြည်တွင်းတွင် အရစ်ကျ ငွေပေးချေမှုစနစ်ဖြင့် ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

Yoma Strategic မော်တော်ယာဉ် လုပ်ငန်း၏ မန်နေးဂျင်းဒါရိုက်တာ ဖြစ်သူ Michael Rudenmark က "ကမ္ဘာ့အကောင်းဆုံး မော်တော်ဆိုင်ကယ် အမျိုးအစားတွေထဲက တစ်ခုဖြစ်တဲ့ Ducati ကို ဝယ်ယူသုံးစွဲသူများအတွက် စိတ်လှုပ်ရှားဖွယ်ကောင်းတဲ့ နောက်ဆုံးပေါ် မော်ဒယ်များနှင့်အတူ မြန်မာနိုင်ငံမော်တော်ဆိုင်ကယ်ဈေးကွက်တွင်း စောဦးစွာ ဝင်ရောက်လာမှုကြောင့် ကျွန်တော်တို့ရဲ့ အဆင့်မြင့်မော်တော်ဆိုင်ကယ်များဈေးကွက်ရရှိလာဖို့ အခွင့်အလမ်းများစွာရှိနေပါတယ်။ ကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်က အီတလီနိုင်ငံထုတ် Ducati မော်တော်ဆိုင်ကယ် စီးနင်းရတဲ့ အတွေ့အကြုံနှင့် နောက်ဆုံးပေါ် ဆိုင်ကယ်မော်ဒယ်များကို ပြည်တွင်းက ဆိုင်ကယ်ချစ်သူများ မျှဝေခံစားနိုင်ဖို့ပါ" ဟု ပြောကြားသည်။

မကြာမီကျင်းပရန် စီစဉ်ထားသည့် "Ducati Riding Experience" မိတ်ဆက်ပွဲများတွင်လည်း Ducati မော်ဆိုင်ကယ်များကို စီးနင်းပုံနှင့် ပြင်ဆင်ထိန်းသိမ်းနည်းစနစ်များကို နိုင်ငံတကာ အဆင့်မီသင်ကြားပို့ချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

SGG Motor Services Ltd သည် Ducati ၏ မြန်မာနိုင်ငံ ဖြန့်ချိရေး ကိုယ်စားလှယ်ဖြစ်ပြီး ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလမှ စတင်ကာ မော်တော်ဆိုင်ကယ်များကိုတင်သွင်းရောင်းချလျက်ရှိကြောင်း သိရသည်။

# အူရီဒူး M-ပိုက်ဆံသုံးစွဲသူများ ဒစ်ဂျစ်တယ်ကူပွန်နှင့် E-Commerce ငွေပေးချေမှုစနစ်ကိုစတင် သုံးစွဲနိုင်

အူရီဒူးM-ပိုက်ဆံသုံးစွဲသူများအနေဖြင့် ဒစ်ဂျစ်တယ်ကူပွန်နှင့် E-Commerce ငွေပေးချေမှုစနစ်ကို စတင်သုံးစွဲနိုင်ပြီဖြစ်ကြောင်း အူရီဒူးမြန်မာမှ ဧပြီ ၄ ရက်တွင် သိရသည်။

M-ပိုက်ဆံသုံးစွဲသူများသည် ယခုအခါ ဒစ်ဂျစ်တယ်ကူပွန်ဖြင့် Google Play Store (သို့မဟုတ်) Apple i-Tune တို့မှ တေးသီချင်းများ၊ ဂိမ်းများနှင့် အက်ပလီကေးရှင်းများ၊ Steam Community အတွက် ဂိမ်းကစားရန် Coins များ၊ Viber စတေကာ များနှင့် လိုင်းဖုန်းများ၊ Viber ရယူထားခြင်း မရှိသော ဖုန်းများသို့ ဖုန်းခေါ် ဆိုရန်အတွက် VOIP Prepaid e Top-up၊ EasyPoint မှ ရယူနိုင်သော ဂိမ်းများ၊ အက်ပလီကေးရှင်းများကို စာရင်းသွင်း ရယူမှုပြုလုပ်နိုင်မည်ဖြစ်ကြောင်း သိရ သည်။

E-Commerce တွင်လည်း မြန်မာအမျိုးသားလေကြောင်းလိုင်းနှင့် Nok Air တို့မှ လေယာဉ်လက်မှတ်ဝယ်ယူခြင်း၊ Flymya.com တွင်ရရှိနိုင်သည့် လေယာဉ်လက်မှတ်များနှင့် အဝေးပြေးကားလက်မှတ်များကို ဝယ်ယူခြင်း M-ပိုက်ဆံကိုအသုံးပြုနိုင်ပြီဖြစ်ကြောင်း၊ SG Shop Myanmar၊ Myan Pwel နှင့် 123 Payment Service တို့တွင် အွန်လိုင်းဈေးဝယ်ခြင်းကိုလည်း ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံရဲ့ ငွေသားအခြေခံ ဆောင်ရွက်နေတဲ့ စီးပွားရေးစနစ်ကနေ လွယ်ကူလျင်မြန်လုံခြုံစိတ်ချရတဲ့ ဒစ်ဂျစ်တယ်ပိုက်ဆံဝန်ဆောင်မှုစနစ်အသစ်ကို ခေတ်နဲ့အညီ ဖန်တီးပေးလိုပါတယ်။ ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံရဲ့ ငွေပေးချေမှုနဲ့ ဘဏ္ဍာရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုပုံစံကို M-ပိုက်ဆံဝန်ဆောင်မှုနဲ့ ပြောင်းလဲဖော်ဆောင်ပေးနေပါတယ်"ဟု အူရီဒူးမြန်မာ၏ Chief M-Commerce Officer ဖြစ်သူ Mr.Jacques Voogt က ပြောသည်။

ထို့ပြင် အူရီဒူးမြန်မာသည် အတာသင်္ကြန်ကာလအတွင်း ဒေတာလိုက်ပွဲအစီအစဉ်ကိုဝယ်ယူပါက ဒေတာအပိုလက်ဆောင်အပြင် အူရီဒူးဖုန်းအချင်းချင်းခေါ် ဆိုနိုင်သည့် မိနစ်လက်ဆောင်ပါရရှိသည့်အစီအစဉ်ကို ပြုလုပ်ထားပြီး ဒေတာလိုက်ပွဲဒေတာအစီအစဉ်နှင့် ဒေတာလက်ဆောင်အတွက် အသုံးပြုနိုင်သည့်ကာလမှာ မပြောင်းလဲကြောင်း သိရသည်။

■

# The Peninsula Residences Yangon ရှိ အဆင့်မြင့် အိမ်ခန်းများ စတင်ဝယ်ယူနိုင်

ရန်ကုန်မြို့လယ်ရှိ Yoma Central Development တွင် တည်ဆောက်နေသောအဆင့်မြင့်အိမ်ရာများကို စတင်ရောင်းချနေပြီဖြစ်ကြောင်း Yoma Strategic Holdings Ltd က သတင်းထုတ်ပြန်ထားသည်။

Yoma Central Development စီမံကိန်းအတွင်းရှိ အဆင့်မြင့် ဇိမ်ခံအိမ်ရာပေါင်း ၉၆ ခုပါရှိသော The Peninsula Residences Yangon သည် ဆူးလေဘုရားလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းဆုံရှိ ကိုလိုနီခေတ် မီးရထားရုံးချုပ်နေရာတွင်တည်ရှိပြီး မြန်မာ့ယဉ်ကျေးမှုအနုပညာနှင့် ရှေးဟောင်းလက်ရာများကို အခြေခံ၍ ကမ္ဘာ့ထိပ်တန်း ဒီဇိုင်းဗိသုကာပညာရှင်များမှ တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ၂၀၂၀ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

Yoma Strategic နှင့် FMI ၏ အလုပ်အမှုဆောင်ဥက္ကဋ္ဌ Mr.Serge Pun က "The Peninsula Residences Yangon က ရန်ကုန်မြို့လယ်ရှိ အဆင့်မြင့်ဇိမ်ခံလူနေမှုအဆင့်အတန်းကို အဓိပ္ပာယ်ထပ်ဆင့်ဖွင့်ဆိုပြသနိုင်ခြင်းပင် ဖြစ်ပါတယ်။ အချိန်နှင့်အမျှ ပြောင်းလဲနေတဲ့ ရန်ကုန်မြို့လယ်ဟာ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ အရာများအပြင် နိုင်ငံ၏ ဂုဏ်ယူဖွယ်ရာသမိုင်းကြောင်းများကိုလည်း တွေ့ရှိနိုင်တဲ့အတွက် နိုင်ငံတကာမှာ စီးပွားရေးအရသာမက ယဉ်ကျေးမှုနှင့် လူနေမှုအရပါ ရန်ကုန် မြို့၏ သင်္ကေတအဖြစ် ကိုယ်စားပြုမှာ ဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

The Peninsula Residences Yangon တွင် အထပ်ပေါင်း ၂၆ ထပ် ပါရှိမည်ဖြစ်ပြီး နိုင်ငံတကာအဆင့်မီ အသင့်နေထိုင်နိုင်သည့် ဝန်ဆောင်မှုအပြည့်ပါ အိပ်ခန်းနှစ်ခန်းမှ လေးခန်းအထိပါဝင်သော အိမ်ခန်းများအပြင် Penthouse များပါရှိကြောင်း၊ နေထိုင်သူများအနေဖြင့် အဆင့်မြင့် စားသောက်ဆိုင်များ၊ အနားယူဇိမ်ခံနိုင်သည့်နေရာများနှင့် ဖက်ရှင်ဆိုင်များအပြင် နေထိုင်သူများသာ သီးသန့်အသုံးပြုနိုင်သည့် ရေကူးကန်၊ အားကစားခန်းမ၊ ချွေးထုတ်ခန်းများနှင့် GYM ကစားခန်းများ၊ ကလေးကစားကွင်းနှင့် ခန်းမဆောင် အစရှိသည်တို့ကိုလည်း အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

# နောက်ဆုံးပေါ် Huawei စမတ်ဖုန်း ချီးမြှင့်မည့်ပြိုင်ပွဲ ပြုလုပ်

ပြည်တွင်းရှိ စမတ်ဖုန်းသုံးစွဲသူများအနေဖြင့် စစ်မှန်သောသူငယ်ချင်းများ၏တန်ဖိုးကို လူမှုကွန်ရက်၌ ဝေမျှရင်း Huawei Y9(2018) စမတ်ဖုန်း ကံထူးနိုင်မည့် "A Friend That You can Count On" ပြိုင်ပွဲကို Huawei Device Myanmar မှ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။




အဆိုပါပြိုင်ပွဲကို မိမိတို့ဘဝထဲမှ သူငယ်ချင်းများ၏ အရေးပါပုံကို အမြဲသတိရပြီး တန်ဖိုးထားကြရန်၊ အတွေ့အကြုံများ အပြန်အလှန်ဝေမျှရင်း ခင်မင်ရင်းနှီးမှုပိုမိုတိုးပွားလာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

Huawei Device Myanmar ၏ Marketing Director မခင်ရတနာဝင်းက "အကောင်းဆုံးသူငယ်ချင်းဆိုတာ ကျွန်မတို့ ရွေးချယ်လို့ရတဲ့ တစ်ခုတည်းသော မိသားစုပါပဲ။ ကျွန်မတို့ရဲ့ အကောင်းအဆိုးအနိမ့်အမြင့်အချိန်တိုင်း ဘေးနားမှာ ဘယ်သူတွေအစဉ်အမြဲ ရှိနေပေးခဲ့လဲဆိုတာကိုကြည့်ပြီး ဘယ်သူတွေက တကယ့်ကိုယုံကြည်အားထားရလဲဆိုတာကိုသိနိုင်ပါတယ်။ ဒီလိုသူငယ်ချင်းကောင်းတွေရဲ့တန်ဖိုးကို အမြဲအမှတ်ရနေဖို့လည်း အရေးကြီးပါတယ်။Huawei Y9(2018) ဟာ ကိုယ်ချစ်ရတဲ့ သူတွေနဲ့ ပိုပိုပြီးချိတ်ဆက်နိုင်ဖို့၊ အမှတ်ရဖွယ်အချိန်တွေကို အတူတူဖန်တီးနိုင်ဖို့ ကူညီပေးမယ့် စမတ်ဖုန်းတစ်လုံး ဖြစ်ပါတယ်။ သူ့မှာဆိုရင် ကင်မရာလေးလုံးပါဝင်ပါတယ်။ မျက်နှာပြင်ပြည့် စမတ်ဖုန်းဖြစ်ပြီး ကြာရှည်ခံဘက်ထရီစနစ်ပါဝင်ပါတယ်" ဟု ပြောကြားခဲ့ပါသည်။

ပါဝင်ယှဉ်ပြိုင်လိုသူများသည် ပထမအဆင့်တွင် မိမိအချစ်ဆုံးသူငယ်ချင်းတစ်ဦးကို ရွေးချယ်ကာ၎င်း၏ အကောင်းဆုံး အချက်များ၊ အမြဲ ယုံကြည်အားကိုးရကြောင်းများကို ရေးသားပြီး ဓာတ်ပုံ (သို့) ဗီဒီယိုတစ်ခုကို ရိုက်ကူးရပါမည်ဖြစ်ပြီး အဆိုပါဓာတ်ပုံ (သို့မဟုတ်) ဗီဒီယိုအား ဧပြီ ၂ ရက်မှ ဧပြီ ၉ ရက်အတွင်း Huawei Myanmar Facebook ၏ ယခုပြိုင်ပွဲပို့စ်အောက်တွင် Yseries# အထာကျတဲ့ ဘော်ဒါတွေအတွက် #HuaweiY9 အစရှိသည့် Hashtag များထည့်သွင်းရေးသားရမည်ဖြစ်ကြောင်း၊ စံချိန်စံနှုန်းများနှင့် အကိုက်ညီဆုံးသော ပြိုင်ပွဲဝင်များထဲမှ အနိုင်ရရှိသူအား ဧပြီ ၁၇ ရက်တွင် ကြေညာပေးသွားကာ Huawei Y9(2018)စမတ်ဖုန်းနှစ်လုံး ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

သန်းထိုက်အောင် စုစည်းသည်



## မြို့ကြီးများ၏ ၉-၄-၂၀၁၈ မှ ၁၃-၄-၂၀၁၈ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၉-၄ -၂၀၁၈) | အင်္ဂါ(၁၀-၄-၂၀၁၈) | ဗုဒ္ဓဟူး(၁၁-၄-၂၀၁၈) | ကြာသပတေး(၁၂ -၄-၂၀၁၈) | သောကြာ(၁၃-၄-၂၀၁၈) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ<br>၃၇°C/၉၉°F | နေသာ<br>၃၉°C/၁၀၂°F | ၅၀%<br>၄၀°C/၁၀၄°F | နေသာ<br>၄၀°C/၁၀၄°F | နေသာ<br>၃၉°C/၁၀၃°F |
| ရန်ကုန်မြို့ | တိမ်အသင့်အတင့်<br>၃၈°C/၉၉°F | နေသာ<br>၃၈°C/၁၀၁°F | နေသာ<br>၃၆°C/၁၀၄°F | နေသာ<br>၃၇°C/၁၀၄°F | နေသာ<br>၃၇°C/၁၀၄°F |
| မန္တလေးမြို့ | နေသာ<br>၃၆°C/၉၆°F | နေသာ<br>၃၇°C/၉၈°F | နေသာ<br>၃၈°C/၁၀၀°F | နေသာ<br>၃၈°C/၁၀၁°F | နေသာ<br>၃၈°C/၁၀၁°F |
| မြစ်ကြီးနား | ၁၀%<br>၃၃°C/၉၁°F | နေသာ<br>၃၃°C/၉၁°F | နေသာ<br>၃၄°C/၉၃°F | နေသာ<br>၃၄°C/၉၄°F | နေသာ<br>၃၅°C/၉၅°F |
| လားရှိုး | ၂၀%<br>၃၀°C/၈၆°F | ၄၀%<br>၃၁°C/၈၇°F | နေသာ<br>၃၂°C/၉၀°F | နေသာ<br>၃၄°C/၉၃°F | နေသာ<br>၃၃°C/၉၂°F |
| ကျိုင်းတုံ | နေသာ<br>၃၂°C/၉၀°F | နေသာ<br>၃၃°C/၉၂°F | နေသာ<br>၃၄°C/၉၄°F | နေသာ<br>၃၆°C/၉၆°F | နေသာ<br>၃၆°C/၉၇°F |
| လွိုင်ကော် | တိမ်အသင့်အတင့်<br>၃၂°C/၈၈°F | နေသာ<br>၃၂°C/၉၀°F | နေသာ<br>၃၁°C/၉၂°F | နေသာ<br>၃၂°C/၉၄°F | တိမ်အသင့်အတင့်<br>၃၁°C/၉၅°F |
| တောင်ကြီး | ၂၀%<br>၄°C/၄၀°F | ၁၀%<br>၆°C/၄၂°F | တိမ်အသင့်အတင့်<br>၁၃°C/၅၅°F | တိမ်အသင့်အတင့်<br>၈°C/၄၆°F | တိမ်အသင့်အတင့်<br>၁၄°C/၅၈°F |
| မော်လမြိုင် | တိမ်အသင့်အတင့်<br>၃၅°C/၉၅°F | နေသာ<br>၃၄°C/၉၄°F | နေသာ<br>၃၅°C/၉၅°F | နေသာ<br>၃၅°C/၉၅°F | နေသာ<br>၃၄°C/၉၄°F |
| ဘားအံ | ၅၀%<br>၃၇°C/၉၉°F | ၅၀%<br>၃၇°C/၉၉°F | ၅၀%<br>၃၈°C/၁၀၀°F | နေသာ<br>၃၈°C/၁၀၀°F | နေသာ<br>၃၈°C/၁၀၀°F |
| တောင်ငူ | နေသာ<br>၃၈°C/၁၀၀°F | နေသာ<br>၃၉°C/၁၀၂°F | နေသာ<br>၄၀°C/၁၀၄°F | နေသာ<br>၄၀°C/၁၀၄°F | နေသာ<br>၃၉°C/၁၀၃°F |
| မုံရွာ | နေသာ<br>၃၆°C/၉၆°F | နေသာ<br>၃၈°C/၁၀၀°F | နေသာ<br>၃၈°C/၁၀၁°F | နေသာ<br>၃၉°C/၁၀၂°F | နေသာ<br>၃၉°C/၁၀၂°F |
| ပုသိမ် | နေသာ<br>၃၆°C/၉၆°F | နေသာ<br>၃၆°C/၉၇°F | နေသာ<br>၃၆°C/၉၇°F | နေသာ<br>၃၇°C/၉၈°F | နေသာ<br>၃၆°C/၉၇°F |
| မြိတ် | တိမ်အသင့်အတင့်<br>၃၅°C/၉၅°F | ၁၀%<br>၃၃°C/၉၂°F | ၅၀%<br>၃၃°C/၉၁°F | တိမ်အသင့်အတင့်<br>၃၃°C/၉၂°F | နေသာ<br>၃၃°C/၉၂°F |
| စစ်တွေ | နေသာ<br>၃၁°C/၈၈°F | နေသာ<br>၃၁°C/၈၈°F | နေသာ<br>၃၂°C/၈၉°F | နေသာ<br>၃၂°C/၈၉°F | တိမ်အသင့်အတင့်<br>၃၂°C/၈၉°F |
| မကွေး | နေသာ<br>၃၇°C/၉၈°F | နေသာ<br>၃၈°C/၁၀၁°F | နေသာ<br>၃၉°C/၁၀၃°F | နေသာ<br>၄၀°C/၁၀၄°F | နေသာ<br>၃၉°C/၁၀၃°F |
| ဖလမ်း | ၆၀%<br>၂၃°C/၇၄°F | နေသာ<br>၂၆°C/၇၈°F | နေသာ<br>၂၇°C/၈၀°F | နေသာ<br>၂၇°C/၈၁°F | နေသာ<br>၂၇°C/၈၁°F |

# မုတ်သုံမိုး ခန့်မှန်းချက်အရ အိန္ဒိယလယ်ယာ စိုက်ပျိုးရေးကဏ္ဍ တိုးတက်မှုရှိနိုင်

အိန္ဒိယနိုင်ငံတွင် မုတ်သုံမိုး ပုံမှန် ဖြစ်မည်ဟု ပုဂ္ဂလိက မိုးလေဝသခန့်မှန်းရေးအဖွဲ့ Skynet က ဧပြီ ၄ ရက်က ခန့်မှန်းခဲ့ပြီးနောက် ထိုကဲ့သို့ မုတ်သုံမိုးပုံမှန်ရရှိပါက လယ်ယာကဏ္ဍ ကုန်ထုတ်လုပ်မှုကို မြှင့်တင်ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း HSBC မှ သုတေသနအဖွဲ့က ခန့်မှန်းခဲ့သည်။

၂၀၁၈-၂၀၁၉ ခုနှစ်တွင် မုတ်သုံမိုး ပုံမှန်ထက်ကျော်လွန်နိုင်သည့် အခွင့်အလမ်းမှာ ၂၀ ရာခိုင်နှုန်းသာရှိကြောင်းနှင့် မိုးသည်းထန်စွာ ရွာသွန်းနိုင်သည့် အလားအလာမှာ ၅ ရာခိုင်နှုန်းသာရှိကြောင်း Skynet က ခန့်မှန်းခဲ့သည်။ စုစုပေါင်း မိုးရွာသွန်းမှု၏ ၇၀ ရာခိုင်နှုန်းမှာ မုတ်သုံမိုးမှ ရရှိခြင်းဖြစ်သဖြင့် ဤအခြေအနေမျိုးက လယ်ယာကဏ္ဍကို အကျိုးပြုနိုင်မည့် အလားအလာရှိကြောင်း HSBC သုတေသနအဖွဲ့က ခန့်မှန်းထားကြောင်း ဖိုင်နယ်ရှယ်တိုင်းမ်သတင်းတွင် ဖော်ပြသည်။

၂၀၁၉ ခုနှစ် အိန္ဒိယအထွေထွေရွေးကောက်ပွဲမတိုင်မီ စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် အတွက် အိန္ဒိယအစိုးရက မုတ်သုံမိုး ပုံမှန်ရရှိရန်လိုမည်ဟုခန့်မှန်းထားသည်။ ယခုနှစ်တွင် မုတ်သုံမိုးပုံမှန်ရရှိပြီး ရေနံစိမ်းဈေးနှုန်းများကလည်း အနေအထား ကောင်းမွန်လာမည်ဆိုပါက အိန္ဒိယနိုင်ငံ၏ စီးပွား ရေးတိုးတက်မှုနှုန်းသည် ၈ ရာခိုင်နှုန်းအထက်တွင် ရှိမည်ဖြစ်ကြောင်း ဘဏ္ဍာရေးအရာရှိချုပ်တလေက ယခင်လအတွင်း ပြောခဲ့သည်။ ယခုနှစ် အိန္ဒိယနိုင်ငံ စီးပွားရေးအတွက် လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် အရေးအပါဆုံးကဏ္ဍအဖြစ် ပါဝင်နေကြောင်း ၂၀၁၈ ခုနှစ် ဘတ်ဂျက်မတိုင်မီက ဆောင်ရွက်ခဲ့သော စီးပွားရေးစစ်တမ်းတွင် ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံ၏ စုစုပေါင်း လယ်ယာစိုက်ပျိုးမြေများအနက် ၅၅ ရာခိုင်နှုန်းမှာ မိုးရေသောက်မြေများဖြစ်သည်။ နွေရာသီတွင် ရိတ်သိမ်းမည့်သီးနှံများအတွက် မုတ်သုံမိုးသည် အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်နေသည်။ ထို့အပြင် ဒေသအလိုက် မိုးရွာသွန်းမှု၊ စိုက်ပျိုးမြေဧရိယာနှင့် ရိတ်သိမ်းချိန်တွင်ဖြစ်ပေါ်သော အပူချိန်တို့ကလည်း လယ်ယာစိုက်ပျိုးရေး ထုတ်လုပ်မှုအတွက် အရေးပါသော အခန်းကဏ္ဍများမှ ပါဝင်လျက်ရှိကြောင်း သိရသည်။

# ဂျပန် ရှင်မိုးမီးတောင် ပေါက်ကွဲမှု ထပ်မံဖြစ်ပွား

ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း ရှင်မိုးမီးတောင်တွင် ဧပြီလ ၅ ရက် နံနက်စောစောပိုင်းက ပြင်းထန်သော ပေါက်ကွဲမှုဖြစ်ပွားပြီး မီးတောင်ပြာများသည် မီတာ ၅၀၀၀ အမြင့်အထိ ပျံ့လွင့်သွားကြောင်း ဂျပန်မိုးလေဝသ အေဂျင်စီ၏ ပြောကြားချက်ကို ဂျပန်တိုင်းဝက်ဘ်ဆိုက်ဒ်သတင်းတွင် ဖော်ပြသည်။

ပတ်ဝန်းကျင်တွင် နေထိုင်သူများအား သတိဖြင့်နေထိုင်ကြရန် ရာသီဥတုအေဂျင်စီက သတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားသည်။

ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း ကျူးရှူးကျွန်းပေါ်တွင်ရှိသော ၁၄၂၁ ပေ အမြင့်ရှိ ရှင်မိုးမီးတောင်၏ ပေါက်ကွဲမှုသည် မတ် ၂၅ ရက်နောက်ပိုင်းတွင်ဖြစ်ပွားသော ပေါက်ကွဲမှုများအနက် အပြင်းထန်ဆုံးဖြစ်ကြောင်း အေဂျင်စီကပြောသည်။

ရှင်မိုးမီးတောင်သည် လွန်ခဲ့သော ခုနစ်နှစ် မတ် ၆ ရက်က ပထမဆုံးအကြိမ် ပြင်းထန်စွာပေါက်ကွဲခဲ့သည်။ မီးတောင်သည် လပေါင်းများစွာကြာအောင် ဆက်လက်ပေါက်ကွဲမှု ဖြစ်ပွား နိုင်ကြောင်း၊ ပေါက်ကွဲမှုဖြစ်ပွားပြီး ရက်သတ္တတစ်ပတ်ခန့်အကြာတွင် ဂျပန်မိုးလေဝသအေဂျင်စီက ပြောသည်။

ယခုပေါက်ကွဲမှုကို အဆင့်၃ အဖြစ် အေဂျင်စီက သတ်မှတ်သည်။ မီးတောင်အနီးသို့ သွားရောက်ခြင်းကိုလည်း ကန့်သတ်ကာ မီးတောင်ကျောက်ခဲများသည် မီးတောင်ဝမှ သုံးကီလိုမီတာအထိ ရောက်ရှိနိုင်ကြောင်းနှင့် မီးတောင်ချော်ရည်များသည် မီးတောင်၏ နှစ်ကီလိုမီတာအကွာအထိ စီးဆင်းနိုင်ကြောင်း သတိပေးချက် ထုတ်ပြန်ထားသည်။

နောက်ဆုံးအကြိမ်အဖြစ် ဧပြီ ၅ ရက် နံနက် ၃ နာရီ ၃၁ မိနစ်က ပေါက်ကွဲချိန်တွင် ကျောက်တုံးများမှာ မီးတောင်ဝမှ ၁ ဒသမ ၁ ကီလိုမီတာအကွာထိ ရောက်ရှိခဲ့ကြောင်း အေဂျင်စီက ပြောသည်။ အထူးသဖြင့် လေတိုက်ခတ်ရာ အောက်ဘက်အရပ်တွင် နေထိုင်သူ များသည် မီးတောင်ချော်ပြာနှင့် ကျောက်တုံးများကို သတိထားကြရန် အေဂျင်စီက နှိုးဆော်ထားသည်။

## ဟိုပုံးမြို့ တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံတွင် စားသုံးသူအကာအကွယ်ပေးဟောပြောဆွေးနွေးပွဲကျင်းပ



စားသုံးသူရေးရာဦးစီးဌာန ရှမ်းပြည်နယ်ဦးစီးမှူးရုံး တောင်ကြီးမြို့မှ ဦးစီးအရာရှိ ဒေါ်ဝေဝေနှင်း ဦးဆောင်သော ဝန်ထမ်းများနှင့်အဖွဲ့သည် မတ်လ ၂၈ ရက်က ဟိုပုံးမြို့ တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲကို ကျင်းပဆောင်ရွက်ခဲ့ရာ ဟောပြောပွဲသို့ တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံမှ အရာရှိ/အရာခံ/အကြပ်စစ်သည်များနှင့် ရဲမေအင်အား ၃၆၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ဦးစီးအရာရှိ ဒေါ်ဝေဝေနှင်းက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေ၊ ဝန်ဆောင်မှုနှင့်လူသုံးကုန်ပစ္စည်းများကြောင့်ဖြစ်ပေါ်နေသော ထိခိုက်နစ်နာမှုများအကြောင်း၊ အငယ်တန်းစာရေး ဒေါ်စောနန္ဒာမြင့်က စားသုံးရန်မသင့် သောအစားအစာများအကြောင်း သိကောင်းစရာများ၊ ဆိုးဆေးအန္တရာယ်နှင့် ဖော်မလင်အကြောင်းများ ဟောပြောခဲ့ပြီး အငယ်တန်းစာရေး ဒေါ်မိုးသဥ္ဇာလွင်က ကင်ဆာဖြစ်စေနိုင်သောအစားအသောက်များနှင့် အမူအကျင့်များအကြောင်းကို ဟော ပြောဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာသူများ၏ သိရှိလိုသည်များ၊ မေးမြန်းမှုများကို ဦးစီးအရာရှိ ဒေါ်ဝေဝေနှင်းက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပြီး စားသုံးသူအကာအကွယ်ပေးရေးဥပဒေစာအုပ်များ တိုင်ကြားမှုပုံစံနှင့် လက်ကမ်းစာစောင်များအား တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံတာဝန်ခံအရာရှိတစ်ဦးအားပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

**စောနန္ဒာမြင့် (တောင်ကြီး)**

## လပွတ္တာခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၁၀)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ စားသုံးသူငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁၀)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်း အဝေးကို မတ် ၁၅ ရက်က လပွတ္တာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် လပွတ္တာခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းမြတ်နိုင် က အဖွင့်အမှာစကားပြောကြားခဲ့ပြီး အတွင်းရေးမှူး ခရိုင်ဦးစီးမှူး ဦးတိုးလွင် က ဖေဖော်ဝါရီလအတွင်း ထုတ်ပြန်ခဲ့သော ညွှန်ကြားချက်များအား ရှင်းလင်းခြင်း၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေပုဒ်မ-၂(ခ)အား ရှင်းလင်းဆွေးနွေးခြင်းနှင့် ဆုံးဖြတ်ရမည့် အမှာစာ ၈ ခုအား ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် ယခင်လက မုန့်မျိုးစုံဆိုင် ၂ ဆိုင်ကို ရှောင်တခင် ဝင်ရောက်စစ်ဆေးခဲ့ရာ တွေ့ရှိရသည့် သက်တမ်းလွန်မုန့်များအား အဖွဲ့ဖြင့်သိမ်းဆည်းဆောင်ရွက်ခဲ့မှုများနှင့် လပွတ္တာမြို့ ရွှေနဒီဈေးရှိ ငှက်ပျောသီးဆိုင်များအား စစ်ဆေးတွေ့ရှိမှုတို့ကို ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ အဖွဲ့ဝင် ၁၀ ဦး၊ ဖိတ်ကြားသူ ၈ ဦးနှင့် ဝန်ထမ်း ၅ ဦးစုစုပေါင်း ၂၃ ဦး တက်ရောက်ခဲ့ကြောင်း သိရှိရသည်။ **တိုးလွင် (မြောင်းမြ)**

## ပုသိမ်ကြီးမြို့နယ်အတွင်း တားမြစ်ဆေးများ ရောင်းချခြင်းမရှိစေရေးကွင်းဆင်းစစ်ဆေး

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊အုန်းချောနယ်မြေရဲတပ်ဖွဲ့၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာရေးကော်မတီ၊ကျေးလက်ကျန်းမာရေးဌာနခွဲတို့ ပူးပေါင်းပြီး မတ် ၂၆ ရက် နံနက်ပိုင်းကာ ပုသိမ်ကြီးမြို့နယ်၊ အုန်းချော၊ရွှေစာရံရပ်ကွက်များအတွင်းရှိ ဆေးအရောင်းဆိုင်များကိုမဟာသင်္ကြန်အကြိုတားမြစ်ဆေးများရောင်းချခြင်းရှိမရှိကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှဝန်ထမ်းများ၊ အုန်းချောနယ်မြေ ရဲ စခန်းမှူး ရဲအုပ်ဇော်မြင့်နှင့် တပ်ဖွဲ့ဝင်များ၊ အုန်းချောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတို့က ရပ်ကွက်အတွင်း ဆေးအရောင်းဆိုင်များတွင် တရားမဝင်ဆေးများ၊ မှတ်ပုံမတင်ထားသော တားမြစ်ဆေးများနှင့် မဟာသင်္ကြန်ကာလအတွင်း ကန့်သတ်တားမြစ်ထားသော ဆေးဝါးများရောင်းချမှုရှိမရှိ စစ်ဆေးခဲ့ပြီး မှတ်ပုံမတင်ထားသောဆေးဝါးများ အန္တရာယ်ကာကွယ်ရန်အတွက် အသိပညာပေးဟောပြောမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

**သီဟကိုကို (မန္တလေး)**

## ၂၀၁၈ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း ခရီးသွားများအဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ဟင်္သာတမြို့တွင် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ဟင်္သာတခရိုင်ဦးစီးမှူးနှင့် အဖွဲ့သည် ၂၀၁၈ ခုနှစ် မဟာသင်္ကြန် ကာလအတွင်း စားသုံးသူခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ် ပုဂ္ဂလိက မော်တော်ယာဉ်၊ လုပ်ငန်းယာဉ်များ စနစ်တကျ ပြေးဆွဲရေးကော်မတီရုံး အစည်းအဝေးခန်းမတွင် မတ် ၂၈ ရက်က ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါညှိနှိုင်းအစည်းအဝေးသို့ ဟင်္သာတမြို့ရှိ မော်တော်ယာဉ်ဂိတ်များမှ ဂိတ်ပိုင်များ၊ ဂိတ်မှူးများနှင့် ယာဉ်ပိုင်ရှင်များ မော်တော်ယာဉ်ဂိတ်ပိုင်၊ ဂိတ်မှူးနှင့် တာဝန်ရှိသူ စုစုပေါင်း ၂၅ ဦးတက်ရောက်ခဲ့ကြောင်း သိရှိရသည်။

အစည်းအဝေးတွင် စားသုံးသူရေးရာဦးစီးဌာန ဟင်္သာတခရိုင်ဦးစီးမှူး ဦးကြည်ဟန်က ၂၀၁၈ ခုနှစ် မဟာသင်္ကြန်ကာလတွင် ခရီးသွားပြည်သူများ ခရီးသွားလာရေး အဆင်ပြေစေရန်အတွက် အဆိုပါကာလများတွင် ကြုံတွေ့ရတတ်သော မော်တော်ယာဉ်စီးခနှုန်းထားများ တိုးမြှင့်ကောက်ခံခြင်း၊ ယာဉ်ထွက်ခွာချိန် အချိန်မမှန်ခြင်း၊ ရောင်းချထားသော ခုံနံပါတ်လွဲမှားခြင်း၊ သတ်မှတ်လူဦးရေထက် အဆမတန် တင်ဆောင်ခြင်း၊ သတ်မှတ်ကြေညာထားသည့် ယာဉ်အရေအတွက်အတိုင်း ပြေးဆွဲရေး စသည့် ပြဿနာများ မဖြစ်ပေါ်စေရေးအတွက် ညှိနှိုင်းစည်းဝေးရခြင်း ဖြစ်ကြောင်းပြောကြားခဲ့ပြီး၊ စားသုံးသူများ၏ အခွင့်အရေး(၈) ချက်နှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်များကို ရှင်းလင်းပြောကြားခဲ့ကာ အဆင်မပြေမှုများ အပေါ် တိုင်ကြားလာပါက အရေးယူမှုကို စားသုံးသူကာကွယ်ရေး ဥပဒေနှင့်အညီ ဆောင်ရွက်မှာဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

ထို့နောက် ဟင်္သာတမြို့နယ် ပုဂ္ဂလိက မော်တော်ယာဉ်၊ လုပ်ငန်းယာဉ်များ စနစ်တကျ ပြေးဆွဲရေး ကော်မတီမှ အတွင်းရေးမှူး ဦးငွေသိန်းမှ သင်္ကြန်ကာလတွင် ခရီးသွားပြည်သူများ အဆင်ပြေ ချောမွေ့စွာသွားလာနိုင်ရေးအတွက် တိုင်းကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ ဆောင်ရွက်ပါကြောင်း၊ ပြဿနာများ မဖြစ်ပေါ်စေရေးအတွက် မိမိတို့ကော်မတီနှင့် မော်တော်ယာဉ်ဂိတ်များ ပူးပေါင်း၍ ခရီးသွားပြည်သူများ အဆင်ပြေစေရေး ဆောင်ရွက်သွားမှာဖြစ်ကြောင်း ဆွေးနွေးခဲ့ပြီး တက်ရောက်လာသော ဂိတ်ပိုင်၊ ဂိတ်မှူးများမှလည်း ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **မောင်မောင်မြတ်ခိုင်**

## ချမ်းအေးသာစံမြို့နယ်အတွင်း တားမြစ်ဆေးများ ရောင်းချခြင်းမရှိစေရေး ကွင်းဆင်းစစ်ဆေးပြီး အရေးယူမှုများဆောင်ရွက်

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်တွင် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနခွဲတို့ပူးပေါင်းပြီး မတ် ၃၀ရက်နံနက်ပိုင်းကာ ချမ်းအေးသာစံမြို့နယ်အတွင်းရှိ ဆေးအရောင်းဆိုင်များကိုမဟာသင်္ကြန်အကြိုတားမြစ်ဆေးများရောင်းချခြင်းရှိ/မရှိကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

ထိုသို့စစ်ဆေးရာ၌ ရပ်ကွက်အတွင်းဆေး အရောင်းဆိုင်များတွင် တရားမဝင်ဆေးများနှင့် တားမြစ်ထားသောဆေးများရောင်းချမှုရှိမရှိ၊ စိတ်ကြွဆေးဝါးများနှင့် မှတ်ပုံမတင်ထားသောဆေးဝါးများအန္တရာယ်ကာကွယ်ရန်ကွင်းဆင်းစစ်ဆေးခြင်းဖြစ်ပြီး ဈေးချိုအနီး၂၇လမ်း၊ ၈၃ လမ်းနှင့်၈၄လမ်းကြား၊ ၂၇လမ်းနှင့် ၂၈လမ်းကြား၊ ၈၃လမ်းနှင့် ၈၄ လမ်းကြား လမ်းဘေးတွင် ခုံခင်းရောင်းချနေသောဆိုင်သုံးဆိုင်မှ တရားမဝင် ကာမအားဆေးများ၊ သောက်ဆေး၊ လိမ်းဆေး၊ ဖျန်းဆေးမျိုးစုံရောင်းချနေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် သက်သေခံပစ္စည်းများအား သိမ်းဆည်းပြီး ဆိုင်ရှင်သုံးဦးအား အမျိုးသားဆေးဝါးဥပဒေပုဒ်မ (၁၈)ဖြင့်အမှုဖွင့် အရေးယူထားကြောင်း သိရသည်။




**မောင်ပြည်သူ(မန္တလေး)**

## Online မှတစ်ဆင့် ရောင်းချမှုများအား အကာအကွယ်ပေးနိုင်ရန် ဥပဒေပြဋ္ဌာန်းနိုင်ရေး ဥရောပသမဂ္ဂမှ စီစဉ်ဆောင်ရွက်လျက်ရှိ

Online နှင့် စတိုးဆိုင်များတွင် ရောင်းချနေမှုများအား တစ်ပြေးညီအကာအကွယ်ပေးနိုင်ရန်အတွက် ဥပဒေမူကြမ်းတစ်ရပ်ကို ပြဋ္ဌာန်းရန် ဥရောပသမဂ္ဂမှ အဆိုတင်သွင်းခြင်းအား ဥရောပလွှတ်တော်အဖွဲ့ဝင်များမှ ထောက်ခံခဲ့ကြသည်။ ဥရောပသမဂ္ဂနိုင်ငံများအတွင်း Online မှ ကုန်စည်များကိုဝယ်ယူမှု များပြားလာသည်နှင့်အမျှ ဥရောပလွှတ်တော်အဖွဲ့ဝင်များသည် စားသုံးသူများအား စတိုးဆိုင်များမှ ဝယ်ယူမှုများနှင့် တူညီသော အကာအကွယ်ရရှိစေရန်အတွက် ဥပဒေစည်းမျဉ်းများကို တစ်စုတစ်စည်းတည်း ချမှတ်ဆောင်ရွက်ရန် သဘောတူညီခဲ့ကြသည်။ ဥပဒေမူကြမ်းသည် Online မှ အရောင်းအဝယ်ပြုလုပ်သော ထုတ်ကုန်များတွင် ချို့ယွင်းမှုများဖြစ်ပေါ်ခဲ့ပါက စားသုံးသူနှင့် သက်ဆိုင်ရာစီးပွားရေး လုပ်ငန်းရှင်တို့အကြား တူညီသောအခွင့်အရေးရရှိစေရန် ရည်ရွယ်ခြင်းဖြစ်သည်။ အဆိုပါဥပဒေပေါ်ပေါက်လာပါက စားသုံးသူတို့အနေဖြင့် Online မှဖြစ်စေ၊ စတိုးဆိုင်မှဖြစ်စေ ထုတ်ကုန်များကို ဝယ်ယူပြီးနောက် တူညီသောအာမခံကာလ၊ တူညီသောငွေပြန်အမ်းမှု၊ အစားထိုးမှုနှင့် အပြစ်အနာအဆာပါရှိသော ထုတ်ကုန်ကို တူညီသောပြန်လည်ပြင်ဆင်မှု စသည့် အကျိုးကျေးဇူးများကို ရရှိခံစားနိုင်မည်ဖြစ်သည်။ ထို့ပြင် ပြည်တွင်းစည်းမျဉ်းစည်းကမ်းများအရ အာမခံကာလကို ပိုမိုတိုးချဲ့ရန် တွန်းအားပေးဆောင်ရွက်မှုများကိုလည်း ရှောင်လွဲနိုင်မည်ဖြစ်သည်။ ထုတ်ကုန်များအတွက် အာမခံသက်တမ်းကာလမှာ ဥပဒေအရ (၂) နှစ်ဖြစ်ပြီး လက်တွေ့တွင်မူ ထုတ်ကုန်တစ်ခုသည် အာမခံနှင့်ကိုက်ညီမှုမရှိဟုသတ်မှတ်ပါက အာမခံပထမ သက်တမ်းကာလ ခြောက်လအတွင်းတွင်သာ အကျုံးဝင်သည်ဟု ယူဆ-သတ်မှတ်လေ့ရှိကြောင်း သိရသည်။

**မျိုးမျိုးထိုက် (စားသုံးသူရေးရာဌာနခွဲ၊ နေပြည်တော်)**

# GLOBAL FIRE ALARM CO., LTD

No.870,MaharBawga Street, Ward-8, Mayangone Township, Yangon.
E-mail: info@globalfirealarm.com, Phone (+95) 925 925 5514, 978 003 2977

*Available Services*

- Material Supply
- Consultation Services
- Design Services
- Installation Services
- Maintenence Services
- Inspection Services



CONVENTIONAL & ADDRESSABLE FIRE ALARM EQUIPMENT




Sprinkler System

Hydrant, Dry Riser, Wet Riser, Hose Reel System



Fire Pumps



Grooved Fittings



Kitchen Hood

FM 200 & NOVEC 1230

Vesda System



Fire Protection is only what we belong to

MATERIALS SERVICES MANPOWER



## AUNG NAING THITSAR CO.,LTD

Address : Dagon Center 2,Pyay Road,No.268,Room 14(C & E), 14th Floor,Sanchaung Township,Yangon,Myanmar.
Tel : +95 1-2317836,2317837,2314053,2314054,2316304
Fax : +95 1 2314053,2317836
Mobile : +95 9 5134695
E-mail : ant.cmgr@gmail.com
Website : www.aungnaingthitsar.com



## PANN MYAT CHE
### Custom Service Agency

No. 19/b, 6th Floor, Boyar Nyunt Street,
Dagon Township, Yangon, Myanmar.
E-mail : penang@baganmail.net.mm
G-mail : miemieko13@gmail.com
Tel : 254883, 385277
Fax : 95-1-254883
H/P : 09 5103782



INTEGRATED PETROLEUM SERVICES & CONSULTANCIES LTD

# IPSC

*Aviation and Offshore Logistic Services*

No.105-A,Zion Hill St,Nanthar Kone Quarter,Insein Township, Yangon,Myanmar.
Tel : 95-1-3647050, 09 443174326,09 73174326
Fax : 95-1-3647060
E-mail : ipscmyanmar@gmail.com

## အပြောင်းအရွှေ့ သတင်းတိုများ

- *ရီးရဲလ်မက်ဒရစ်အသင်းမှ တောင်ပံကစားသမား ဂါရတ်ဘေးလ်က မီမီနှင့်ပတ်သက်၍ အပြောင်းအရွှေ့သတင်းများ ပေါ်ထွက်နေသော်လည်း ရီးရဲလ်မက်ဒရစ်အသင်းတွင်သာ ဆက်လက်ကစားလိုကြောင်း ပြောကြားလိုက်သည်။*
- *ဂျူဗင်တပ်အသင်းသည် ဘာစီလိုနာအသင်းမှ ထွက်ခွာရန်ပြင်ဆင်နေသည့် ကွင်းလယ်ကစား သမား အင်ဒရီဂိုမက်စ်ကို ခေါ်ယူရန် ကမ်းလှမ်းမှုများပြုလုပ်လျက်ရှိသည်။*
- *မန်ယူအသင်းသည်ကွင်းလယ်ကစားသမား မာတာ ထွက်ခွာသွားပါက ၎င်း၏နေရာတွင် ချယ်လ်ဆီးကစားသမား ဝီလီယံကို ခေါ်ယူအစားထိုးရန်ပြင်ဆင်နေကြောင်း သိရသည်။*
- *ဘာစီလိုနာ ကွင်းလယ်ကစားသမား ကော်တင်ဟိုက လီဗာပူးတိုက်စစ်မှူး ဆာလက်ချ်ကို ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားရန် တိုက်တွန်းလိုက်ကြောင်း သိရသည်။*
- *ရီးရဲလ်မက်ဒရစ်တိုက်စစ်မှူး ဘန်ဇီမာက တရုတ်စူပါလိဂ်သို့ ပြောင်းရွှေ့ကစားရန် ဆန္ဒမရှိကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။*
- *ရီးရဲလ်မက်ဒရစ်အသင်းနှင့် မန်ယူအသင်းတို့သည် လာမည့် နွေရာသီ အပြောင်းအရွှေ့ကာလတွင် ကစားသမား အလဲအထပ်ပြုလုပ်ဖွယ်ရှိနေကြောင်း သိရသည်။ ရီးရဲလ်မက်ဒရစ်အသင်းအနေဖြင့် မန်ယူအသင်းမှ ပေါ့ဂ်ဘာ၊ မာချယ်နှင့် ဂိုးသမား ဒီဂီယာတို့ကို ခေါ်ယူရန် စိတ်ဝင်စားမှုများရှိနေသကဲ့သို့ မန်ယူအသင်းကလည်း ရီးရဲလ်မက်ဒရစ် ကစားသမားများဖြစ်သည့် လူကာမိုဒရစ်၊ တိုနီကရုစ် နှင့် ဂါရတ်ဘေးလ်တို့ကို ခေါ်ယူရန်စိတ်ဝင်စားနေသည်။*

# ဂတ်တူဆိုနှင့် အေစီမီလန် စာချုပ်သက်တမ်း သုံးနှစ်တိုး



အေစီမီလန်အသင်းသည် နည်းပြ ဂတ်တူဆိုနှင့် သုံးနှစ်သက်တမ်းတိုးစာချုပ်တစ် ရပ်ချုပ်ဆိုလိုက်ပြီဖြစ်သည်။

ဂတ်တူဆိုသည် အေစီမီလန်အသင်းနှင့် ၂၀၂၁ ခုနှစ်အထိစာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ အေစီမီလန် ကစားသမားဟောင်းတစ်ဦးဖြစ်သူ ဂတ်တူဆိုသည် ၂၀၁၂ ခုနှစ်တွင် အေစီမီလန်ကစားသမားဘဝမှ အနားယူခဲ့ပြီး ၂၀၁၃ခုနှစ်တွင် ဆီယွန်အသင်းတွင် ကစားသမား၊ နည်းပြအဖြစ်လည်းကောင်း၊ ၂၀၁၃-၁၄ ဘောလုံးရာသီတွင် ပါလာမိုနည်းပြအဖြစ် လည်းကောင်း၊ ၂၀၁၄-၁၅ ဘောလုံးရာသီတွင် OFI Crete အသင်းနည်းပြအဖြစ် လည်းကောင်း၊ ၂၀၁၅မှ ၂၀၁၇ အထိ Pisa အသင်းနည်းပြအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၇တွင် အေစီမီလန်အသင်းနည်းပြဖြစ်လာခဲ့သည်။

ဂတ်တူဆိုက "အေစီမီလန်အသင်းကို နည်းပြခွင့်ရခဲ့ချိန်ကပင် အရမ်းကို ကျေနပ်ခဲ့ရပါတယ်။ အခုချိန်မှာ အသင်း တာဝန်ရှိသူတွေက ကျွန်တော့်ကို ယုံကြည်မှု အပြည့်အဝနဲ့ စာချုပ် သက်တမ်းတိုးခဲ့လို့ များစွာဝမ်းသာရပါတယ်။ အဲဒီအတွက် ကိုယ့်ကိုယ်ကိုယ်လည်း ဂုဏ်ယူမိပါတယ်။ ပြိုင်ဆိုင်မှုတွေကြားကနေ အောင်မြင်မှုပန်းတိုင်ရောက်ရှိဖို့က ကျွန်တော့်ရဲ့ရည်မှန်းချက်ပါ။ အေစီမီလန်အသင်းမှာ ကစားသမားဘဝနဲ့ အကောင်းဆုံးပေးဆပ်ခဲ့တာပါ။ အခုအသင်းကိုနည်းပြဘဝနဲ့ ပြန်လည်ဦးဆောင်ခွင့်ရရှိချိန်မှာလည်း အကောင်းဆုံးပေးဆပ်မှုတွေနဲ့ ဆုဖလားတွေရရှိအောင် စွမ်းဆောင်ပေးချင်ပါတယ်"ဟု ပြောကြားခဲ့သည်။

# သောမတ်စ်တူချယ်ကို နည်းပြအဖြစ် ပီအက်စ်ဂျီအသင်း ခန့်အပ်မည်



ပြင်သစ်လီဂူးကလပ် ပီအက်စ်ဂျီအသင်းသည် ယခုနှစ် ရာသီကုန်၌ လက်ရှိနည်းပြ အမ်မရီနေရာတွင် ဒေါ့မွန်နည်းပြဟောင်းဖြစ်သော မတ်စ်တူချယ်ကို နည်းပြသစ်အဖြစ် ခန့်အပ်သွားရန် သဘောတူညီမှု များရရှိထားပြီဖြစ်ကြောင်း ESPN သတင်းဌာနက ထုတ်ပြန်ခဲ့သည်။

ပီအက်စ်ဂျီအသင်းသည် လီဂူး ၁ ပြိုင်ပွဲတွင် ရလဒ်များကောင်းမွန်လျက်ရှိသော်လည်း ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ရလဒ်များဆိုးရွားခဲ့ခြင်းကြောင့် နည်းပြ အပြောင်းအလဲပြုလုပ်ရန် ပြင်ဆင်လာခြင်းဖြစ်သည်။

ပီအက်စ်ဂျီအသင်းနှင့် သဘောတူညီမှုရရှိထားသည့် သောမတ်စ်တူချယ်သည် ဒေါ့မွန်နည်းပြဟောင်းတစ်ဦးဖြစ်ပြီး ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ဒေါ့မွန်အသင်းကို ကိုင်တွယ်ခဲ့ကာ လတ်တလောကာလတွင် အသင်းလက်မဲ့ဖြစ်လျက်ရှိသည်။

ပီအက်စ်ဂျီအသင်းသည် သောမတ်စ်တူချယ်နှင့် သဘောတူညီမှုရရှိထားသော်လည်း ၎င်းတို့၏ နည်းပြသစ်စာရင်းတွင် ချယ်လ်ဆီးအသင်းမှ ထွက်ခွာရန် ပြင်ဆင်နေသည့် ကွန်တီ၊ ဂျူဗင်တပ်နည်းပြ အယ်လီဂရီ၊ ဘာစီလိုနာနည်းပြဟောင်း လူးဝစ်အင်းနရစ်နှင့် အန်ဆယ်လော့တီတို့လည်း ပါဝင်နေ ကြောင်း ESPN သတင်းဌာနက ထပ်မံဖော်ပြထားသည်။

အခြားတစ်ဖက်တွင် ပီအက်စ်ဂျီအသင်း၏ အဓိကကစားသမားများဖြစ်သည့် ဗာရတ်တီ၊ ဒရစ်လာနှင့် ဒန်နီအဲလ်ဗစ်တို့သည်လည်း လာမည့် နွေရာသီအပြောင်းအရွှေ့ကာလတွင် အသင်းမှ ထွက်ခွာဖွယ်ရှိနေကြောင်း သိရသည်။



# ဘိုင်ယန်မြူးနစ်ဂိုးသမား နူရာ အသင်းနှင့် လေ့ကျင့်ခန်းပြန်ဆင်း

ဘိုင်ယန်မြူးနစ် ဂိုးသမား နူရာသည် ဒဏ်ရာပြဿနာကြောင့် ခြောက်လကျော်ကြာ အနားယူခဲ့ရာမှ ယခုအချိန်တွင် အသင်းနှင့်အတူလေ့ကျင့်ခန်း ပြန်ဆင်းနေပြီဖြစ်သည်။

"ခြောက်လကျော်ကြာ အနားယူခဲ့ရတဲ့ နူရာဟာ အသင်းနဲ့အတူ ပထမဆုံးအကြိမ် လေ့ကျင့်ခန်းပြန်ဆင်းနေပါပြီ။ အပေါ့စားလေ့ကျင့်ခန်းဆိုပေမယ့် သူ့ကိုကြည့်ရတာ တော်တော်လေး အားရစရာကောင်းပါတယ်။ မကြာခင်မှာ အသင်းနဲ့အတူ ပွဲထွက်ခွင့်ပြန်ရတော့မှာပါ"ဟု ဘိုင်ယန်မြူးနစ်အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

နူရာသည် ၎င်း၏ ဒဏ်ရာပြဿနာ တိုးတက်ကောင်းမွန်လာပြီဖြစ်ခြင်းကြောင့် လာမည့်ရက်သတ္တပတ်တွင် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ပွဲထွက်ကစားခွင့် ရရှိလာတော့မည်ဖြစ်သည်။



# လုခ်ရှောကို ရရှိရန်နီးစပ်နေပြီဟု ဘာစီလိုနာအသင်းဘက်မှ သတင်းထုတ်ပြန်

မန်ယူအသင်းမှ ဘယ်နောက်ခံကစားသမား လုခ်ရှောကို ရရှိရန်နီးစပ်နေပြီဖြစ်ကြောင်း ဘာစီလိုနာအသင်းဘက်မှ သတင်းထုတ်ပြန်လာခဲ့သည်။ ယခုနှစ်ရာသီကုန်တွင် မန်ယူအသင်းမှ ထွက်ခွာရန်သေချာသလောက်ရှိနေပြီဖြစ်သည့် လုခ်ရှောကို ဘာစီလိုနာအသင်းက ခေါ်ယူရန် ကမ်းလှမ်းမှုများပြုလုပ်ခဲ့ရာ ရာနှုန်းပြည့်နီးပါး ခေါ်ယူရရှိရန် နီးစပ်နေပြီဖြစ်ကြောင်း သတင်းတွင်ဖော်ပြထားသည်။

ဘာစီလိုနာအသင်းသည် ဘယ်နောက်ခံကစားသမားတစ်ဦးကို မဖြစ်မနေခေါ်ယူမည်ဖြစ်ရာ လုခ်ရှောမှာ ၎င်းတို့၏ ပထမဦးစားပေးကစားသမားတစ်ဦးဖြစ်ကြောင်း သိရသည်။

လုခ်ရှောသည် ဆောက်သန်တမ်အသင်းတွင် ၂၀၁၁မှ ၂၀၁၄ခုနှစ်အထိ ကာလတွင် ပွဲ ၆၀ ပါဝင်ကစား ပေးခဲ့ပြီး မန်ယူအသင်းသို့ ၂၀၁၄ခုနှစ်ကပင် ရောက်ရှိလာခဲ့သော်လည်း ၃၉ ပွဲသာပွဲထွက်ခွင့်ရရှိခဲ့သူ ဖြစ်သည်။ ထို့ကြောင့် လာမည့်နွေရာသီ အပြောင်းအရွှေ့ကာလတွင် မန်ယူအသင်းမှ ထွက်ခွာရန်ဆုံးဖြတ်ချက် ချမှတ်ထားခြင်းဖြစ်သည်။

ဟန်နေသစ် စုစည်းသည်

# ဥရောပသမဂ္ဂမှ ခွင့်ပြုပေးလျက်ရှိသော ယေဘုယျအကောက်ခွန်သက်သာခွင့်စနစ် (Generalized System of Preference-GSP) အစီအစဉ်နှင့် တင်ပို့သူမှ မှတ်ပုံတင်၍ကိုယ်တိုင် သက်သေခံကာထုတ်ပေးသည့်စနစ် (Registered Exporter System-REX) အကြောင်း သိကောင်းစရာများ

| ရွှေစင်ဦး |

**ယခင်တစ်ပတ်မှအဆက်**

* GSP ကို အခြား အထူးအခွင့်အရေးသဘောတူညီချက်တစ်ခုနှင့်အစားထိုးခြင်း။ (ဥပမာ မြန်မာနှင့် အီးယူအကြား လွတ်လပ်စွာ ကုန်သွယ်ခွင့် သဘောတူညီမှု။
* အကျိုးခံစားသည့်နိုင်ငံမှ ပို့ကုန်များက အီးယူ၏ ဒေသခံကုန်ထုတ်လုပ်သူများအတွက် စိုးရိမ်ဖွယ် ခြိမ်းခြောက်မှု တစ်ခုဖြစ်လာပါက အီးယူ၏ ကုန်ထုတ်လုပ်သူများအား ကာကွယ်စောင့်ရှောက်ပေးမည့်အစီအမံများ။

အောက်ပါအချက်များနှင့် အကျုံးဝင်နေလျှင်လည်း GSP ကို ယာယီ ရုပ်သိမ်းနိုင်သည်။

* တရားမဝင် မူးယစ်ဆေးဝါး သို့မဟုတ် မူးယစ်ဆေးဝါးထုတ်လုပ်ရန် ကုန်ကြမ်းပစ္စည်းများအားတင်ပို့မှု သို့မဟုတ် တစ်ဆင့်ခံတင်ပို့မှုပေါ် အကောက်ခွန် ထိန်းချုပ်ခြင်းတွင် ဆိုးဆိုးရွားရွား လိုအပ်ချက်များရှိနေခြင်း၊ သို့မဟုတ် အကြမ်းဖက်မှု တိုက်ဖျက်ရေးဆိုင်ရာ ငွေကြေးခဝါချခြင်းဆိုင်ရာ ကွန်ဗင်းရှင်းများကို လိုက်နာရန်ပျက်ကွက်ခြင်း။
* ရေလုပ်ငန်းကဏ္ဍတွင် ဒေသတွင်း ငါးလုပ်ငန်းအဖွဲ့အစည်းများက လက်ခံကျင့်သုံးလျက်ရှိသည့် ငါး အရင်းအမြစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် စီမံခန့်ခွဲခြင်းတို့နှင့် သက်ဆိုင်သည့် ဦးတည်ချက် များအား ဆိုးရွားစွာ စနစ်တကျချိုးဖောက်ခြင်း။

EU GSP ၏အကျိုးကျေးဇူးများကို ခံစားနိုင်ရန် မြန်မာနိုင်ငံမှ ကုန်ပစ္စည်းများပြည့်မီရန် လိုအပ်သည့် အဓိကသတ်မှတ်ချက်များကို ရှေ့လာမည့် EU GSP ဆိုင်ရာ ပင်ရင်းနိုင်ငံစည်းမျဉ်းများ အခန်းတွင် ဖော်ပြထားသည်။

## ၃။ အီးယူ၏ အထူးကုန်သွယ်မှု ကင်းလွတ်ခွင့်၏ ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းများ။

### ၃.၁။ ပင်ရင်းနိုင်ငံစည်းမျဉ်းများမှာ အဘယ်နည်း။ အဘယ်ကြောင့်၎င်းတို့ကို လိုအပ်သနည်း။

နိုင်ငံတကာတွင် ကူးသန်းရောင်းဝယ်နေကြသည့် ကုန်ပစ္စည်းအားလုံးသည် နိုင်ငံတစ်နိုင်ငံထဲမှ သွင်းအားစုများနှင့် အပြည့်အဝထုတ်လုပ်ထားခြင်း ဖြစ်နိုင်သလို နှစ်နိုင်ငံအထက်နိုင်ငံများမှ သွင်းအားစုများနှင့် ထုတ်လုပ်ထားခြင်းလည်း ဖြစ်နိုင်သည်။ ကုန်ပစ္စည်းတစ်ခု၏ ပင်ရင်းနိုင်ငံအပေါ် မူတည်၍ အခွန်ကောက်ခံမှုပုံစံသည် ပြောင်းလဲနိုင်သည်။ ထို့ကြောင့် ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းများသည် ကုန်ပစ္စည်းများအား ရရှိသည့်နေရာပေါ် မူတည်၍ ရွေးချယ်စစ်ထုတ်ရခြင်းဖြစ်သည်။ GSP စပ်လျဉ်း၍ အခွင့်အရေးပေးသည့်နိုင်ငံ (ဆိုလိုသည်မှာ ဥရောပသမဂ္ဂ)သည် အကောက်ခွန်ဆိုင်ရာ အထူးအခွင့်အရေးများကို အကျိုးခံစားရသည့် နိုင်ငံမှ ကုန်ပစ္စည်းများကိုသာ ပေးအပ်ခြင်းဖြစ်ကြောင်း သေချာစေလိုသည်။ တစ်နည်းအားဖြင့် ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းများ၏ ရည်ရွယ်ချက်သည် မည်သည့် ကုန်ပစ္စည်းများက အထူးအခွင့်အရေးများကို ရရှိခံစားရန်အရည်အချင်း ပြည့်မီသည်၊ မည်သည့်ကုန်ပစ္စည်းများမှာမူ အထူးအခွင့်အရေးမှ ဖယ်ထုတ်ထားခြင်းခံရမည်ကို သတ်မှတ်ပေးရန်ဖြစ်သည်။ ဤအချက်သည် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများမှ ကုန်ပစ္စည်းအတွက် အထူးသဖြင့် မှန်ကန်ပြီး ၎င်းကုန်ပစ္စည်းများသည် အရက်ရောဆုံး အထူးအခွင့်အရေးများ၊ သုည အကောက်ခွန်နှုန်းထားနှင့် ခွဲတမ်းသတ်မှတ်ချက်တို့ မရှိဘဲ အီးယူဈေးကွက်သို့ ဝင်ရောက်ခွင့်ကို ရရှိထားသည်။ EU GSP ၏ ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းများက မြန်မာနိုင်ငံမှ ကုန်ပစ္စည်းများသည် မြန်မာနိုင်ငံတွင် အပြည့်အဝရရှိကြောင်း သို့မဟုတ် မြန်မာနိုင်ငံတွင် အစပြုသည်ဟု ယူဆနိုင်ရန် လုံလောက်သော အသွင်ပြောင်းလဲမှု အဆင့်တစ်ခုကို ဖြတ်သန်းရန် လိုအပ်ကြောင်း တောင်းဆိုထားသည်။ တစ်ချိန်တည်း၌ ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းများနှင့် သတ်မှတ်ချက်များက (ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာလွှဲပြောင်းမှု စသည်တို့အပါအဝင်)ပြည်တွင်းထုတ်လုပ်မှုကို အဆင့်တစ်ခုအထိ ရောက်ရှိစေရန် တောင်းဆိုထားသည်။ သို့မှသာ ၎င်းသည် EU GSP ၏ ရည်မှန်းချက်များနှင့်အညီ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုမည်ဖြစ်သည်။ ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းများသည် EU GSP အထူးအခွင့်အရေးများကို လှည့်စားရယူခြင်း မပြုနိုင်ရန်လည်း ထိထိရောက်ရောက် ကာကွယ်ထားသည်။ ဥပမာအားဖြင့် မြန်မာနိုင်ငံမှတစ်ဆင့် ဖြတ်သန်းတင်ပို့သည့် သို့မဟုတ် ပြန်လည်ပြင်ဆင် ထုပ်ပိုးသည့် ရိုးရှင်းသော နည်းလမ်းများကို ရှောင်ရှားရန် ဖြစ်သည်။

မှတ်ချက်။ ။ GSP အထူးအခွင့်အရေးသည် ရုပ်ဝတ္ထုပစ္စည်းများအတွက်သာ အကျိုးဝင်ပြီး ဝန်ဆောင်မှုများ၊ အကောင်အထည်မဲ့ကုန်ပစ္စည်းများ (ဥပမာ- အသိဉာဏ်ပစ္စည်းများအတွက် အကျုံးမဝင်ပါ။)

(ကိုးကား။ ဥရောပသမဂ္ဂ၏အထူးအကောက်ခွန်ကင်းလွတ်သက်သာခွင့်စနစ်နှင့် ၎င်း၏ ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းများအတွက် လမ်းညွှန်)

**ဆက်လက်ဖော်ပြပါမည်။**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဆန်စပါး Supply Chain နှင့် ဆန်ဈေးကွက်တို့အပေါ် လေ့လာဆန်းစစ်သုံးသပ်ခြင်း

**နန္ဒာဝင်း၊ ဟန်နီ (WTO)**

**ယခင်တစ်ပတ်မှအဆက်**

### တရုတ်နိုင်ငံ၏ ဆန်စပါးနှင့်ပတ်သက်သည့် မူဝါဒဆိုင်ရာ လုပ်ထုံး လုပ်နည်းများ

တရုတ်နိုင်ငံ၏ ဆန်စပါးကဏ္ဍဆိုင်ရာ မူဝါဒများကို အခွန်အကောက်ဆိုင်ရာမူဝါဒ၊ ကုန်စည်ပစ္စည်းဆိုင်ရာမူဝါဒ၊ ထုတ်လုပ်မှုဆိုင်ရာမူဝါဒနှင့် ကုန်သွယ်မှုမူဝါဒဟူ၍ လေ့လာနိုင်သည်။

**အခွန်အကောက်ဆိုင်ရာ မူဝါဒ။** အခွန်အကောက်ဆိုင်ရာမူဝါဒတွင် လယ်ယာစိုက်ပျိုးရေးဆိုင်ရာ အခွန်အကောက်များ ဖယ်ရှားခြင်းနှင့် တန်ဖိုးမြှင့်ထုတ်ကုန်ဆိုင်ရာ အခွန်အကောက်များ (Value – added Tax –VAT) မှ ကင်းလွတ်ခြင်းဟူ၍ နှစ်ပိုင်းပါဝင်ပါသည်။ ပထမအပိုင်းဖြစ်သည့် လယ်ယာစိုက်ပျိုးရေးဆိုင်ရာ အခွန်အကောက်များ ဖယ်ရှားခြင်းတွင် အစိုးရအနေဖြင့် တောင်သူလယ်သမားများထံမှ နှံစားသီးနှံထုတ်လုပ်မှု စွမ်းအားအပေါ် အခြေခံ၍ ကောက်ခံသည့် လယ်ယာစိုက်ပျိုးရေးဆိုင်ရာ အခွန်အကောက်များ ကောက်ခံခြင်းကို ၂၀၀၆ ခုနှစ်တွင် ရုပ်သိမ်းခဲ့ပါသည်။ သို့သော်လည်း အခြားသောနေရာများတွင် ယင်းအခွန်အခအစား ဒေသဆိုင်ရာကောက်ခံခြင်းများ ရှိနေသည်ဟု သိရပါသည်။ ၎င်းအခွန်အမျိုးအစားဖယ်ရှားခြင်း တန်ဖိုးမှာ ခန့်မှန်းခြေအမေရိကန်ဒေါ်လာ ၂၁ သန်းခန့် ရှိပါသည်။ ဒုတိယအပိုင်းဖြစ်သည့် တန်ဖိုးမြှင့်ထုတ်ကုန်ဆိုင်ရာ အခွန်အကောက်များမှ ကင်းလွတ်ခြင်းအရ လယ်သမားများသည် အဆင့်ဆင့် ထုတ်လုပ်ပြုပြင်စီမံထားခြင်းမရှိသည့် လယ်ယာထွက်ကုန်များအပေါ် တန်ဖိုးမြှင့်ထုတ်ကုန်ဆိုင်ရာ အခွန်အကောက်များ (VAT) ၁၃ ရာခိုင်နှုန်းနှင့် ပြုပြင်ထုတ်လုပ်ထားသည့် ကုန်ပစ္စည်းများ အပေါ် ၁၇ ရာခိုင်နှုန်းကောက်ခံခြင်းမှ ကင်းလွတ်ခွင့်ရရှိပါသည်။ သမဝါယမ ဆောင်ရွက်သည့် လယ်သမားအစုအဖွဲ့များနှင့် လယ်ယာထွက်ကုန် စီးပွားရေးလုပ်ငန်းများကို ဦးဆောင်ဦးရွက်ပြုနေသူများသည် တောင်သူလယ်သမားများထံမှ လယ်ယာထွက်ကုန်များ ဝယ်ယူခြင်းအပေါ် (VAT) ကင်းလွတ်ခွင့်ရရှိသည်။

**ကုန်စည်ပစ္စည်းဆိုင်ရာမူဝါဒ။** ကုန်စည်ပစ္စည်းဆိုင်ရာမူဝါဒတွင် အရန်ဆန်များ လက်ဝယ်သိုလှောင်ရေးအတွက် အထောက်အပံ့ပြုမှု ပါဝင်ပါသည်။ နှံစားသီးနှံဂိုဒေါင်များသည် အရန်ဆန်များကို သိုလှောင်ခပါ အပါအဝင်ဖြစ်သည့် ဝယ်ယူသည့်ဈေးနှုန်းထက်သာလွန်သည့်ဈေးနှုန်းဖြင့် ရောင်းချနိုင်သည့်အချိန်အထိ သိုလှောင်ထားပါသည်။ အစိုးရပေးချေမှုများသည် ဂိုဒေါင်များက ပေးချေရသည့် ဈေးကွက်အတိုးနှုန်းထက်လျော့နည်းသည့် ချေးငွေများနှင့် သိုလှောင်ခ များဆိုင်ရာ ပြဋ္ဌာန်းချက်များပါဝင်ပါသည်။ ၂၀၀၅ ခုနှစ်မှ ၂၀၁၂ ခုနှစ်အတွင်း ထုတ်လုပ်ခဲ့သည့် ၂၅ ရာခိုင်နှုန်းထက် ပိုမိုသော ဆန်အပါအဝင် နှံစားသီးနှံများကို တရုတ်နိုင်ငံ၊ လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးရေးဘဏ်မှ အစိုးရ၏ အတိုးနှုန်းလျော့နည်းသည့် ချေးငွေများဖြင့် ဝယ်ယူခဲ့သည်။

**ထုတ်လုပ်မှုဆိုင်ရာမူဝါဒ။** ထုတ်လုပ်မှုဆိုင်ရာမူဝါဒတွင်လယ်ယာသုံးစက်ပစ္စည်းများ ဝယ်ယူရေးပံ့ပိုးမှု၊ တိုက်ရိုက်ပေးငွေများ၊ နှံစား သီးနှံစိုက်ခင်းကြီးများအတွက် ပေးငွေများ၊ အထွေထွေသွင်းအားစုဆိုင်ရာပေးငွေများ( လောင်စာဆီ / ဓာတ်မြေဩဇာ)၊ အရည်အသွေးမြင့် မျိုးစေ့များဝယ်ယူရေးပံ့ပိုးမှုနှင့် ငွေကြေးပံ့ပိုးမှုများ စသည်တို့ ပါဝင်သည်။

**ကုန်သွယ်မှုမူဝါဒ။** ကုန်သွယ်မှုမူဝါဒအပိုင်းအနေဖြင့် ပို့ကုန်များနှင့် သွင်းကုန်များဟူ၍ အပိုင်းနှစ်ပိုင်းပါဝင်သည်။ ပို့ကုန်များနှင့်ပတ်သက်၍ ပို့ကုန်တင်ပို့မှုခွင့်ပြုချက်များကို နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ (SOEs) ကသာ ဆောင်ရွက်သည်။ သွင်းကုန်များနှင့် ပတ်သက်၍ ဆန်တင်သွင်းမှုများ၏ မက်ထရစ်တန်ချိန် ၅ ဒသမ ၃ သန်းအတွက် TRQ အဖြစ် Long grain rice နှင့် Medium /short grain rice များအကြား နှစ်စဉ်ခွဲခြားဆောင်ရွက်လျက်ရှိသည်။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနှင့် ပုဂ္ဂလိကလုပ်ငန်းများအတွက် ၅၀ ရာခိုင်နှုန်းစီ ခွဲဝေဆောင်ရွက်နေသည်။ In – quota tariff သည် ၁ ရာခိုင်နှုန်း ad valorem ကောက်ခံပြီး over- quota tariff အတွက်မူ ၆၅ ရာခိုင်နှုန်း ad valorem ကောက်ခံသည်။

### တရုတ်နိုင်ငံတွင် ဆန်စပါးနှင့်ပတ်သက်၍ အစိုးရမှ အထောက်အပံ့ပြုမှု အစီအစဉ်များ

တရုတ်နိုင်ငံအစိုးရသည် ထုတ်လုပ်မှုအဆင့်တိုင်းကို ပံ့ပိုးခြင်းနှင့် ခေတ်မီနည်းပညာများအဖြစ် အဆင့်မြှင့်တင်ခြင်းကို အဓိကအခြေခံသည့်မူဝါဒများဖြင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍအတွက် အထောက်အပံ့ပြုကာ အစားအစာဘေးကင်းလုံခြုံမှုနှင့် ပြည်တွင်းအတွက် ဖူလုံလောက်ငမှုရှိသည့် ဆန်ထုတ်လုပ်မှုတို့ကို ရည်မှန်းဆောင်ရွက်နေပါသည်။ အဆိုပါအစီအစဉ်များ အောင်မြင်စေရန် အစိုးရက ဆန်စပါး ကဏ္ဍတွင် တိုက်ရိုက်ပေးငွေများ၊ ထောက်ပံ့ကြေးများ၊ အခွန်သက်သာခွင့်များ၊ သိုလှောင်မှုကုန်ကျစရိတ်ထောက်ပံ့ခြင်းများ၊ ဈေးနှုန်းပံ့ပိုးမှုများ၊ အရည်အသွေးနှင့် ရန်ပုံငွေဆိုင်ရာမက်လုံးများ၊ သွင်းကုန်ကာကွယ်ပေးမှုများစသည့် အစီအမံများချမှတ်ဆောင်ရွက်နေပါသည်။

**ဆက်လက်ဖော်ပြပါမည်။**

# ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုဆိုင်ရာ ထူးခြားဖြစ်စဉ်ပြောင်းလဲမှုများနှင့် နိုင်ငံအသီးသီးမှ WTO သတ်မှတ်ချက်နှင့်အညီ လိုက်ပါဆောင်ရွက်မှုများ

**ညီညီအောင် (WTO သံမှူး)**

ယခင်တစ်ပတ်မှအဆက်

**ဆော်ဒီအာရေးဗျမှ ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ဝင်နိုင်ငံအချို့၏ ရေထွက်ကုန်များ တင်သွင်းခွင့် ယာယီပိတ်ပင်ခြင်း**

ဆော်ဒီအာရေးဗျနိုင်ငံသည် မြန်မာ၊ ဗီယက်နမ်၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများမှ ရေထွက်ကုန်များ တင်သွင်းခွင့်အား ယာယီပိတ်ပင်ကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ Notification ပြုလုပ်ခဲ့ပါသည်။

ဆော်ဒီအာရေးဗျနိုင်ငံသည် ဗီယက်နမ်နိုင်ငံထွက် ရေထွက်ကုန်များကို ဇန်နဝါရီ ၂၃ ရက်တွင်လည်းကောင်း၊ အိန္ဒိယ နိုင်ငံထွက် မွေးမြူရေးရေထွက်ကုန်များကို ဧပြီ ၁ ရက်တွင်လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံထွက် မွေးမြူရေး ရေထွက်ကုန်များကို ဧပြီ ၁ ရက်တွင်လည်းကောင်း တင်သွင်းခွင့် ယာယီပိတ်ပင်ကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ Notification ပြုလုပ်ခဲ့ခြင်း ဖြစ်ပါသည်။

ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (World Organization for Animal Health – OIE) ၏ အစီရင်ခံစာ၌ ဗီယက်နမ်နိုင်ငံမှ ရေထွက်ကုန်များတွင် အဖြူစက်ရောဂါနှင့် Acute Hepatopancreatic Necrosis Disease (AHPND) ရောဂါများ တွေ့ရှိရခြင်း၊ Saudi Food and Drug Authority (SFDA) ၏ အစီရင်ခံစာအရ အိန္ဒိယနိုင်ငံမှ မွေးမြူရေး ရေထွက်ကုန်များနှင့်ပတ်သက်၍ ကျန်းမာရေးဆိုင်ရာ အာမခံချက်နှင့်ပတ်သက်၍ ရှင်းရှင်းလင်းလင်း မသိရှိရခြင်း၊ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (World Organization for Animal Health – OIE) ၏ အစီရင်ခံစာအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် ၂၀၁၃ ခုနှစ်မှစ၍ မွေးမြူရေးရေထွက်ကုန်များ နှင့်ပတ်သက် ကျန်းမာရေးဆိုင်ရာဖော်ပြချက်များကို Update အစီရင်ခံတင်ပြမှုမရှိခြင်း စသော အကြောင်းပြချက်များဖြင့် အဆိုပါနိုင်ငံများမှ ဖော်ပြပါ ရေထွက်ကုန်များကို ယာယီပိတ်ပင်ကြောင်း ဆော်ဒီအာရေးဗျနိုင်ငံမှ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ တင်ပြခဲ့သော Notification တွင် ဖော်ပြပါရှိပါသည်။

ဆော်ဒီအာရေးဗျနိုင်ငံသည် မြန်မာနိုင်ငံမှ တင်ပို့သည့် ရေထွက်ကုန်ပစ္စည်းများကို ဧပြီ ၁ ရက်မှ စတင်ကာ တင်သွင်းခွင့်အား ယာယီရပ်ဆိုင်းကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ Notification ပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။ ဆော်ဒီအာရေးဗျနိုင်ငံမှ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ အကြောင်းကြားမှုတွင် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (World Organization for Animal Health – OIE) ၏ အစီရင်ခံစာ၌ မြန်မာနိုင်ငံ၏ နေရာအချို့မှ ငါးများတွင် အမြီးဖြူကူးစက်ရောဂါဖြစ်ပွားနေသဖြင့် တင်သွင်းခွင့် ယာယီရပ်ဆိုင်းခြင်းဖြစ်ကြောင်း ဆော်ဒီအာရေးဗျနိုင်ငံမှ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ တင်ပြခဲ့သော Notification တွင် ဖော်ပြထားပါသည်။

ဆော်ဒီအာရေးဗျနိုင်ငံအနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ အကြောင်းကြားရာတွင် တင်သွင်းခွင့်အား ယာယီ ရပ်ဆိုင်းကြောင်းကိုသာ ဖော်ပြထားပြီး ၎င်းနှင့်ပတ်သက်၍ အသေးစိတ် ထုတ်ပြန်ထားသည့် အချက်အလက်များ ပါဝင်ခြင်းမရှိကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ သက်ဆိုင်ရာ Committee on Sanitary and Phytosanitary (SPS) သို့ အလွတ်သဘော ဆက်သွယ်စုံစမ်း မေးမြန်းချက်အရ သိရှိရပါသည်။

အဆိုပါ ယာယီတင်သွင်းခွင့် ပိတ်ပင်သည့် ကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဆော်ဒီအာရေးဗျနိုင်ငံ၏ SPS ဆိုင်ရာ National Notification Authority (NNA) နှင့် National Enquiry Point (NEP) တို့နှင့်ပတ်သက်၍ အောက်ဖော်ပြပါ အဖွဲ့အစည်းသို့ ဆက်သွယ်မေးမြန်း စုံစမ်းရန်အတွက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ ပေးပို့ခဲ့သော Notification တွင် ဖော်ပြထားပါသည် -

***Saudi Food and Drug Authority***
***SFDA – 3292 North Ring Foad Al Nafel Area Unit (1) – Riyadh 13312 – 6288***
***Tel : +(966 11) 275 9222, ext. 3331***
***Fax: +(966 11) 210 9825***
***E-mail: SPSEP.Food@sfda.gov.sa***
***Website: http://www.sfda.gov.sa***

**ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ Trade Development in LDCs ဆိုင်ရာ သတင်းအချက်အလက် ဝက်ဘ်ဆိုက်စတင်လွှင့်တင်ခဲ့မှုသတင်း**

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအတွက် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကူအညီအစီအစဉ် (Enhanced Integrated Framework – EIF) မှ Trade Development in LDCs ဆိုင်ရာ သတင်းအချက်အလက် ဝက်ဆိုက်အား ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်တွင် စတင်လွှင့်တင်ခဲ့ပါသည်။ အဆိုပါ ဝက်ဆိုက်မှာ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများသို့ ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကူအညီများနှင့်ပတ်သက်၍ အောင်မြင်မှုများ၊ စိန်ခေါ်မှုများ၊ ဆောင်ရွက်မည့် အစီအစဉ်ဆိုင်ရာ မဟာဗျူဟာများနှင့် လုပ်ငန်းစဉ်များကို လေ့လာသိရှိနိုင်ရန်အတွက် ရည်ရွယ်ကာ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။ အဆိုပါဝက်ဆိုက်ကို EIF အတွင်းရေးမှူးရုံးအဖွဲ့မှ တာဝန်ကြီး ကြပ်ထားပြီး ဝက်ဆိုက်လိပ်စာမှာ https://trade4devnews..enhancedif.org/ ဖြစ်ကြောင်း သိရှိရပါသည်။

**၂၀၁၈ ခုနှစ်အတွက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အာရှ–ပစိဖိတ်အုပ်စုမှ Coordinator အပြောင်းအလဲ**

၂၀၁၈ ခုနှစ်အတွက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အာရှ - ပစိဖိတ်အုပ်စုမှ Coordinator အဖြစ် တောင်ကိုရီးယားသံအမတ်ကြီး H.E. Mr. Kyonglim CHOI အား တာဝန်ထမ်းဆောင်ရန် ၂၀၁၇ ခုနှစ်အတွက် Coordinator ဖြစ်သူ အင်ဒိုနီးရှားသံအမတ် H.E. Mrs Sondang Angraini မှ အဆိုပြုခဲ့ရာ H.E. Mr. Kyonglim CHOI မှ သဘောတူညီခဲ့ပါသည်။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အာရှ - ပစိဖိတ်အုပ်စု Coordinator အဖြစ် တောင်ကိုရီးယားမှ တာဝန်ယူရန်ကိစ္စနှင့်ပတ်သက်၍ အာရှ-ပစိဖိတ်အုပ်စု အဖွဲ့ဝင်နိုင်ငံများကလည်း ကန့်ကွက်ခြင်းမရှိဘဲ သဘောတူညီခဲ့ကြပါသည်။ တောင်ကိုရီးယားသံအမတ်ကြီး H.E. Mr. Kyonglim CHOI သည် လာမည့်နွေဦးပေါက်ကာလတွင် တာဝန်ပြီးဆုံးမည်ဖြစ်ပြီး အသစ်ရောက်ရှိလာမည့် တောင်ကိုရီးယား သံအမတ်ကြီးမှ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အာရှ - ပစိဖိတ်အုပ်စုမှ Coordinator အဖြစ် ဆက်လက် တာဝန်ယူသွားရန် ညှိနှိုင်းထားပြီးဖြစ်ကြောင်း သိရှိရပါသည်။

**၂၀၁၈ ခုနှစ်အတွက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ LDC Coordinator အပြောင်းအလဲ**

၂၀၁၈ ခုနှစ်အတွက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ LDC Coordinator အဖြစ် ဆောင်ရွက်ရန် Republic of Central Africa က စိတ်ဝင်စားကြောင်း အဆိုပြုခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများအနေဖြင့် Republic of Central Africa ၏ အဆိုပြုချက်ကို လက်ခံခဲ့ပါသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ LDC Coordinator အဖြစ် ဆောင်ရွက်ရန်အတွက် အဖွဲ့ဝင် LDC နိုင်ငံများ၏ အမည်အက္ခရာစဉ်အတိုင်း အလှည့်ကျဆောင်ရွက်သွားရန် အခြေခံမူချမှတ် သဘောတူညီ ထားပါသည်။ ၂၀၁၇ ခုနှစ်အတွက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ LDC Coordinator အဖြစ် ကမ္ဘောဒီးယား နိုင်ငံမှ ဆောင်ရွက်ခဲ့ပါသည်။ Republic of Central Africa သို့ LDC Coordinator အဖြစ် လွှဲပြောင်းမည့်အခမ်းအနားအား ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်တွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၌ ကျင်းပခဲ့ပြီး အဆိုပါ အခမ်းအနားသို့ ကမ္ဘောဒီးယား နှင့် Republic of Central Africa မှ ကုန်သွယ်ရေး ဆိုင်ရာဝန်ကြီးများ၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ဒုတိယညွှန်ကြား ရေးမှူးချုပ်နှင့် အဖွဲ့ဝင် LDC နိုင်ငံများမှ အမြဲတမ်းကိုယ်စားလှယ် များနှင့် ဘာသာရပ် တာဝန်ခံများ တက်ရောက်ခဲ့ကြပါသည်။

# ထိုင်းနိုင်ငံရှိ startups လုပ်ငန်းများဖွံ့ဖြိုးရေးအတွက် ဂျပန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မည်

ထိုင်းနိုင်ငံသည် အာဆီယံဒေသ၌ ဆန်းသစ်တီထွင်မှုအချက်အခြာနိုင်ငံတစ်နိုင်ငံ ဖြစ်လာစေရန် မျှော်မှန်း၍ startups လုပ်ငန်းများဖွံ့ဖြိုး တိုးတက်ရေးနှင့် လုပ်ငန်းအသစ်များပေါ်ထွန်းလာရန်အတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းစဉ်ကို ဂျပန်နိုင်ငံနှင့် ဆွေးနွေးလျက်ရှိသည်ဟု သိရှိရသည်။

ဂျပန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မည့် startups ဖွံ့ဖြိုးရေးအစီအစဉ်ကို Open Innovation Columbus ဟု အမည်ပေးထားပြီး ဂျပန်နိုင်ငံမှ နိုင်ငံအဆင့် startups လုပ်ငန်းများကို ထိုင်းနိုင်ငံသို့ ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း၊ ဂျပန် startups လုပ်ငန်းများနှင့်အတူ ဆန်းသစ်တီထွင်မှုအိုင်ဒီယာများ ပါဝင်လာမည်ဖြစ်ရာ နှစ်နိုင်ငံ startups လုပ်ငန်းများအချင်းချင်း ပိုမိုရင်းနှီးမှုရရှိရန် startups တွေ့ဆုံပွဲကိုကျင်းပရန်စီစဉ်ထားကြောင်း၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မည့် startups ဖွံ့ဖြိုးရေး အစီအစဉ်ကို ထိုင်းနိုင်ငံ စက်မှုဝန်ကြီးဌာနနှင့် အတူ ဂျပန်နိုင်ငံ၏စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက အနီးကပ်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံ startups ကော်မတီတစ်ခုကို ဖွဲ့စည်းမည်ဖြစ်ရာ အစိုးရနှင့်ပုဂ္ဂလိက ကဏ္ဍမှ ကိုယ်စားလှယ်များ ပါဝင်မည်ဖြစ်ကြောင်းနှင့် နှစ်နိုင်ငံ startups လုပ်ငန်းများ တွေ့ဆုံပွဲသို့ တစ်နိုင်ငံလျှင် startups လုပ်ငန်းပေါင်း ၃၀ ကို တက်ရောက်ခွင့်ပေးမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ၊ စက်မှုဝန်ကြီးဌာနဝန်ကြီး Mr. Uttama Savanayana က ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနမှ ကိုယ်စားလှယ်အဖွဲ့သည် ယခုနှစ် မေလတွင် ထိုင်းနိုင်ငံသို့ လာရောက်လည်ပတ်ကြမည်ဖြစ်ပြီး နောက်ထပ်နှစ်နိုင်ငံ ပူးပေါင်း ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကိုလည်း ဆွေးနွေးရန်ရှိပါသည်။ ဂျပန်အစိုးရမှနောက်ထပ်ပံ့ပိုးမည့်အစီအစဉ်များတွင် SMEs လုပ်ငန်းများ၏ ထိရောက်မှုနှင့် ကုန်ထုတ်စွမ်းအား မြှင့်တင်ရေးကို အထောက်အကူပြုမည့် IOT(Internet of Things) ထောက်ပံ့ရေးအစီအစဉ်များ ပါဝင်ပါသည်။ ထိုင်းနိုင်ငံသို့ လာရောက်မည့် ဂျပန်အစိုးရကိုယ်စားလှယ်အဖွဲ့နှင့်အတူ Denso၊ Hitachi နှင့် Kojima စသည့် ကုမ္ပဏီများအပါအဝင် လုပ်ငန်း စုစုပေါင်း ၆၀ ခန့် တက်ရောက်မည်ဖြစ်သည်။

ထိုင်းနိုင်ငံအစိုးရအနေဖြင့်startups လုပ်ငန်းများ တွေ့ဆုံပွဲအပြင် လယ်ယာကဏ္ဍ၊ လယ်ယာထွက်ကုန် စနစ်တကျထုတ်လုပ်ခြင်းနှင့် ပင်လယ်စာဆိုင်ရာ လုပ်ငန်းများ တွေ့ဆုံပွဲကိုလည်း ကျင်းပပေးရန် စိတ်အားထက်သန်လျက်ရှိပြီး ယခုနှစ်၏ ဒုတိယသုံးလပတ်တွင် ဆောင်ရွက်ပေးနိုင်ရန် မျှော်မှန်းထားသည်။

ထို့အပြင် ထိုင်းအစိုးရသည် အော်တိုနှင့် စက်ရုပ်နည်းပညာများကို အသုံးပြု၍ ပြည်တွင်းရှိSMEs လုပ်ငန်းများ၏ထိရောက်မှုနှင့် ကုန်ထုတ်စွမ်းအားကိုမြှင့်တင်ပေးခြင်းဖြင့် ၎င်းတို့၏ယှဉ်ပြိုင်မှုစွမ်းရည် မြင့်တက်လာပြီး တိုင်းပြည်၏ယှဉ်ပြိုင်မှုတိုးတက်ရေးကိုလည်း အထောက်အကူပြုမည်ဖြစ်သည်။

ထိုင်းနိုင်ငံသည် ဂျပန်လုပ်ငန်းများ၏ကုန်ထုတ်လုပ်မှုအချက်အခြာနိုင်ငံတစ်နိုင်ငံဖြစ်၍ ထိုင်းနိုင်ငံ၏ အဆင့်မြင့်တင် ဆောင်ရွက်မှုတိုင်းအတွက် ဂျပန်နိုင်ငံဘက်မှကူညီရန် အဆင်သင့်ရှိကြောင်း၊ ထိုင်းလုပ်ငန်းများအား ပြည်တွင်းရှိ ဂျပန်လုပ်ငန်းများ၏စွမ်းဆောင်ရည်နှင့်အညီ မြှင့်တင်ပေးခြင်းဖြင့် နောက်ထပ်ဂျပန် လုပ်ငန်းများ ထိုင်းနိုင်ငံအတွင်း၌ တိုးချဲ့လာရေးကို အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ဂျပန်နိုင်ငံသည် ထိုင်းနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်ရေးအတွက် ပြည်တွင်းပညာရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ လေ့ကျင့်သင်တန်းများ ပေးလျက်ရှိကြောင်းနှင့် ထိုင်းနိုင်ငံ၏ Flex compus project တွင်လည်း ပါဝင်ဆောင်ရွက်ရန် ဂျပန်လုပ်ငန်း ၄၀ ခန့်၏သဘောတူညီချက်များ ရရှိထားကြောင်း ဝန်ကြီး Mr. Uttama က ပြောကြားခဲ့သည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ၂၀၁၈ ခုနှစ်တွင် ဗီယက်နမ်၌ အီးကောမတ်စ်လုပ်ငန်း တိုးတက်ရန် အရှိန်ယူ

ဗီယက်နမ်နိုင်ငံတွင် လက်လီရောင်းချရေးလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုလာခြင်းနှင့်အတူ အင်တာနက်အသုံးပြုမှုနှင့် စမတ်ဖုန်းပိုင်ဆိုင်မှုများ တိုးတက်များပြားလာသဖြင့် အီးကောမတ်စ်ဈေးကွက်သည် ဗီယက်နမ်နိုင်ငံ၌ အရှိန်ရလာကြောင်း ပြည်တွင်းမီဒီယာသတင်းကို ကိုးကား၍ ဗီယက်နမ်နယူးစ်သတင်းတွင် ဖော်ပြသည်။

ဗီယက်နမ်နိုင်ငံသည် ကမ္ဘာတွင် အီးကောမတ်စ် လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လျက်ရှိသော နိုင်ငံတစ်နိုင်ငံအဖြစ် ပါဝင်နေကြောင်း စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိဗီယက်နမ်အီးကောမတ်စ်နှင့် သတင်းအချက်အလက်နည်းပညာ အေဂျင်စီ (Vecita) ၏ ဒုတိယညွှန်ကြားရေးမှူး လိုင်ဗီယက်အန်းက ပြောသည်။

“ဗီယက်နမ်ရဲ့ အီးကောမတ်စ်က နှစ်စဉ် ၃၅ ရာခိုင်နှုန်း တိုးတက်နေတဲ့အတွက် ဂျပန်နိုင်ငံထက် နှစ်ဆခွဲပိုမြန်ပါတယ်”ဟု အန်းက ပြောသည်။

အင်တာနက်နှင့် နည်းပညာကို အသုံးချနိုင်သော ဗီယက်နမ်စီးပွားရေးလုပ်ငန်းများ၏ အရေအတွက်သည် အင်တာနက်ကို အသုံးနည်းသော စီးပွားရေးလုပ်ငန်း အရေအတွက်ထက် နှစ်ဆကျော် ပိုမိုတိုးတက်များပြားလျက် ရှိသည်။

နည်းပညာ တီထွင်ဆန်းသစ်မှုအတွက် ကုမ္ပဏီဘတ်ဂျက်၏ ၃၀ ရာခိုင်နှုန်းကျော်ကို အသုံးပြုသော အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (SME) များမှာ ကုမ္ပဏီဘတ်ဂျက်၏ ၁၀ ရာခိုင်နှုန်းအောက်ကိုသာ အသုံးပြုသော ကုမ္ပဏီအရေအတွက်ထက် ကိုးဆကျော် ပိုမိုလျင်မြန်စွာ တိုးတက်လာကြောင်း အန်းက ပြောသည်။

ဗီယက်နမ် အီးကောမတ်စ်၏ လက်လီရောင်းချမှုလုပ်ငန်းသည် ၂၀၁၆ ခုမှ ၂၀၂၀ ပြည့်နှစ်ကာလအတွင်း နှစ်စဉ် တိုးတက်မှုနှုန်း ၂၀ ရာခိုင်နှုန်းရှိမည်ဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး၏ အီးကောမတ်စ်ရောင်းရငွေ စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံအထိ ရှိလာမည်ဟု ခန့်မှန်းထားကြောင်း အန်းက ပြောသည်။

သို့သော်လည်း အီးကောမတ်စ်လုပ်ငန်းကို ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ထုတ်ကုန်နှင့် ဝန်ဆောင်မှုများအတွက် စားသုံးသူယုံကြည်မှုနည်းပါးခြင်းနှင့် အွန်လိုင်းမှ ငွေပေးချေမှုအတွက် စိုးရိမ်မှုရှိခြင်း စသည်တို့အပါအဝင် အဟန့်အတားအမျိုးမျိုးနှင့် ရင်ဆိုင်နေရသည်ဟု ဆိုသည်။ ထို့အပြင် ဗီယက်နမ်ဝက်ဘ်ဆိုက်ဒ်အများစုသည် ထုတ်ကုန်များနှင့် ငွေပေးချေမှုအကြောင်း သတင်းအချက်အလက်ကဲ့သို့သော အခြေခံဝန်ဆောင်မှုများကိုသာ ပေးသည်။ ဒစ်ဂျစ်တယ်ဈေးကွက်လုပ်ငန်း ဆောင်ရွက်မှု၏ ကောင်းမွန်သော အချက်များနှင့် အွန်လိုင်းပြင်ပရောင်းချမှုများကို အွန်လိုင်းဖြင့် ချိတ်ဆက်ပေးခြင်း စသည့် ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိကြောင်း အန်းက ပြောသည်။

ဗီယက်နမ်၏ ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းအတွင်းသို့ လူသစ်များ ဝင်ရောက်လျက်ရှိသည့်အပြင် ဆောင်ရွက်နေဆဲ အော်ပရေတာများကလည်း ယင်းတို့၏ လုပ်ငန်းအရည်အသွေးကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိသဖြင့် ၂၀၁၈ ခုနှစ် အီးကောမတ်စ်ဈေးကွက်တွင် ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လာလိမ့်မည်ဟု ခန့်မှန်းထားသည်။ လျင်မြန်စွာ ကြီးထွားလျက်ရှိသော လိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် နိုင်ငံခြားမှ ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများနှင့် အီးကောမတ်စ်အော်ပရေတာတို့ ပူးပေါင်းပြီး ရရှိလာသော အခွင့်အလမ်းများကို အသုံးချသွားရန် စီစဉ်လျက်ရှိကြောင်းလည်း သူက ပြောသည်။ **ဉာဏ်တင်**

# လူငယ်များအတွက် အလုပ်အကိုင်များ တိုးမြှင့်ဖန်တီးရန် တောင်ကိုရီးယားအစိုးရက ဖြည့်စွက်ဘတ်ဂျက် အဆိုပြု

လူငယ်လူရွယ် အလုပ်လက်မဲ့နှုန်းမြင့်တက်မှုသည် စိုးရိမ်စရာဖြစ်လောက်အောင် များပြားနေပြီး ဆိုးဝါးသော အကျိုးဆက်များကို ဖြစ်ပေါ်စေနိုင်ကြောင်း အစိုးရက သတိပေးထားပြီးဖြစ်ရာ လူငယ်လူရွယ်များအတွက် အလုပ်အကိုင်သစ်များ ဖန်တီးရန် တောင်ကိုရီးယားအစိုးရက ဖြည့်စွက်ဘတ်ဂျက် ဝမ် ၃ ဒသမ ၉ ထရီလီယံ (အမေရိကန်ဒေါ်လာ ၃ ဒသမ ၆၉ ဘီလီယံ) ရရှိရန် အဆိုပြုထားကြောင်း ယွန်းဟပ်နယူးစ်သတင်းတွင် ဖော်ပြသည်။

ယခင်က အစီအမံအမျိုးမျိုးကို ဆောင်ရွက်ခဲ့သော်လည်း အဓိကအားဖြင့် နိုင်ငံ၏ စက်မှုလုပ်ငန်း၊ ပညာရေးနှင့် အလုပ်သမားဈေးကွက်တို့တွင် ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ အပြောင်းအလဲများ ပြုလုပ်နေသည့်အတွက် လူငယ်အလုပ်လက်မဲ့နှုန်းသည် ဆက်တိုက်မြင့်မားလျက်ရှိသည်။ အပြန်အလှန်အားဖြင့် လူငယ်အများစုမှာ လက်ထပ်မှုများကို ဆိုင်းငံ့ထားရသည့်အတွက် မွေးဖွားနှုန်းမှာလည်း ကျဆင်းခဲ့သည်။

ဖြည့်စွက်ဘတ်ဂျက်ကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ရယူရန် ဧပြီလ ၅ ရက်တွင် တင်ပြမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနက ပြောသည်။

အာဏာရ ဒီမိုကရက်တစ်ပါတီသည် လွှတ်တော်ကိုယ်စားလှယ် ၂၉၃ ဦးအနက် ၄၁ ရာခိုင်နှုန်းကို ရယူထားသည်။

အဆိုပြုထားသော ဖြည့်စွက်ဘတ်ဂျက်ထဲမှ အများစုဖြစ်သော ဝမ် ၂ ဒသမ ၉ ထရီလီယံကို အသေးစားစီးပွားရေးလုပ်ငန်းများအတွက် ပုံမှန်လုပ်သားသစ်များ ခန့်အပ်နိုင်အောင် ထောက်ပံ့မှုများ ပေးသွားမည်ဖြစ်ကြောင်းနှင့် အလုပ်သမားသစ်များနှင့် အလုပ်သမားသစ်များကို ခန့်ထားသော အသေးစား စီးပွားရေးလုပ်ငန်းများအတွက် အခွန်အကောက် မက်လုံးများ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဉာဏ်တင်**

# နည်းပညာ အရှိန်အဟုန်ဖြင့် တိုးတက်ရေးအတွက် ထိုင်းတက္ကသိုလ်များ ကြိုးပမ်းမည်

ကောင်စီက ချမှတ်ထားသော ‘တီထွင်ဆန်းသစ်ရေး ဗဟိုဌာနများ’ (Innovation Hubs) မူဝါဒကို အကောင်အထည်ဖော်ရန် ထိုင်းနိုင်ငံတက္ကသိုလ်အဓိပတိများကောင်စီ (Council of University Presidents of Thailand - CUPT) သည် ခိုင်မာပြတ်သားစွာ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း နေးရှင်းသတင်းတွင် ဖော်ပြသည်။



ယင်းမူဝါဒအရ တီထွင်ဆန်းသစ်မှု ထုတ်ကုန် နှင့် ဝန်ဆောင်မှုတို့အတွက် အခြေစိုက်စခန်းများအဖြစ် ဆောင်ရွက်မည့် CUPT အဖွဲ့ဝင်တက္ကသိုလ် အရေအတွက် နှစ်ဆမြှင့်တင်ရန်ဖြစ်သည်။ တက္ကသိုလ်များမှ ဆောင်ရွက်ထားသော တီထွင်ဖန်တီးမှုများကို မကြာ သေးမီက နှစ်ရက်ကြာကျင်းပခဲ့သော Thailand Innovation Hubs 4.0 အခမ်းအနားတွင် ပြသခဲ့သည်။

အဆိုပါအခမ်းအနားတွင် လယ်ယာစိုက်ပျိုးရေးနှင့် အစားအစာ၊ ဇီဝစွမ်းအင်၊ ခေတ်မီမြို့တော်၊ တီထွင် ဖန်တီးမှုစီးပွားရေးနှင့် သက်ကြီးရွယ်အိုများ များပြားလာသော လူ့အဖွဲ့အစည်း စသည့် တီထွင်ဆန်းစစ်မှုစသည့် ကဏ္ဍငါးခုကို အဓိကထား၍ ပြသခဲ့သည်။ ယင်းအခမ်းအနားတွင် ထိုင်းတက္ကသိုလ်အများအပြားက တီထွင်ဖန်တီးတည်ဆောက်ထားသော ရိုဘော့စက်ရုပ်များ၏ စွမ်းဆောင်ရည်များကို ပြသခဲ့သည်။

ထိုင်းနိုင်ငံ၏ စတုတ္ထစက်မှုတော်လှန်ရေးမူဝါဒ ဖြစ်သော Thailand 4.0 Policy နှင့်အညီ သုတေသန လုပ်ငန်းများကို ပေါင်းစည်းပြီး လူသားအရင်းအမြစ်နှင့် ပညာရေးပြုပြင်ပြောင်းလဲမှုကို ထိုင်းနိုင်ငံက ဆောင်ရွက်ရန်လိုကြောင်း Innovation Hubs စီမံကိန်း ၏ အကြီးအကဲ တွဲဖက်ပါမောက္ခ ပီရာပွန် တလ်ကာဆာကူက ပြောသည်။

“ထိုင်းတက္ကသိုလ်တွေရဲ့ တီထွင်ဆန်းသစ်မှု ဗဟိုဌာနတွေကို ထူထောင်ရာမှာ နိုင်ငံရဲ့ တီထွင်ဖန်တီး မှု ဖွံ့ဖြိုးရေး သုတေသနလုပ်ငန်းတွေကို အခြေပြုပြီး တည်ထောင်သွားမှာဖြစ်ပါတယ်”ဟု သူကပြောသည်။

ဤဗဟိုဌာနများကို အစိုးရ ပုဂ္ဂလိက ပူးပေါင်း ဆောင်ရွက်မှုပုံစံဖြင့် ဆောင်ရွက်ပြီး သုတေသနတွေ့ရှိချက်များကို အစွမ်းကုန် အသုံးပြုနိုင်ရန်၊ စီးပွားရေးအတွက် အသုံးချနိုင်အောင် အလားအလာရှိသည့် သုတေသန လုပ်ငန်းများဖြစ်စေရန်၊ လုပ်ငန်းသစ်များ ထူထောင်ရန်နှင့် ရှိရင်းစွဲ စီးပွားရေးလုပ်ငန်းများကို အဆင့်မြှင့်တင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သူက ပြောသည်။

အင်တာနက်နည်းပညာ (IT) ၏ ထိုးဖောက်ဝင်ရောက်မှုက ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်နေသည့်အတွက် လူအားလုံးနှင့် စီးပွားရေးလုပ်ငန်းများအားလုံးက အမှီလိုက်ရန်လိုကြောင်း ဒုတိယပညာရေးဝန်ကြီး အူဒူကာချင်တွန်က ပြောသည်။ တက္ကသိုလ်များက ပြောင်းလဲမှုများ မဆောင်ရွက်ပါက ကျောင်းသားများ ဘွဲ့ရချိန်တွင် အလုပ်အကိုင် ရနိုင်မည်မဟုတ်ကြောင်း သူက ပြောသည်။

**ဉာဏ်တင်**

# စင်ကာပူ ဖေ့စ်ဘွတ်ခ်သုံးသူ ၆၅၀၀၀ ကျော် ကိုယ်ရေးအချက်အလက် လုံခြုံမှု ချိုးဖောက်ခံရ

စင်ကာပူရှိ ဖေ့စ်ဘွတ်ခ်သုံးသူ ၆၅၀၀၀ ကျော်၏ ကိုယ်ရေးသတင်း အချက်အလက်များကို ဗြိတိန်နိုင်ငံရေး အတိုင်ပင်ခံလုပ်ငန်း Cambridge Analytica ၏ ‘မမှန်မကန်မျှဝေ’ (Impr-operty Shared) မှုဟု သတ်မှတ်ခြင်းကို ခံခဲ့ရကြောင်း မီဒီယာကြီးတစ်ခု၏ ပြောကြားချက်ကို တူဒေးအွန်လိုင်းသတင်းတွင် ဖော်ပြသည်။ ကမ္ဘာတစ်ဝန်း၌ သတင်းအချက်အလက် ပေါက်ကြားမှုဒဏ်ခံရသူ ဦးရေ ၈၇ သန်းရှိကြောင်း သတင်းများပေါ်ထွက်လာချိန်တွင် ယခုသတင်း ပေါ်ထွက်လာခြင်းဖြစ်သည်။

စင်ကာပူရှိလူ ၆၅၀၀၉ ဦးသည် မိမိတို့၏ ကိုယ်ရေးသတင်းအချက်အလက်များကို နိုင်ငံရေးအတိုင်ပင်ခံ အဖွဲ့တစ်ဖွဲ့က မမှန်မကန် မျှဝေခြင်းကို ခံခဲ့ရကြောင်း ဧပြီ ၅ ရက်က တူဒေးအွန်လိုင်းမှ စုံစမ်းမေးမြန်းချက်ကို ဖေ့စ် ဘွတ်ခ်က ပြန်လည်ဖြေကြားသည်။ သတင်းပေါက်ကြားမှုကြောင့် ထိခိုက်ခံရသူများ အများဆုံးမှာ အမေရိကန်ပြည်ထောင်စုမှ ဖြစ်ကြောင်း ဖေ့စ်ဘွတ်ခ်က ပြန်လည် ဖြေကြားသည်။

စည်းကမ်းကို ဖောက်ဖျက်၍ ကိုယ်ရေးအချက်အလက်ကို ရယူသူများသည် ဖေ့စ်ဘွတ်ခ် ပလက်ဖောင်းတွင်ရှိသော Search Tools များကို အသုံးပြု၍ သတင်းအချက်အလက်ကို ရယူခြင်းဖြစ်ကြောင်းနှင့် ယင်းတို့ကို အသုံးပြုခြင်းဖြင့် ကမ္ဘာတစ်ဝန်းရှိ ဖေ့စ်ဘွတ်ခ် အသုံးပြုသူ နှစ်ဘီလီယံ၏ သတင်းအချက် အလက်တွေ ရှာဖွေဖော်ထုတ်၍ စုဆောင်းခဲ့ခြင်းဖြစ်နိုင်ကြောင်း ဧပြီလ ၅ ရက်တွင် ဖေ့စ်ဘွတ်ခ်က ပြောသည်။

သတင်းအချက်အလက် ပေါက်ကြားသည့်အတွက် ပြစ်တင်ပြောဆိုမှုကို ကုမ္ပဏီ၏ အမှုဆောင်အရာရှိဇူကာဘတ်က လက်ခံခဲ့သော်လည်း ဤကဲ့သို့ သတင်းပေါက်ကြားမှုကြောင့် ဖေ့စ်ဘွတ်ခ်ကို အကျိုးပြုသော ဂယက်ရိုက်ခတ်မှုမျိုး မရှိခဲ့ကြောင်း သူက ဆက်လက် ပြောကြားသည်။

ဖေ့စ်ဘွတ်ခ် အသုံးပြုသူများ၏ သတင်းအချက်အလက် လုံခြုံအောင် ကာကွယ်နိုင်ရေးအတွက် အပြောင်းအလဲများကို ဆောင်ရွက်နေကြောင်း ဖေ့စ်ဘွတ်ခ်က ပြောကြားသည်။

**ဉာဏ်တင်**



CB BANK

# International Trade Services

## သွင်းကုန်လုပ်ငန်း

- ပြည်တွင်းသွင်းကုန် ငွေလွှဲစာတမ်းများ ဖွင့်လှစ်ခြင်း။
- သွင်းကုန် ငွေလွှဲစာတမ်းပြင်ဆင်ခြင်း။
- သွင်းကုန် ငွေလွှဲစာတမ်းအတွက် ငွေပေးချေခြင်း။
- ပြည်တွင်းငွေလွှဲစာတမ်း ဖွင့်လှစ်ခြင်း၊ ယုံကြည်မှုဖြင့် ဝယ်ယူထားသော ကုန်ပစ္စည်းအား ထုတ်ပေး၍ ယာယီ ချေးငွေဖြင့် ငွေပေးချေခြင်း။
- ကောက်ခံရေးစနစ်ဖြင့်ရောက်ရှိလာသောသွင်းကုန်ပစ္စည်းဖိုးအား ပေးချေခြင်း။
- သင်္ဘောတင်စာရွက်စာတမ်း အာမခံထုတ်ပေးသော ဝန်ဆောင်မှု။

## ပို့ကုန်လုပ်ငန်း

- ပို့ကုန်ငွေလွှဲစာတမ်း ဝန်ဆောင်မှု။
- ပို့ကုန်ရငွေအား ကောက်ခံပေးခြင်း (ငွေလွှဲစာတမ်းစနစ်)။
- ပို့ကုန်ရငွေအား ကောက်ခံပေးခြင်း (ကောက်ခံရေးစနစ်)။
- ငွေလွှဲစာတမ်းဖြင့် ပြုလုပ်ထားသော ကုန်တင်ပို့သည့် စာရွက်စာတမ်း အထောက်အထားပေါ်တွင် ငွေကြိုတင် ထုတ်ပေးခြင်း။

## Export Financing

- သင်္ဘောမတင်မီ ချေးငွေထုတ်ယူခြင်း။
  (၁) သင်္ဘောမတင်မီ ကုန်ပစ္စည်း ဝယ်ယူထုတ်လုပ်ရန် ကြိုတင်ချေးငွေ ထုတ်ပေးခြင်း။
- သင်္ဘောတင်ပြီး ကြိုတင်ငွေထုတ်ယူခြင်း။
  (၁) ကုန်တန်ဘိုးငွေတောင်းခံလွှာပေါ်တွင် ချေးငွေထုတ်ပေးခြင်း။
  (၂) ဆိုင်းငံ့ကာလဖြင့် အသုံးပြုထားသော ထုတ်ကုန်ငွေလွှဲစာတမ်း ပေါ်တွင် သင်္ဘောတင်စာရွက်စာတမ်း အထောက်အထားများ ဝယ်ယူခြင်း။
  (၃) DP စနစ်ဖြင့် ကုန်ပစ္စည်းတင်ပို့ သော စာရွက်စာတမ်းများ ဝယ်ယူခြင်း။

## International Funds Transfer (T.T.)

- ပြည်ပမှ လွှဲပို့ငွေများအား Customer ၏ စာရင်းသို့ ထည့်သွင်းပေးခြင်း။
- ပြည်ပသို့ Customer ၏ နိုင်ငံခြားငွေစာရင်းမှ ငွေကို ငွေလွှဲပေးပို့ခြင်း။

## Bank Guarantee

- Standby Letter of Credit ဖွင့်လှစ်ခြင်း နှင့် ပြင်ဆင်ခြင်း။
- Standby letter of Credit အကြောင်းကြားခြင်း နှင့် ပြင်ဆင်ချက်များအား အကြောင်းကြားပေးခြင်း။
  (e.g. Bid Bond Guarantee, Performance Guarantee, Payment Guarantee, Warranty Guarantee)

Best Structured Trade Finance in Myanmar Award 2017 (The Asset Triple A)

Best Trade Finance in Myanmar Award 2017 (Asian Banking and Finance)

Call Centre : (+951) 231 7770

Hotline :

(+951) 378 644 - Trade (Import/ Export)
(+951) 378 643 - Outward Remittance
(+951) 378 645 - Inward Remittance

www.cbbank.com.mm CBBankmyanmar

trade.dept@cbbank.com.mm


Type Test Accredited by . . .
KERI DEKRA tecnalia
Asia General Holding Co., Ltd.
Key To Smart Power
HV / MV / LV
ONE - STOP SOLUTION
" Manufacturing, Engineering & Installation Service for Industrial, High Rise Building, Substation & Others "
Asia General Transformer Co.,ltd manufacture Power Transformer with Mitsubishi (Japan) Technology.
" Wishing You & New Year filled with new hope, New Joy & New Beginning "
160 kVA, 11/0.4 kV, NLTC -7
Pad Mounted Transformer
200 kVA, 11/0.4 kV, NLTC -7
Pole Mounted Transformer
(100MVA, 230/66/11 kV)
Power Transformer
315 kVA, 11/0.4 kV, NLTC -7 Tap
(Aluminium winding Type)
1000 kVA,11-6.6/0.4 kV,
OLTC - 9
Asia General Electric Co.,ltd manufacture Medium & Low voltage Switchgear with both Mitsubishi (Japan) and ABB (Italy) Technologies.
CE & QE Panel
11kV Load Break Switch Panel
Package Substation
kWh Meter Panel
Main Distribution Board
Yangon Address - No. 501/503, Pyay Road, Kamaryut Township, Yangon, Myanmar.
Tel : (951) 2304273 / (951) 2304275 Fax: (951) 2304274/ (959) 8611036 / (959) 261009595 / (959) 456437337
Mandalay Address - No.(901), 78 Rd.(Ygn - Mdy) Rd. Theik Pan St & University St, Mahar Aung Myae Tsp, Mandalay, Myanmar.
Tel : (+95) 9 762 005700, 9 772005700
Email - sales.agh@agholding.com, commercial.agh@agholding.com, https://www.facebook.com / AsiaGeneralHolding
Website - www.agholding.com

# COMMERCE INTERNATIONAL

# အမေရိကန်ပြည်ထောင်စုကို လက်တုံ့ပြန်ရန် တောင်ကိုရီးယားက အကောက်ခွန်ပြဋ္ဌာန်းမည်

အမေရိကန် ပြည်ထောင်စုက တောင်ကိုရီးယား အဝတ်လျှော်စက်နှင့် နေစွမ်းအင်သုံးထုတ်ကုန်များပေါ်တွင် သွင်းကုန်ခွန်ကောက်ခံသည်ကို လက်တုံ့ပြန်သည့်အနေဖြင့် အမေရိကန်ပြည်ထောင်စုမှ တင်သွင်းသောကုန်ပစ္စည်းများအား သွင်းကုန်ခွန်ကောက်ခံရန် တောင်ကိုရီးယားက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ကုန်သွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်ကို ယွန်းဟပ်နယူးစ်သတင်းတွင်ဖော်ပြသည်။



နေအိမ်သုံး အဝတ်လျှော်စက်ကြီးများနှင့် နေစွမ်းအင်သုံးထုတ်ကုန်များအပေါ်တွင် အမေရိကန်ပြည်ထောင်စုက အကာအကွယ်ပေးရေးအကောက်ခွန် ကောက်ခံခဲ့သည့်ပမာဏနှင့်ညီမျှသော အကောက်ခွန်ကို တောင်ကိုရီးယားနိုင်ငံက တိုးချဲ့ကောက်ခံခွင့်ပြုရန် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကို အကြောင်းကြားထားကြောင်း ကုန်သွယ်ရေးစက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာနက ပြောသည်။

အမေရိကန် ကုမ္ပဏီများအား အကာအကွယ်ပေးရန် ရည်ရွယ်၍ ကောက်ခံသော အမေရိကန်အကောက်ခွန်တန်ဖိုးမှာ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ဘီလီယံ ၄၈၀ ရှိမည်ဖြစ်သည့်အတွက် တောင်ကိုရီးယားနိုင်ငံကလည်း တောင်ကိုရီးယားကုမ္ပဏီများ ဆုံးရှုံးသည့်ငွေကြေးနှင့်ညီမျှသော အကောက်ခွန်ကို ကောက်ခံရမည်ဖြစ်ကြောင်း ဝန်ကြီးဌာနကပြောသည်။

"ဖေဖော်ဝါရီက ကျင်းပခဲ့တဲ့နှစ်နိုင်ငံ အပြန်အလှန်ညှိနှိုင်းဆွေးနွေးပွဲမှာ အမေရိကန်ပြည်ထောင်စုရဲ့ အကာအကွယ်ပေးရေး အကောက်ခွန်က WTO စည်းမျဉ်းစည်းကမ်းတွေကို ဖောက်ဖျက်တဲ့အတွက် တောင်ကိုရီးယားကုမ္ပဏီတွေရဲ့ ဆုံးရှုံးမှုနဲ့ ညီမျှတဲ့ငွေကြေးကိုပြန်လည်ပေးဆပ်ရမယ်လို့ ညှိနှိုင်းခဲ့ကြပါတယ်။ ဒါပေမယ့် နှစ်ဖက်သဘောတူညီမှုမရခဲ့ပါဘူး" ဟု ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ဖေဖော်ဝါရီကစတင်ကျင့်သုံးခဲ့သော အကျိုးစီးပွားကာကွယ်ရေး အစီအမံများအရ အမေရိကန်နိုင်ငံသို့ တင်သွင်းသော တောင်ကိုရီးယား အဝတ်လျှော်စက်များအပေါ်သို့ ၁ ဒသမ ၂ သန်းမကျော်ပါက ပထမနှစ်တွင် ၂၀ ရာခိုင်နှုန်း ကောက်ခံပြီး ထိုအရေအတွက်ကိုကျော်လွန်ပါက ၅၀ ရာခိုင်နှုန်းကောက်ခံမည်ဖြစ်သည်။ ဆိုလာဆဲလ်များနှင့် ဆိုလာမိုဂျူးများအတွက်ကိုမူ ပထမနှစ်တွင် ၂ ဒသမ ၅ ဂီဂါဝပ်ကျော်လွန်ပါက သွင်းကုန်ခွန် ၃၀ ရာခိုင်နှုန်း ကောက်ခံလျက်ရှိကြောင်း သိရသည်။

**ဉာဏ်တင်**


## တောင်သူများအတွက် မာလာမြိုင်

မြန်မာ့နှစ်သစ်ကူး အခါသမယတွင် မြန်မာနိုင်ငံသူ၊ နိုင်ငံသားအပေါင်းတို့
စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့်
ပြည့်စုံပါစေကြောင်း......



MARLARMYAING PUBLIC COMPANY LTD.

An ISO 9001: 2008 Certified Organization

ကမာရွတ် – ကျွန်းတောလမ်းနှင့် နာနတ်တောလမ်းထောင့်၊ ကမာရွတ်မြို့နယ်။
ဖုန်း – ၀၉-၇၃၀ ၇၅၈ ၂၂၊ ၀၁-၂၃၀ ၄၂၄၇၊ ၀၁- ၅၀၄ ၆၁၂

ဗဟန်း – နတ်မောက်လမ်း၊ မြေပဒေသာကျွန်း(ဂျပန်သံရုံးရှေ့)၊ ဗဟန်းမြို့နယ်။
ဖုန်း – ၀၁-၅၄၄၆၀၈

ပြည် – အမှတ်(၁၂၉)၊ ကမ်းနားလမ်း၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ ပြည်မြို့။
ဖုန်း – ၀၉-၄၂၇၇၄၅၆၃၇

ပဲခူး – အမှတ်(၁၄၀) ပဲခူး-သနပ်ပင်လမ်း၊ ဟသ်ာကုန်းရပ်ကွက်၊ ပဲခူးမြို့။
ဖုန်း – ၀၉-၇၉၆ ၉၆၂ ၇၇၅